
www.burmeseclassic.com

# ညေး

# မာရ်နတ်အပျင်းပြေတီးဖို့စောင်း



BURMESE CLASSIC

NYAY

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | – ဦးဝင်းသူရလွင် (အိမ်တော်အသစ်စာပေ) |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | – ဦးစန်းမွန်အောင် (ငါတို့စာပေပုံနှိပ်တိုက်) |
| မျက်နှာဖုံးဒီဇိုင်း | – YèWintKyaw @ Yèlay |
| ပုံနှိပ်ခြင်း | – ပထမအကြိမ် (၂၀၁၄ ခုနှစ်၊ ဇွန်လ) |
| အုပ်ရေ | – ၁၀၀၀ |
| တန်ဖိုး | – ၁၅၀၀ ကျပ် |


ရေလေး ၏ ဆက်လက်ထွက်ရှိမည့်စာအုပ်များ

# ရေလေး

## မျောက်တစ်ကောင်ရေးတဲ့ဝတ္ထု

(လုံးချင်းဝတ္ထုသစ်)

(၁၂) အုပ်မြောက် အထူးထုတ်

# ရေလေး

## ကိုယ့်ဇာတ်လမ်းမှာ ကိုယ်သာဇာတ်လိုက်

(လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

# ဧည့်

မာရ်နတ်အပျင်းပြေတီးဗို့တောင်း

Eainmakathit
38. 3rd Fl . 153rd Lane,
Tamwe Tsp., Ygn.
Ph . 551403.09 730 53 703

www.burmeseclassic.com

www.burmeseclassic.com

ကောက်ရိုးတမျှင်ကို
ဓားမြှောင်တစ်လက်လို
မြည့်နေအောင် သွေးနိုင်တဲ့တစ်နေ့ကျမှ
ဖြစ်ခဲ့သမျှ
သင်းပုန်းချေကြတာပေါ့....။

အဲဒီည.....
ကောင်းကင်မှာ နက္ခတ်စုံစေရမယ်...။

www.burmeseclassic.com

www.burmeseclassic.com

## The Scream....(အော်သံ)

နှစ်ဆယ်ရာစုအနှောင်းပိုင်း လူသားတွေရဲ့ ကမောက်ထမအနိုင်ဆုံး ရူးသွပ်မှုတွေထဲက တစ်ခုကို ပြပါဆိုရင် The Scream (အော်သံ)လို့ အမည်ရတဲ့ ပန်းချီကားတစ်ချပ်ကို ဒေါ်လာသန်း ၁၂၀နဲ့ အရောင်းအဝယ်ဖြစ်သွားတဲ့ သတင်းကို အရင်ချပြရလိမ့်မည် ထင်သည်။

လူတစ်ယောက်က နားပိတ်ပြီး အော်နေသည်။

ပန်းချီကားတစ်ချပ်လုံး စုတ်ချက်ကြမ်းကြမ်းနှင့် အပူရောင် တောက်တောက်များများသုံးထားသည်။

ထို ပန်းချီကားကို သင်တို့သည်လည်း နီးစပ်ရာမှာ ရှာဖွေ ကြည့်ရှုနိုင်သလို အင်တာနက်ကတစ်ဆင့် The Scream သို့ ရိုက်နှိပ်ရှာဖွေ ကြည့်ရှုနိုင်ပါသည်။

အတ်ဗာဒ့်မန့်ချ်ရဲ့ ကမ္ဘာကျော်လက်ရာ···

ထို ပန်းချီကားကို ကြည့်ရှုနေစဉ် သင့်အတွက်လည်း

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားစရာတွေ ဖြစ်လာလိမ့်မည်။

အော်သံ…

ဘယ်သူက အော်တာလဲ…

ဘယ်ကလာတဲ့ အော်သံလဲ…

ပန်းချီကားထဲက နားနှစ်ဖက်ပိတ်ထားတဲ့ လူပိန်သေးလေးက အော်တာလား…။ ဒါမှမဟုတ် အဲဒီလူပိန်သေးလေးကပဲ အော်သံကို ကြားပြီး ထိတ်လန့်ခဲ့လေသလား…။

၁၈၉၅ ကတည်းက အတ်ဗာ့ဒ်မန့်ချ်သည် အော်သံနဲ့ ပတ်သက်ပြီး လူတွေကို Message ပေးချင်ခဲ့ပုံပေါ်သည်။

သူ ကိုယ်တိုင်လည်း လူသားကမ္ဘာကို ပဟေဠိတစ်ပုဒ်လို ရိုက်ခတ်ခဲ့တဲ့ အော်သံကို နှစ်တစ်ရာလောက် စောပြီး ကြားခဲ့မိပုံ ပေါ်ပါသည်။

♻ ♻ ♻

**သမိုင်းဘာသာရပ်နဲ့ မကင်းနိုင်ကြတဲ့ ကျောင်းသူ၊ ကျောင်းသားတိုင်း အတန်းတင်စာမေးပွဲအောင်မြင်ရန် တတိယကမ္ဘာစစ်အကြောင်း ကျက်ဖို့ ပြင်ထားကြပါ…**

BURMESE CLASSIC

သတင်းစာများ ဖတ်ရင်းနှင့် ဖိုင်းမျက်မှောင်ကျုံ့တ်ကာ စဉ်းစားနေမိသည်။

၂၁ရာစုဟာ ကမ္ဘာကြီးရဲ့ ရယ်စရာအကောင်းဆုံး အချိန်ကာလတစ်ခုဆီကို ဦးဆောင်ခေါ်ယူ နေပြီလား…။

သင်တို့လည်း ကမ္ဘာ့အရေးကို စိတ်ဝင်စားပါက လက်ရှိ သတင်းများကို ကြားရပေလိမ့်မည်…

ဖိအားတွေ ကြားထဲကနေ မြောက်ကိုရီးယားက နျူကလီးယားဒုံးကျည်များ စမ်းသပ်သည်။

အမေရိကန် ပွဲကြီးက ဒုံးကျည်အန္တရာယ် ကြိုတင်ခန့် မှန်းနိုင်သည့် X-Band ရေဒါကို ဂျပန်နိုင်ငံသို့ မျက်နှာလုပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တပ်ဆင်ပေးလိုက်သည်။

သူ့ပိုက်နက် ရေပြင်အတွင်း ရုရှားစစ်သင်္ဘောတစ်စင်း တစ်လတိတိ သိုသိပ်စွာလျှို့ဝှက် ကင်းလှည့်သွားခြင်းကိုတော့ မသိလိုက် (ဒီတစ်ချီတော့ ငပွကြီး ခံလိုက်ရသည်)

ငပွကြီး တင်းသွားသည် ထင်သည်။ B-2A အဆင့်မြင့် ကိုယ်ယောင်ဖျောက် လေယာဉ်ပျံကို တီထွင်ပြန်သည်။ (ထို လေယာဉ်ပျံမှာ ဓာတ်ရုံရေဒါနှင့် ခြေရာခံ၍ မရနိုင်)

တဖန် ကိုယ်ယောင်ဖျောက် လေယာဉ်တီထွင်ပြီးပြန် တော့လည်း သူ့ခမျာ အေးအေးလူလူမနေသာပြန်...။ ထို ကိုယ်ယောင်ဖျောက်လေယာဉ်ပျံများကို ခြေရာခံနိုင်သည့် ကွမ်တန်ရေဒါနည်းပညာကို တစ်ဆင့်မြင့်ပြီး တီထွင်ရပြန်သည်။

ဇေ့ဇေ့တွေးကြည့်လျှင် ရယ်စရာတော့ အတော်ကောင်းသည်။

တိုက်ခိုက်ရေးလက်နက် တီထွင်လိုက်၊ ကာကွယ်ရေး ကိရိယာဖန်တီးလိုက်၊ ထို ကာကွယ်ရေးကိရိယာကို ဖြိုခွင်းနိုင်သည့် အဆင့်မြင့်တိုက်ခိုက်ရေး လက်နက်တန်ပြန်တီထွင်လိုက်၊ ထိုတန်ပြန်တိုက်ခိုက်ရေး အဆင့်မြင့်လက်နက်ကို ကာကွယ်နိုင်သည့် အဆင့်မြင့် တန်ပြန်ကာကွယ်ရေးကိရိယာ တီထွင်လိုက်နှင့်ကျွန်ုပ်တို့အားလုံး မှုန်လုံးစက္ကူကြပ်လာကြသည်မှာ နှစ်ပေါင်းနှစ်ထောင်ကျော်လာခဲ့လေပြီ။

မည်သူမျှ နောင်တမရကြသေး။ မည်သူမျှ ကိုယ်အရှိန်မသပ်နိုင်ကြသေးပေ။



တိုက်ခိုက်ရေး၊ ကာကွယ်ရေး၊ လက်နက်များ ဖန်တီး တီထွင်နေရသည်နှင့် လူသားအရင်းအမြစ်နှင့် ငွေကြေးဘတ်ဂျက်မှာ သန်းနဲ့ချီ ဆုံးရှုံးနေပေသည်။

တကယ့်တကယ်ဆိုရင် တိုက်ခိုက်ရေးအတွက် လောက်စလုံးနှင့်လောက်လေးခွ၊ ကာကွယ်ရေးအတွက် သံခမောက်တို့ တီထွင်လိုက်ရုံလောက်နှင့်သာ တင်းတိမ်ကျေနပ်ပြီး တခြားစူးစမ်းလေ့လာရေးများအတွက် ပိုမိုအားထည့်ဆောင်ရွက်ခဲ့နိုင်မည်ဆိုလျှင်...။

ယခုလောက်ဆို ကျွန်ုပ်တို့သည် အခြားဂြိုဟ်များ၊ အခြားစကြာဝဠာများသို့ပင် ခြေဆန့်နေထိုင်နိုင်လောက်ပြီ...။

ကျောင်းသူ၊ ကျောင်းသားများ စာအကျက်ပျင်းကြောင်း သင်တို့ကို သိစေလိုပါသည်။

ကျေးဇူးပြုပြီး လူကြီးမင်းများအနေနှင့် ကမ္ဘာ့သမိုင်းတွင် တတိယကမ္ဘာစစ်အကြောင်း ကျက်မှတ်လေ့လာဖို့ အခန်းတစ်ခန်း တိုးမလာစေရန် တာဝန်ယူပေးကြပါ။

www.burmeseclassic.com

www.burmeseclassic.com

## မနေ့က တကယ် ကမ္ဘာပျက်ခဲ့ပါသလား?

ရင်သပ်ရှုမောဖွယ်ရာများကို တင်ဆောင်ရင်း ၂၀၁၂ နှစ်သည် တအိအိမောင်းနှင်ခဲ့ပါသည်။

ကမ္ဘာ့နောက်ဆုံးနေ့လို့ သတ်မှတ်ထားတဲ့ ၂၀၁၂ ဒီဇင်ဘာ ၂၁ရက်နေ့အတွက် လူသားများ၏ ပြင်ဆင်မှုများသည်လည်း အမျိုးမျိုးအဖုံဖုံပင်...။

ဩစတြေးလျ ဝန်ကြီးချုပ်က ထိုနေ့မှာ ကိုရီးယားသီချင်း အေးအေးလေးနားထောင်ရင်း ဖြတ်သန်းခဲ့သည်ဟု ဆိုသည်။

လျှူကွီယန်ဆိုတဲ့ တရုတ်အမျိုးသားတစ်ယောက်ကတော့ ရေ၊ အစားအစာ၊ အောက်ဆီဂျင်ဘူးတွေ တင်နိုင်ပြီး လူ၁၄ယောက်သုံးဆယ်၊ နှစ်လအထိ အသက်ရှင်အောင်ကာကွယ်ပေးနိုင်တဲ့ ဧရာမအသက်ကယ်ဘောလုံးကြီးဆောက်ပြီး အဲဒီအထဲ ဝင်ပုန်းခဲ့သည်။



သူ့ဘောလုံးက တောင်၊ မြောက်ဝင်ရိုးစွန်းလို အအေးဒဏ်ကို ကာလကြာရှည်ခံနိုင်ပြီး ပေ ၃၃၀ကျော် လှိုင်းလုံးဒဏ်ကိုပါ ခံနိုင်ရည်ရှိတယ် ဆိုပဲ..။

လူတွေဟာ ဒီဇင်ဘာ ၂၁ရက်နေ့ကို စိုးထိတ်စွာဖြတ်သန်းနေကြချိန်မှာပဲ ကမ္ဘာ့တစ်နေရာမှာတော့ ကောင်လေးနဲ့ ကောင်မလေးနှစ်ယောက်ဟာ တိုးတိတ်ငြိမ်သက်စွာ ချစ်သူတွေဖြစ်ခဲ့ကြပါသည်။

ထိုနေ့က ရာသီဥတု ကြည်လင်ပြီး နေသာသည်။

မြက်ခင်းများမှာ စိမ်းစိုပြန့်ပြူးနေပြီး ဆိုက်ပရပ်(စ်)က တိုက်ခတ်လာသည်ဟု ထင်ရသည့် လေအေးအေးလေးများအောက်မှာ တောပန်းတချို့ ယိမ်းနွဲ့ကခုန်နေလေသည်။

တောင်ကုန်းမို့မို့လေးပေါ်က ခုံတန်းလျားလေးတစ်ခုမှာတော့ နိုင်းနှင့်ဆိုက်ချီတို့ ငြိမ်သက်စွာထိုင်နေကြပြီး ပြာလွင်လွင် ကောင်းကင်ကြီးကို ငေးကြည့်နေကြသည်။

ဒါဟာ ရည်စားဖြစ်ဖို့ ဆယ့်ငါးမိနစ်ခန့်အလို...ဟု နိုင်းက တွေးထားသည်။

"ဘယ်လိုလဲ နိုင်း...ဒီနေ့ တကယ်ကမ္ဘာပျက်မှာလား ထင်.."

ဆိုက်ချီမေးတော့ သူက ဆောင်းခိုငှက်များ ပျံသန်းနေကြသည်ကို ကြည့်ရင်း ပခုံးတစ်ချက်တွန့်လိုက်ကာ...

"တို့တော့ မထင်ဘူး။ ဟိုမှာ ပျံလွှားလေးတွေ ပျံနေတာကို ကြည့်ပါလား။ သူတို့တစ်ကောင်မှ ကြောက်မနေကြဘူး။

www.burmeseclassic.com

www.burmeseclassic.com



တချို့ ပထဝီသဘောတရားတွေကို လူတွေထက် တိရစ္ဆာန်တွေက ပို နားလည်ကြတယ်လေ…။ သူတို့ကို အကဲခတ်ပြီး လက်ငင်း အခြေအနေတွေကို အကဲဖြတ်လို့ရတယ်…။ သေချာတယ်…။ ဒီနေ့ ကမ္ဘာမပျက်ပါဘူး…”

“တကယ်လို့များ အခု ကမ္ဘာ ထ,ပျက်ပြီဟေ့ဆို ကျွန်မတို့ ဘာအရင် စ,လုပ်သင့်သလဲ…”

“အနီးကပ်ဆုံးမှာ ရှိနေတဲ့ လူသားတစ်ယောက်ကို တင်းတင်းကျပ်ကျပ် ဖက်ပြီး မျက်လုံးမှိတ်ထားလိုက်တာ အကောင်းဆုံးပဲ…”

ဟာ…ဟာ။

သူ့စကားကြောင့် ဆိုက်ချီမှာ နှုတ်ခမ်းကိုက်ရင်း ပြုံးသွားသည်။

ဆိုက်ချီ…။

ဘာသီနမ် တက္ကသိုလ်ကြီးရဲ့ အမွှေးပျံ့ဆုံး နှင်းဆီပန်းကလေးတစ်ပွင့်…။ တနည်း…ဘာသီနမ်တက္ကသိုလ်ကြီးရဲ့ အထက်မြက်ဆုံး ရူပဗေဒဆရာကြီး ပါမောက္ခအန်ဒီလန်၏ ချစ်စဖွယ်သော သမီး ကလေး…။

ဖိုင်းကတော့ ရူပဗေဒမေဂျာမှာ အညတရ ကျောင်းသား လေးတစ်ယောက်ပါ။ မွှေးပျံ့တဲ့ နှင်းဆီပွင့်ကလေးနဲ့ တစ်ခန်းတည်း ပညာအတူသင်ရင်းကနေ တခြားကျောင်းသားများနည်းတူ သူပါရောပြီး နှင်းဆီအဆိပ်တက်နေရသူ…

သူများထက် သူပို ကံကောင်းလိမ့်မည်ဟု ထင်ပါ



သည်။

ဒီနေ့ နှင်းဆီပွင့်ကလေးဆီက Yes or No တိကျတဲ့ အဖြေတစ်ခုကို သူရတော့မည်။

“အမှတ်တရ ဖြစ်သွားအောင်လို့ပေါ့…။ ကမ္ဘာပျက်မယ့်နေ့မှာ ကျွန်မရှင့်ကို အဖြေပေးမယ် ဖိုင်း…”

ဂေဟာစနစ် ထိန်းသိမ်းကာကွယ်ရေးနေ့က သူမအဲလို ပြောခဲ့ဖူးသည်။ အမှတ်တရ ဖြစ်သွားအောင်ထက် သူ့ကို သူမ ပိုအချိန်ဆွဲချင်လို့ပဲ ဖြစ်မှာပါ…။

ကမ္ဘာပျက်မယ့်နေ့ကို လူအများက ရောက်မှာကြောက်နေကြပြီး သူ့မှာတော့ မြန်မြန်ရောက်ချင်ကြောင်း ဘုရားထံ ဆုတောင်းနေရတော့သည်…။

“ဒီနေ့ ကမ္ဘာပျက်မှာ မဟုတ်ဘူး…။ ဖိုင်း ပြောတာ မှန်တယ်။ ပျံနေတဲ့ ပျံလွှားလေးတွေပျော်နေကြပုံ ရတယ်…”

“ဟုတ်တယ်…။ သူတို့ ပျော်နေကြတာဟာ သူတို့ ချစ်သူတွေဆီကလည်း သူတို့လိုချင်တဲ့ အဖြေရခဲ့ကြလို့ ဖြစ်မယ်…”

ဆိုက်ချီက ပြုံးရင်း ခေါင်းငုံ့သွားသည်။

နောက်တော့မှ….။

“ကျွန်မ သတိမမေ့တတ်ပါဘူး…”လို့ ညင်သာ တိုးတိတ်စွာ ပြော၏။

ရင်တွေ ခုန်လိုက်တာ ကောင်မလေးရယ်။

နီးနီးကပ်ကပ်မှာ ရှိနေတဲ့ သူမလက်ခုံကလေးကို မရဲ

www.burmeseclassic.com

www.burmeseclassic.com



တရဲလေး ဆုပ်ကိုင်ရင်း သူ့နားတစ်ဖက်ကို သူမနှုတ်ခမ်းလေးနား တိုးကပ်ပေးလိုက်သည်။

"နိုင်းကို ကျွန်မ ချစ်တယ်..."

သေချာတယ်။

ဒီနေ့အတွက် ကိုရီးယား သီချင်းလည်း နားထောင်စရာ မလိုဘူး...။

အသက်ကယ်ဘောလုံးကြီးထဲလည်း ဝင်ပုန်းစရာ မလိုတော့ဘူး...။

ဒီစကားလေးတစ်ခွန်းနဲ့တင် သူ ကယ်တင်ခြင်းခံလိုက်ရပြီ...။

## မနေ့က ကမ္ဘာပျက်ခဲ့ပါသလား?

၂၀၁၂ ဒီဇင်ဘာ ၂၂ ရက်နေ့မှာတော့ ကမ္ဘာ့နဲ့အဝှမ်း "မနေ့က ကမ္ဘာပျက်ခဲ့ပါသလား"ဆိုတဲ့ ခေါင်းစဉ်နဲ့ သ ဆောင်းပါးတွေ ဝေဝေဆာဆာထွက်ရှိလာသည်။

သူကတော့ နေ့စဉ်မှတ်တမ်းထဲမှာ ယခုကဲ့သို့ ရေး ...။

ဟင့်အင်း...။

မနေ့က ကမ္ဘာမပျက်ခဲ့ပါဘူး...။

စိတ်လည်း မပျက်ဘူး...

ဘိုင်လည်း မပျက်ဘူး...

www.burmeseclassic.com

www.burmeseclassic.com



မီးတောင် မပျက်ဘူးဗျာ....

အဲ..အိပ်ရေးတော့ နည်းနည်းပျက်တယ်ဗျ....

ဒီလိုပါ...

အဲဒီနေ့မှာပဲ ကျွန်တော် ဆိုက်ချိန်နဲ့ချစ်သူတွေ ဖြစ်ခဲ့ကြ ပြီး ဘယ်နှစ်ကြိမ်မြောက် နမ်းမိမှန်းမသိတဲ့ အနမ်းတွေကို ညမ အိပ်ခင် ပြန်စဉ်းစားမိလို့ပါ...။

အဟဲ...

မနေ့က ကမ္ဘာမပျက်ခဲ့ပါဘူး...

အိပ်ရေးပဲ ပျက်ခဲ့တယ်...။

♻

**ပြဿနာက ခေတ်သစ်ကမ္ဘာဦးနေ့ရဲ့ ညဥ့်သန်း ခေါင်ယံက စခဲ့တယ်...။**

**(သို့မဟုတ်...)**

# The hum ....(အော်သံ)

မှတ်မှတ်ရရ ၂၀၁၂ ဒီဇင်ဘာ ၂၂ ရက်နေ့ ညဥ့်သန်း ခေါင်ယံ၌၊ အိပ်မောကျနေရင်းမှ ဖိုင်းဖျုတ်ကနဲ နိုးလာသည်။

ခပ်သဲ့သဲ့ကလာတဲ့ အော်သံတိုးတိုးလေးကြောင့် သူ ဖျတ်ကနဲ နိုးလာရခြင်းဖြစ်၏။

ဖိုင်းတို့ နေအိမ်မှာ အုတ်တံတိုင်းခတ်ထားခြင်းမျိုး မဟုတ်ဘဲ၊ ဂျာမနီချုံပုတ်၊ ကြံ့စာပင်၊ တောင်နေကြာနှင့် အမေ ရိုးထန်မြက်ရိုင်းပင်များ ရောယှက်ကာ သဘာဝအတိုင်း ခြံစည်း ရိုးခတ်ထားသည်မို့ ငှက်တော်တော်များများ ခြံစည်းရိုးထဲ အိပ် တန်းဝင်လေ့ရှိသည်။

ငှက်တွေရဲ့ ထူးထူးဆန်းဆန်း အော်သံများကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ညအခါများ၌ ဖိုင်းကြားရတတ်သည်။

အခု အော်သံကရော…။ ငှက်တစ်ကောင် ခြံစည်းရိုး ထဲက အော်နေတာလား။ အသံက ခပ်တိုးတိုး…။ သို့သော် ထပ်လည်း တိုးမသွား၊ ထပ်လည်း ကျယ်မလာ…။ ပုံမှန်လေး အဆက်မပြတ် ထွက်နေသည်။

ဖိုင်း မျက်မှောင်ကြုတ်ရင်း စဉ်းစားနေမိသည်။

လူတစ်ယောက် အိပ်မောကျနေရင်းမှ လန့်နိုးစေခဲ့တဲ့ အော်သံသဲ့သဲ့က ဘယ်က မြည်နေတာလဲ…။

အချိန်က တစ်ယောက်တည်း ခြံထဲ မဆင်းသင့်တော့ သော သန်းခေါင်သန်းလွဲအချိန်…။ သို့သော် အော်သံကလည်း ဖိုင်းကို ညို့ငင်ခေါ်ယူနေသလို ဖြစ်နေသည်။

ခြုံထားတဲ့ စောင်ထူထူကို ဆွဲခွာလိုက်ကာ လက်နှိပ် ဓာတ်မီးနှင့်လက်ကိုင်ဖုန်းတစ်လုံးယူရင်း စစ်ဂျာကင်ရှည်တ ထည်ဝတ်ဆင်ပြီး အိပ်ခန်းထဲက သူထွက်လာခဲ့သည်။

မိဘများ၏ အခန်းရှေ့က ဖြတ်တော့ ဖေဖေ၊ မေမေ တို့ဆီက ဟောက်သံသဲ့သဲ့ကို ကြားနေရသည်။

ဒါဆို လူတိုင်းနီးပါးတော့ ဒီအော်သံကို သတိမထာ မိဘူးပေါ့…။

ဧည့်ခန်းတံခါးများကို အသံမမြည်အောင် ဆွဲဖွင့်ရင် သူခြံထဲဆင်းခဲ့တော့ အော်သံသဲ့သဲ့က ထုံးစံအတိုင်း မနီးလွှ မဝေးလွန်း အနေအထားအတိုင်း ရှိနေသည်။

"ဖျတ်…ဖျတ်…ဖျတ်…ဖျတ်…"



ဆောရီး…ဆောရီး…။

အိပ်နေကြတာ အနှောင့်အယှက်ဖြစ်ကုန်ပြီနဲ့တူတယ်။

လက်နှိပ်ဓာတ်မီးအလင်းရောင်ကြောင့် ခြံစည်းရိုးထဲ မှာ အိပ်နေကြတဲ့ ငှက်တွေ လှုပ်လှုပ်ရှားရှားဖြစ်နေစဉ် သူ့ဆီ ဖုန်းဝင်လာသည်။

ဟင်…ဆိုက်ချို…။

အချိန်မတော်ကြီး လှမ်းဆက်ပုံထောက်တော့ အ ကြောင်းကိစ္စတစ်ခုခု ရှိပြီနဲ့တူပါရဲ့။

"ဆိုက်ချို…"

"ဖိုင်း…အိပ်နေတာ အနှောင့်အယှက်ဖြစ်သွားလား"

"ဟင့်အင်း…ကိုယ်နိုးနေတာ ကြာပြီ…"

"ဟင်…ဖိုင်း မအိပ်ရသေးဘူးလား.."

"မဟုတ်ဘူး…အော်သံတစ်ခုကြောင့် ကိုယ်နိုးလာတာ ဆိုက်ချို"

"အို…"

ဆိုက်ချို အံ့အားသင့်သွားပုံ ပေါ်သည်။ နောက်တော့မှ

"ကျွန်မလည်း အဲဒီအသံကြောင့် နိုးလာတာ ဖိုင်း…"

"ကိုယ်လည်း အဲဒီအသံကို ရှာမယ်ဆိုပြီး ခြံထဲဆင်း လာတာ။ နည်းနည်းတော့ ထူးဆန်းနေပြီ…။ အသံက ကျယ် လည်းမလာ၊ တိုးလည်း မသွားဘဲ ဘယ်နေရာကနေ ရပ်ပြီးနား ထောင် နားထောင် ဒီအတိုင်း တသမတ်တည်း ထွက်နေတယ်"

"ဟုတ်တယ်…။ ကျွန်မလည်း အမှတ်တမဲ့ကနေ တ

www.burmeseclassic.com

www.burmeseclassic.com



ဖြည်းဖြည်း သတိထားမိလာတာ။ ညဥ့်သန်းခေါင်ကြီးမှာ ထူး ထူးဆန်းဆန်း အသံကြီးနော်...”

“ဆိုက်ချို ဘယ်ကဆက်နေတာလဲ.. တစ်ယောက်တည်းလား...”

“အသံကို ရှာရင်း ရှာရင်းနဲ့ လေသာဆောင်ရောက်နေတာလေ။ တစ်ယောက်တည်း။ ဖေဖေတို့တော့ မနိုးကြဘူး..”

“ပြန်အိပ်လိုက်တော့နော်...ညဥ့်သန်းခေါင် မိန်းကလေးတစ်ယောက်တည်း အိမ်အပြင်ရောက်နေတာ မကောင်းဘူး”

“အင်းပါ ဖိုင်းရဲ့...လေသာဆောင်က အိမ်အပြင်တော့ မဟုတ်ပါဘူး..။ ဖိုင်းလည်း အိပ်တော့လေ။ ဖုန်းချလိုက်တော့မယ်နော်..”

“ဂွတ်နိုက် ဆိုက်ချို...။ အဲ..ခဏနေဦး..”

“အင်း..ပြောလေ...”

“ကိုယ်...မင်းကို အရမ်း...ချစ်..တယ်..”

“same with you နော်..အိုကေ...ဂွတ်နိုက်...”

မထင်မှတ်တဲ့အချိန်ကြီး ချစ်သူဆီက ဖုန်းဝင်လာတော့လည်း စုံထောက်ကြီး လုပ်နေရာကနေ စိတ်တွေက ကြည်နူးလာသည်။

အသံကိုလည်း ခဏမေ့သွားသည်။

အစာရှာထွက်လာသည့် ဇီးကွက်တစ်ကောင် သူ့နံနီးနီးလေးကနေ အတောင်တဖျတ်ဖျတ်ခတ်ရင်း သကြားသီးအပင်



ပေါ်တက်သွားပြီးနောက် သူလည်း အိမ်ထဲဝင်ခဲ့တော့သည်..။

ထိုအဖြစ်အပျက်အပြီး ရက်အနည်းငယ်ကြာတော့မှ ထိုအသံမှာ ကမ္ဘာကို ပဟေဠိတစ်ပုဒ်လို ရောက်ရှိခဲ့ပြီး၊ သိပ္ပံပညာရှင်များပင် တိကျရေရာသည့် အဖြေမထုတ်နိုင်သည့် “The hum” ဆိုသည့် အော်သံတစ်ခုဖြစ်ကြောင်း သူသိခဲ့ရသည်။

♻ ♻ ♻

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

တားမြစ်နယ်မြေ
တာဝန်မှအပ မည်သူမှ မဝင်ရ

အနီရောင်စာလုံးများနှင့် ရေးထားသည့် ကန့်သတ်နယ်မြေရှိရာဆီသို့ ခါတိုင်းထက် အနည်းငယ်ကျယ်လောင်သော ခြေနင်းသံနှင့် ပါမောက္ခ ဒေါက်တာအန်ဒီလန် လျှောက်လာသည်။

အဘိုးကြီး ဒီနေ့ အတော်လေးလည်း တင်းလာ၏။

"လူကြီး လူကောင်းမဆန်ဘူး။ ဒါဟာ ကတိဖောက်ဖျက်တာပဲ..."

သူ့ဘာသာ ခပ်တိုးတိုး ရေရွတ်ကျိန်ဆဲရင်း သံမဏိတံခါးရှေ့ ရပ်လိုက်ကာ နံဘေးက နံရံမှာ ကပ်ထားတဲ့ scanner စက်အသေးလေးရဲ့ ထိတွေ့မျက်နှာပြင်ပေါ် လက်မတစ်ချောင်းတင် လိုက်သည်။

ခပ်လွဲလွဲ အလင်းတန်းကလေးနဲ့အတူ scanner က



ဆရာကြီးရဲ့ လက်ဗွေရာကို scan ဖတ်ပြီးသည်နှင့် စေ့ပိတ်ထားသည့် သံမဏိတံခါးမှာ ညင်သာစွာပွင့်လာ၏။

"ကျွန်တော်တို့ သိပ်ပြီးနောက်ကျ ကျန်ရစ်ခဲ့လို့ မဖြစ်ဘူး။ အများ မိုးခါးရေသောက်နေတဲ့အချိန်မှာ ကျွန်တော်တို့လည်း မိုးခါးရေသောက်သင့်ရင် သောက်ရမှာပဲ..။ ဆရာကြီးတို့ဘက်ကလည်း အတတ်နိုင်ဆုံး နားလည်ပေးကြပါ။ ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်ပါ။ စီမံကိန်းက ရလာတဲ့ နောက်ဆုံးအစီရင်ခံစာတွေကို ကျွန်တော်တို့ဌာနကို အချိန်နဲ့တပြေးညီ သတင်းပို့နေပါ..."

ဗိုလ်ချုပ်ဟိုက်ဒင်ဟာ သူ့ရဲ့အမိန့်ကို ယဉ်ကျေးဖွယ်ရာ အသုံးအနှုန်းအနည်းငယ် နှမ်းဖြူးပြီး ကာကွယ်ရေးစစ်ရုံးချုပ်မှာ ပြုလုပ်သည့် အစည်းအဝေးမှာ ပြောခဲ့သည်။

ဆရာကြီးက အလွယ်တကူနှင့်လက်မခံချင်...။

"ဗိုလ်ချုပ်စဉ်းစားပါဦး...စီမံကိန်းရဲ့ ဦးတည်ချက်တွေ လုံးဝအံချော်နေပြီ...။ ဒီကိစ္စဟာ အိပ်ပျော်နေတဲ့ သေမင်းကို သွားနှိုးလိုက်တာနဲ့ အတူတူပဲ...။ ကမ္ဘာမြေကို ကယ်တင်ဖို့ လူသားတိုင်းမှာ တာဝန်ရှိတယ်။ အထူးသဖြင့် အာဏာရအဖွဲ့အစည်းနဲ့ ပညာရှင်တွေမှာပိုပြီး တာဝန်ရှိပါတယ်"

"ဒီလိုသာ လူတိုင်း တင်းတိမ်ရောင့်ရဲနေကြမယ်ဆိုရင်၊ ဒီလိုသာ လူတိုင်း သူတော်စင်ဆန်နေကြမယ်ဆိုရင် စစ်တလွှားသိုလ်တွေမှာ ဗိုလ်လောင်းလျှောက်လွှာတွေ ခေါ်မနေကြတော့ဘူး။ ခင်ဗျားတို့ ကျွန်တော်တို့တွေ လူငယ်တွေကို စစ်ရေး၊

www.burmeseclassic.com

www.burmeseclassic.com



ထွေးထွေးလေး ခြင်ခြင်ပေးနေစရာ မလိုတော့ဘူး။ ကမ္ဘာဟာ တည်း တော်ဖွေးကြီးနဲ့တဲ့ တော့ကမ္ဘာဖြစ်ကုန်မှာပဲ။ ပြီးခဲ့တဲ့ အောက်တိုဘာတုန်းက အနောက်ဖက် ကမ်းရိုးတန်းကို တိုက်ခတ်ခဲ့တဲ့ မုန်တိုင်းဟာ သိပ္ပံကမ္ဘာကို စိန်ခေါ်ပုတ်နိုးသွားတဲ့ မုန်တိုင်းပဲ…ဆရာကြီးတို့ သိပါတယ်‥"

ဝါခေါက္ခဒေါက်တာအန်ဒီလန် ဖြည်းညှင်းစွာ ခေါင်း ယမ်းလိုက်သည်။

ဗိုလ်ချုပ်ဟိုက်ဒင်နဲ့ စကားပြောလျှင် စိတ်ရှည်ရတော့ မည်ဖြစ်ကြောင်း သူသဘောပေါက်လိုက်သည်။

"အင်အားကြီးတဲ့ သဘာဝမုန်တိုင်းတစ်ခုပါ။ ဗိုလ်ချုပ် သံသယမဖြစ်ပါနဲ့…"

"သေချာရဲ့လား…။ ကျွန်တော်ကတော့ Frankenstorm (ရှားပါးမျိုးစပ်မုန်တိုင်း)လို့ သံသယရှိနေမိတယ်။ ပွဲလန့်တုန်း ဖျာခင်းဖို့ နားလှည့်ပြီး ပါးရိုက်သွားတဲ့ သိပ္ပံမုန်တိုင်းအတုကြီး။ ကဲပါ…ဆရာကြီးတို့ ဒီအသံတွေ နားမထောင်ချင်ဘူးဆိုတာ ကျွန်တော် ကိုယ်ချင်းစာပါတယ်။ ကျွန်တော် ထပ်ပြီး အတည်ပြုပြောကြားချင်တယ်။ ကျွန်တော်တို့ရဲ့ သုတေသန လုပ်ငန်းကို နောက်ပြန်မလှည့်ဖို့နဲ့ ရပ်တန့်မပစ်ဖို့ ကျွန်တော်လေးလေးနက်နက်မှာကြားချင်တယ်…။ ဆရာကြီးတို့ဘက်က လိုအပ်ချက်မှန်သမျှကို ကျွန်တော်တို့ဌာနဆီ ရီပို့(ထ်)တင်ပါ…။ ပူးပေါင်းဆောင်ရွက်ပါ"

ကဲ…ဘာများ တတ်နိုင်တော့မှာလဲ…။



ခေတ်အဆက်ဆက်မှာလည်း ပညာရှင်တွေကို အာဏာရှင်တွေကပဲ လွှမ်းမိုးချုပ်ကိုင်ခဲ့ကြတာပဲ မဟုတ်လား…။

အစည်းအဝေးက ပြန်တော့ သုတေသနဌာနချုပ်ရှိရာဆီ ဆရာကြီး ပြန်လာခဲ့သည်။ သန့်စင်မွန်မြတ်စွာ တစိုက်မတ်မတ် လုပ်ဆောင်ခဲ့သည့် အရာများအားလုံး ညစ်ထေးပြီ။

အိုင်ယွန်နိုစပီးယား(Irnosphere)အလွှာ…။

အို…ချစ်ရတဲ့ ကမ္ဘာမြေရယ်…။

ချစ်ရတဲ့ ရေ၊ မြေ၊ လေထုနဲ့ တောတောင်စိမ့်စမ်းတွေရယ်…။

အကျပ်အတည်းနဲ့ ရင်ဆိုင်ရတဲ့အခါ လူတိုင်းဘုရားဆီမှာ ဆုတောင်းကြရတယ်။

ဘုရားရှင် ကယ်တင်ဆောင်မတော်မူလှည့်ပါဦး…။

လူတွေရဲ့ ခက်ထန်မောက်မာလှတဲ့ ယှဉ်ပြိုင်အနိုင်ယူလိုမှုတွေကို ယဉ်ကျေးအောင် ကရုဏာတော်နဲ့ သွန်သင်ဆုံးမလှည့်ပါဦး…။

♻ ♻ ♻

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

ဘာသီနမ်တက္ကသိုလ်ကြီးရဲ့ အနောက်ဘက်ကွင်းပြင်ကျယ်ကြီးတွင် သိပ္ပံသုတေသနဌာနချုပ်တစ်ခု ရှိလေသည်။

ထို ဌာနချုပ်မှာ ဧကများစွာ ကျယ်ဝန်းပြီး၊ တစ်ဝက်ကို တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများအတွက် လက်တွေ့စမ်းသပ်ခန်းများအဖြစ် ထားရှိပေးကာ၊ ကျန်တစ်ဝက်မှာမူ တားမြစ်ဧရိယာ ဖြစ်လေသည်။

တားမြစ်ဧရိယာ····

စူးစမ်းလေ့လာလိုပြီး ဉာဏ်ရည်ထက်မြက်သည့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက်ကတော့ တားမြစ်ဧရိယာဆိုသည့်နေရာကို သိပ်မနှစ်မြို့လှပါ···။

ပွင့်လင်းမြင်သာမှု မရှိ···။

စမ်းသပ်တီထွင်မှုများအတွက် ရေတပ်၊ လေတပ်မှ ထိပ်တန်းအရာရှိကြီးများနှင့် တက္ကသိုလ်က ဆရာ၊ ဆရာမ၊



ပါမောက္ခများ ပူးပေါင်းဆောင်ရွက်လေ့ရှိသည်ဆိုတာကလွဲပြီး ထိုတားမြစ်ဧရိယာထဲမှာ ဘာတွေစမ်းသပ်နေတယ်။ ဘာတွေလုပ်နေတယ်ဆိုတာ မည်သူမျှ မသိရ။ လေ့လာရေး ခရီးအဖြစ်နှင့်တောင် ကျောင်းသူ၊ ကျောင်းသားတွေကို ဝင်ရောက်ခွင့်မပေးချေ။

လုံခြုံရေးအစောင့်ဝန်ထမ်းများ မထားရှိသော်လည်း နံရံမှာကပ်ထားသည့် စီစီတီဗွီကင်မရာက ၁၈၀ဒီဂရီ ကင်းလှည့်ကာ မှတ်တမ်းတင်ဗီဒီယိုရိုက်လျက်ရှိသည်။

နောက်ပြီး တားမြစ်ဧရိယာထဲသို့ ဝင်ရမည့် တံခါးမှာလည်း၊ ဝင်ခွင့်ရှိသူအားလုံးရဲ့ လက်ဗွေရာများကို သိမ်းဆည်းထားပြီး၊ Scanner ပေါ် လက်မတစ်ချောင်းတင်ကာ Scanner က ခွင့်ပြုတော့မှ ပွင့်သည့် အထူးလုံခြုံမှုရှိသော တံခါးဖြစ်လေသည်။

ထိုသို့ ဘာသီနမ်တက္ကသိုလ်ကြီးသည် တစ်ဖက်ကလည်း ကျောင်းသူ၊ ကျောင်းသားများကို ထူးချွန်ထက်မြက်စေရန် ပညာသင်ကြားပို့ချပေးနေသလို၊ တစ်ဖက်မှာလည်း နားလည်ရခက်ခဲသည့် လျှို့ဝှက်အနေအထားတစ်ရပ်မှာ သိမ်မွေ့စွာရှိနေလေ၏။

ဒီနေ့ ပရက်တီကယ်ခန်းထဲ ဇိုင်း၊ မောလိုနှင့်ဘားနော့တို့သုံးယောက် ရူပဗေဒလက်တွေ့ စမ်းသပ်မှုတစ်ခုကို အတူတကွ လုပ်ဆောင်လျက်ရှိပြီး ဗိုက်တဗ္ဗိဗ္ဗိဆာကာ လက်ပတ်နာရီကို ခဏခဏ ကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်နှစ်နာရီထိုးတော့မှ ဆရာက တန်းဖြုတ်လိုက်သဖြင့် ကန့်တင်းသို့ ပြေးကြရလေ၏။

"ဒီနေ့ ကန့်တင်းမှာ လူတော်တော်ရှုပ်တာပဲ..."

"အေးကွာ...လွယ်တာ မှာရအောင်..."

သူငယ်ချင်းသုံးယောက် နေ့လယ်စာ စားနေချိန်ကျမှ ဆိုက်ချီရောက်သည်။

ဆိုက်ချီရောက်လာလျှင် မည်မျှဆူညံနေသည့် နေရာဖြစ်ပါစေ။ ခေတ္တခဏတော့ ငြိမ်သက်သွားတတ်စမြဲပင်။

ဖိုင်းသည် ချစ်သူ၏ ထင်ပေါ်ကျော်ကြားနိုင်လွန်းခြင်းအပေါ် သိပ်အနှစ်သက်ကြီး မဟုတ်သော်ငြား တစ်ခါတစ်ရံတော့လည်း ဂုဏ်ယူမိသလို ဖြစ်နေတတ်၏..။

"အရင်စားကြတာပေါ့။ ပြီးရင် ကျွန်မတို့လေးယောက် ကိစ္စတစ်ခုကို ဆွေးနွေးကြရအောင်..."

နေ့လယ်စာ စားပြီးသွားတော့ ဆိုက်ချီက....

"မောလိုနဲ့ဘားနော့ မနေ့ည ဆယ့်နှစ်နာရီလောက်က ဘာတွေဖြစ်ခဲ့တယ်ဆိုတာ သိလား..."

"ကိုယ် မေးပြီးပါပြီ...ဒီကောင်တွေ အိပ်တာမှ သိုးလို့ ဘာမှ မသိဘူး..တဲ့"

မောလိုနဲ့ဘားနော့မှာ နယ်ကတက်လာသည့် အဆောင်နေကျောင်းသားများဖြစ်ပြီး ဖိုင်းနှင့်အတွဲဆုံး သူငယ်ချင်းများ ဖြစ်လေသည်။

"ဖိုင်း..."



ဖိုင်းက အသာအယာပြုံးလိုက်ကာ...

"မင်း ဘာတွေ ပြောတော့မယ်ဆိုတာ ကိုယ်သိတယ်။ ကိုယ်လည်း အင်တာနက်ကနေ ဖတ်ပြီးပါပြီ..."

"ဟာ...ဟာ...ဟော့...။ မင်းတို့နှစ်ယောက်နော်... ချစ်သူတွေ ဖြစ်သွားကြပြီဆိုပြီး ငါတို့နှစ်ယောက်ကိုတော့ ဘေးဖယ်မယ်မကြံနဲ့ ငါတို့ နားလည်အောင်လည်း ရှင်းပြကြဦး"

"ဒီလို ဟိတ်ကောင်တို့ရေ...မနေ့ ညလယ်ခေါင်လောက်က အော်သံတစ်ခုကို ကြားပြီး ငါတို့နိုးခဲ့ကြတယ်။ ငါလည်းနိုးသလို ဆိုက်ချီလည်း နိုးပြီးအော်သံဘယ်က ထွက်နေတယ်ဆိုတာ ရှာခဲ့ကြတယ်"

"နေပါဦး..မင်းတို့နှစ်ယောက်က တစ်ခန်းတည်းမှာ အတူရှိနေကြတာလား"

"မင်းအဘတဲ့မှ...။ ထူးဆန်းလို့ ဖုန်းဆက်ကြတာပေါ့ ...။ ဒီနေ့မနက် အင်တာနက်မှာ ငါဖတ်ကြည့်တော့မှ မနေ့က ငါတို့ကြားခဲ့ကြတဲ့ အော်သံဟာ ကမ္ဘာမြေကြီးရဲ့ ကျယ်ပြန့်တဲ့ ဧရိယာတစ်ခုလုံးကို ရိုက်ခတ်ခဲ့တဲ့ ထူးဆန်းတဲ့ အသံတစ်သံဖြစ်နေတယ်"

"ဟင်..."

"ဟုတ်တယ်...အဲဒီအသံက အခု မင်းရွတ်လိုက်တဲ့ ဟင်ဆိုတဲ့အသံနဲ့ ခပ်ဆင်ဆင်တူတဲ့ ဟင် (The Hum) ဆူညံသံကြီး...တဲ့။ ဒီအသံကို အင်္ဂလန်၊ မြောက်အမေရိကနဲ့ ဥရောပတွေးလူ့နဲ့ နေရာတော်တော်များများကနေ ကြားခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံပညာရှင်တွေကတော့ ဒီအသံကို တုန်ခါနှုန်းနိမ့် အူညံသံအမျိုး အစားလို့ ပြောနိုင်တာကလွဲပြီး ဘယ်ကလာတယ်။ ဘာ့ကြောင့် ထွက်တယ်ဆိုတာ မပြောနိုင်ကြဘူးတဲ့…"

ခိုင်းစကားကို ဆိုက်ချီက ဆက်၍…။

"ပညာရှင်တွေရဲ့ မှတ်ချက်တွေကတော့ စုံနေတာပဲ။ တချို့ကလည်း ပန်းကန်ပြားပျံက ထွက်တဲ့အသံတဲ့။ တချို့က လည်း စက်ရုံတရုံက လည်ပတ်တဲ့အသံဆိုတာက လွဲပြီး ဘယ်သူမှ ရေရေရာရာ မပြောနိုင်ကြဘူး…"

"ကမ္ဘာ့နေရာတော်တော်များများကနေ ကြားရတဲ့အသံ ဆိုတော့ ထူးတော့ ထူးဆန်းနေပြီ‥"

ဘားနော့က လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်ကာ‥

"ဘယ်သူတွေ ဘာပြောပြော မင်းတို့ငါတို့တွေ ကမ္ဘာ ပျက်ကိန်းထဲကတော့ လွတ်ထွက်လာကြတာပဲ…။ ခေတ်သစ် ကမ္ဘာဦးနေ့ကနေ တို့ဘဝတွေကို စတင်ခဲ့ကြတာပဲ"

"မဟုတ်ဘူးလေ…ငါ ပြောချင်တာက ကမ္ဘာပျက် ကိန်းက တကယ်ပဲ ပျက်ပြယ်သွားပြီလား…။ ဒါမှမဟုတ် ဆယ်စုနှစ်တစ်ခုဆီကို ဆုတ်သွားတာလား…"

"အိုး…ဟိုး…ခေါင်းခဲတယ်ဟေ့။ ဒီကိစ္စ ဒီမှာတင်ပဲ ဖြတ်ရအောင် အတန်းချိန်ရှိသေးတယ်နော်‥။ P4 မဟုတ်လား‥။ အဲဒီဆရာကြီးက တကယ်ကြပ်တာကွ…။ ငါတို့ စာနည်းနည်း ပြန်နွေးမယ်‥"

သူငယ်ချင်းလေးယောက် ကန်တင်းထဲကနေ ပြန်ထွက်



သွားတော့မှ သူတို့နဲ့ခပ်လှမ်းလှမ်းမှာ ထိုင်နေတဲ့ ဆရာတစ် ယောက်မှာ မသိမသာခေါင်းယမ်းရင်း လေပူတချို့ကို မှုတ်ထုတ် လိုက်လေတော့သည်။

ပါမောက္ခဒေါက်တာအန်ဒီလန်ရဲ့လက်ထောက်၊ ဆရာ ယူဆွန်လာ….။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

School Busကြီးမှာ တရွေ့ရွေ့ မောင်းနှင်လျက်ရှိသလို၊ ဖယ်ရီစီးကျောင်းသား၊ ကျောင်းသူများလည်း သီချင်းသံပြိုင်ဆိုတဲ့သူ၊ ရယ်မောစရာပြောတဲ့သူနဲ့ တဟေးဟေး တဟားဟား ဖြစ်လျက်ရှိသည်။

"ကျွန်မ ရှင့်ကို တစ်ခုမေးမယ်.."

"အင်း...မေး..."

"ဆိုပါစို့...။ ဟောဒီကျောင်းကားကြီးက ၆၀ ကီလိုမီတာနှုန်းနဲ့ မောင်းနေတယ်ဆိုရင် ကျွန်မတို့ကရော ပြေးနေတာလား၊ ရပ်နေတာလား.."

ရူပဗေဒပါမောက္ခဖြစ်သူရဲ့ သမီးက ဖခင်ဖြစ်သူကိုတော့ မကျုပ်၊ ချစ်သူကိုလှည့်ကျုပ်နေတော့သည်။

ချစ်သူနံဘေးမှာ ထိုင်နေရတဲ့အတွက်ဒ္ဓ ဖိုင်းမှာလည်း ရူပဗေဒသဘောတရားထက် ရင်ခုန်သံက ပိုကျယ်လောင်နေသည့်အတွက် ဆိုက်ချီရဲ့အမေးကို ရူပဗေဒသဘောတရားတွေဘာတွေ သုံးမနေတော့ဘဲ ရိုးရိုးလေး စဉ်းစားလိုက်ကာ

"ကိုယ်တို့က ကားပေါ်ထိုင်နေတာဆိုတော့ ရပ်နေတဲ့



သဘောနေမှာပေါ့။ ပြေးနေတာတော့ မဟုတ်ဘူး အဲဒါသေချာတယ်"

ချစ်သူရဲ့ မေးခွန်းက ဒီလောက်ရိုးရှင်းတဲ့ အဆင့်မှာ ရပ်နေမှာ မဟုတ်ကြောင်း သူသိထားသည်။ တကယ်လည်း သူ မျှော်လင့်ထားသလိုပင်...

"ဒါဆို တစ်ဆင့်တက်ပြီး မေးမယ်နော်...။ ဆိုပါတော့...။ လိပ်ပြာတစ်ကောင်ဟာ ဟောဒီကားပေါ်မှာ ဘယ်နေရာမှ မနားဘဲ ပျံရက်သားပါလာတယ်ဆိုရင်... အဲဒီလိပ်ပြာရဲ့ ပျံသန်းနှုန်းဟာ မူလပျံသန်းနှုန်းလား...ဒါမှမဟုတ် မူလပျံသန်းနှုန်းကို ခြောက်ဆယ်ကီလိုမီတာ ထည့်ပေါင်းပြီး သူပျံနေရသလား.."

"အဲ..."

သူနည်းနည်းတော့ အတွေးရကြပ်သွားသည်။

ဒီလို ပုစ္ဆာဆန်ဆန် မေးခွန်းတွေ အထက်တန်းကျောင်းတုန်းက သင်ခဲ့ရပေမယ့် လောလောဆယ် မေ့လည်းနေပြီ..။ တွက်ချက်ပုံ အဆင့်ဆင့်လည်း သတိမရတော့...။

"မေးခွန်းက ရူပဗေဒဆန်တဲ့ မေးခွန်းပဲ...ဒီ မေးခွန်းကို ဘယ်လိုစဉ်းစားမိသွားတာလဲ.."

"ကားပေါ်ပါလာတဲ့ လိပ်ပြာတစ်ကောင်ကြောင့်ပေါ့"

"ဘယ်မလဲ...အဲဒီလိပ်ပြာ..."

"ဟိုမှာ..."

သူကြည့်လိုက်တော့ ဆိုက်ချီပြောသည့် လိပ်ပြာမှာ

www.burmeseclassic.com

www.burmeseclassic.com



တာရှည်တင်းပေါက်မှတစ်ဆင့် အပြင်သို့ပင် ထွက်ခွာသွားလေပြီ။

ကွာ···။ တော်တော် ဒုက္ခပေးတဲ့လိပ်ပြာ···။

ခင်း ပျံ့သန်းပုံကို လေ့လာပြီး ရမ်းတုတ်မလို့ဟာကို ခင်းက ထွက်သွားပြီဆိုတော့ ငါဘယ်လိုလုပ်ရမလဲ···။

ဟင်း···။ ၆၀ ကီလိုမီတာ ပြေးအားရှိတဲ့ကားပေါ် ပါလာတဲ့လိပ်ပြာ···။ သူပျံနေတာ မူလပျံသန်းနှုန်းလား···။ ကီလိုမီတာ ၆၀ ထည့်ပေါင်းပြီး ပျံသန်းနေရသလား···။

စဉ်းစား···စဉ်းစား···။

"ဒီနေရာမှာ ငါနည်းနည်း ပြောစရာရှိတယ် ဆိုက်ချို···"

ဟင်···

သူ စဉ်းစားနေစဉ်မှာတင် တစ်ဖက်မှာထိုင်နေသည့် ထေလိုဒန်မှာ ဆိုက်ချိုစကားကိုကြားသွားပြီး လူတတ်ကြီးဝင်လုပ် ပါရော။

ထေလိုဒန်ကို သူ လုံးဝကြည့်မရပါ····။

ပုံမှန်အားဖြင့်ဆိုလျှင် ထေလိုဒန်မှာလည်း သာမန်တက္က သိုလ်ကျောင်းသူ၊ ကျောင်းသားများ အားကိုးစီးရလေ့ရှိသည့် School Bus ပေါ်လည်း ပါလာမှာမဟုတ်···။

နှင်းဆီအဆိပ်သင့်သူများစာရင်းတွင် သူသည်လည်း တစ်ယောက်အပါအဝင်ဖြစ်ပြီး။ ဆိုက်ချိုအချစ်ကို ဖိုင်းရသွားလင့် ကစား အရန်လူအဖြစ်နဲ့ ပွဲစဉ်ရဲ့နံဘေးမှာ ရပ်ကြည့်နေသူတစ် ယောက်လို အကွက်ကောင်းစောင့်နေသူပင် ဖြစ်လေသည်။



ထေလိုဒန်မှာ ဖိုင်းလို အညတရ ကျောင်းသားတော့ မဟုတ်···။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဩဇာအာဏာထက်မြက် ရှာသည့် ဗိုလ်ချုပ်ဟိုက်ဒင်၏ သားဖြစ်လေသည်။

"X ဆိုတဲ့ အာကာသယာဉ်ဟာ ကမ္ဘာပေါ်ကနေ တစ်ကွန့်ကို ကီလိုမီတာ တစ်သိန်းနှုန်းနဲ့ ထွက်ခွာလာတယ်ဆိုပါ ပြီ···။ အဲဒီအချိန်မှာပဲ Y ဆိုတဲ့ အာကာသယာဉ်ကလည်း X ရဲ့လမ်းကြောင်းအတိုင်း တစ်စက္ကန့်ကို ကီလိုမီတာ တစ်သိန်း ရှစ်သောင်းနှုန်း ထွက်ခွာလာတယ်ဆိုရင် သူတို့နှစ်စီးရဲ့ အမြန် နှုန်းကွာခြားချက်က ဘယ်လောက်ရှိမယ်လို့ ဆိုက်ချိုထင်သလဲ"

"ဒါများ ထေလိုဒန်ရယ်···တစ်သိန်းရှစ်သောင်းထဲက တစ်သိန်းကိုနုတ်လိုက်မှာပေါ့···။ ရှစ်သောင်းပေါ့···မဟုတ်ဘူး [illegible]···"

ဆိုက်ချိုသည်လည်း အငိုက်မိသွားသလို ဖိုင်းလည်း ခေါက်ကလေး ခံရခက်သွားသည်။

မတောက်တခေါက် ဗဟုသုတလေးနဲ့များ အိုင်းစတိုင်း ရဲ့သီအိုရီတွေ ပုံတူကူးချနေလိုက်သေးသည်။ နံဘေးမှာ ရည်း စားကြီးတစ်ယောက်လုံး ငုတ်တုပ်ရှိနေတာတောင် အားနာပုံ မပေါ်····။

"မဟုတ်ဘူး ဆိုက်ချိုရဲ့···။ တကယ့်တကယ် အမြန် နှုန်းကွာခြားချက်က လူတွေထင်ထားတဲ့ ကီလိုမီတာ ရှစ်သောင်း ထက် နှစ်သောင်းပိုနေတယ်။ ကီလိုမီတာ တစ်သိန်းပေါ့···"

www.burmeseclassic.com

www.burmeseclassic.com



"အဲ…ကျွန်မ နားရှုပ်သွားပြီ…ဘယ်လို တွက်လိုက်တာလဲ ထေလိုဒန်ရဲ့"

"ဒီလိုလေ…"

ထေလိုဒန်က နိုင်းဆသီအိုရီကို ဆရာကြီးလေသံဖမ်းပြီး ရှင်းတော့မည့်ဆဲဆဲပင် ဖိုင်းက စကားစဖြတ်လိုက်ပြီး…

"Time and space ကြောင့်ပါ…။ သူ Relativity ကို လေကြောရှည်ပြီး ရှင်းပြတော့မယ်။ အဲဒီ သီအိုရီကြီးက ရှည်လျားလွန်းလို့ ဘတ်(စ်)ကားပေါ်တင် ကိစ္စကပြတ်မှာမဟုတ်ဘူး။ ညဘက်ပါ ဖုန်းဆက်ပြီး ရှင်းနေရလိမ့်မယ်။ ကိုယ်ပဲ ရှင်းပြမယ်..။

Relativity ကို အလွယ်ဆုံးနည်းနဲ့ နားလည်အောင် ချဉ်းကပ်လို့ရတယ် ဆိုက်ချီ။ ကောင်လေးတစ်ယောက် ဆိုပါစို့..။ အဲဒီ ကောင်လေးဟာ ကောင်မလေးချောချောနဲ့ တစ်နာရီအတူ ထိုင်ခွင့်ရမယ်ဆိုရင် အဲဒီကောင်လေးဟာ တစ်နာရီကို တစ်မိနစ်လောက်ပဲ ကြာတယ်လို့ ထင်လိမ့်မယ်..တဲ့။ အဲ.. ဒါပေမယ့် တစ်မိနစ်လောက် မီးဖိုပေါ် ဖင်ခုထိုင်မိမယ်ဆိုရင်တော့ အဲဒီတစ်မိနစ်ဟာ တစ်နာရီလောက်ကြာတယ်လို့ ထင်မှာပဲ..တဲ့။ ဒါ Relativity ရဲ့ သဘောတရားပဲ…။ စောစောက သူပြောသွားတဲ့ အာကာသယာဉ်နှစ်စီးကိစ္စကလည်း time and space ကြောင့်ပါပဲ အချိန်နဲ့နေရာကွာသွားကြတာ…"

"အဲ…"

ဆိုက်ချီမှာ ဖိုင်းရဲ့ ဥပမာစကားကြောင့် ပြုံးစိစိဖြစ်သွား



သလို ထေလိုဒန်မှာလည်း တော်တော်ဒေါသထွက်သွားလေတော့သည်။

"အိုင်းစတိုင်း ကိုယ်တိုင်အဲဒီဥပမာလေးကို သုံးပြီး ရှင်းပြသွားတာပါ။ သူ့ရဲ့ Relativity ကို ပညာရှင်တွေက စာအုပ်ပေါင်း ကိုးရာကျော်ရေးပြီး ထုတ်ခဲ့ပေမယ့်၊ တကယ်သဘောပေါက်တဲ့သူက ကမ္ဘာပေါ်မှာ ဆယ့်နှစ်ယောက်ပဲရှိတယ်တဲ့။ သေချာတာတစ်ခုကတော့ ဒီ ဘတ်စ်ကားပေါ်မှာ အဲဒီဆယ့်နှစ်ယောက်ထဲက အနည်းဆုံး တစ်ယောက်တောင်ပါလာမယ် မထင်ဘူး"

"ဟား….ဟား…ဟား…ဟား…"

ဖိုင်းအသံအနည်းငယ် ကျယ်လောင်သွား၍ထင်သည်။ ဘတ်စ်ကားပေါ်က ကျောင်းသူ၊ ကျောင်းသားများအားလုံး ဖိုင်းစကားကို ကြားသွားပြီးအော်ရယ်ကြရာ ထေလိုဒန်အကြီးအကျယ် ရှက်သွားပြီး…။

"ဟိတ်ကောင်…မင်း…"

လူကြီးသားတို့ရဲ့ ထုံးစံအတိုင်း ဝုန်းဝုန်းဒိုင်းဒိုင်းပေါက်ကွဲရာ ဖိုင်းက တည်ငြိမ်အေးချမ်းစွာပင်…။

"ဘာလဲ…မင်းက မယုံလို့လား..။ ဒါဆို အဲဒီသီအိုရီကို မင်းနဲ့ငါ အတူစမ်းကြည့်မယ်လေ။ ငါက ဆိုက်ချီနဲ့တစ်နာရီအတူတွဲထိုင်မယ်…။ မင်းက မီးမွှေးပြီး မီးဖိုပေါ် တစ်မိနစ်ထိုင်လိုက်…။ ပြီးရင် မင်းနဲ့ငါ ဘယ်သူထိုင်တာ ပိုကြာသလဲ ဆိုတာ ဒီဘတ်(စ်)ကားပေါ်က ကျောင်းသူကျောင်းသားတွေကို

www.burmeseclassic.com



ပြောပြမယ် ဘယ်လိုလဲ..."

"ဟား...ဟား...ဟာ...ဟာ..."

ထပ်မံပွဲကျသွားပြန်သည်။

"မင်း...မင်း..."

"ဟာ..ဟာ..ဟေး..."

"တော်ကြပါကွာ...တစ်ကျောင်းတည်းသားချင်း တွေဟာကို..."

ထိုးမယ် ကြိတ်မယ်လုပ်ရာ ကျောင်းသားများက ဝိုင်းဆွဲကြသဖြင့် လိပ်ပြာတစ်ကောင်က ပေးသွားတဲ့ လေ့ကျင့်ခန်းက ထိုမျှနှင့်ပြီးဆုံးသွားလေတော့သည်။

ထေလိုဒန်မှာ ဗိုင်းကို စေ့စေ့ကြည့်ရင်း သူ့လက်ထဲက အချိုရည်သံဗူးကို အားကုန် ညှစ်ပြလိုက်သည်။

ဗိုင်းက မမှုချေ..။

လေတစ်ချက် ချွန်ကာ ဒူးပင်နန့်နေလိုက်သေးသည်။

ပြဿနာတွေကို သယ်ဆောင်လာတဲ့ ဘတ်(စ်)ကားအိုအိုကြီး ကျောင်းရောက်တော့ နောက်ထပ်ပြဿနာတစ်ခုက ကြိုတင်ပြီး စောင့်နေလေတော့၏..။

ကျောင်းသား၊ ကျောင်းသူတွေ အားလုံးမော့ကြည့်နေကြသည်။

ဟုတ်ပါ၏...။

ကောင်းကင်ပေါ်က ပြဿနာ...။

♻ ♻ ♻

# အခန်း ( ၄ )

ကျောင်းသူ၊ ကျောင်းသားများအားလုံး ကောင်းကင်ပေါ်မော့ကြည့်နေကြသည်။ တစ်ကျောင်းလုံးလည်း ထိတ်လန့်တုန်လှုပ်လျက်ရှိ၏။

မြင်ကွင်းကလည်း တကယ့်ကို တုန်လှုပ်ချောက်ခြားစရာပါ...။

အစိမ်းရောင်အလင်းတန်းများ ထွက်နေသည့် ဧရာမအဝတ်ပုံ အဝန်းဝိုင်းကြီးတစ်ခု။ ဗိုင်းသည် ဆိုက်ချီကို လက်ဆွဲရင်း တိုးတိုးကြိတ်ကြိတ်ဖြစ်နေသည့် လူအုပ်ကြီးကြားထဲမှ အားနော့နဲ့ မောလိုကို ရှာတွေ့သွားကာ...။

"ဟိတ်ကောင်တွေ..ဘယ်လိုဖြစ်တာတုန်း.."

"မသိဘူး...ကျောင်းသားတစ်ယောက် စ,တွေ့ရင်းကနေ တစ်ကျောင်းလုံးတွေ့သွားပြီး အခုလို ဖြစ်ကုန်တာ..."

မိုးသားပြာပြာတွင် အစိမ်းရောင် အလင်းတန်းများ ဖြာထွက်နေသည့် ထူးဆန်းသည့် ပုံသဏ္ဌာန်ကြီး..။

www.burmeseclassic.com

www.burmeseclassic.com



ခိုင်း အံ့ကြိတ်ပြီး စဉ်းစားနေသည်။

၂၀၁၂ ဒီဇင်ဘာ ၂၁ရက်နေ့က ကမ္ဘာမပျက်ခဲ့ပါ...။

သို့သော် ခေတ်သစ်ကမ္ဘာဦးညကစပြီး နားလည်ရခက်ခဲသည့် ထူးဆန်းသည့် ကိစ္စများက ဆက်တိုက်ဆိုသလို ဖြစ်ပေါ်နေသည်။

ကမ္ဘာ့နေရာတော်တော်များများက ကြားခဲ့ကြရသည့် အော်သံ(သို့မဟုတ်) တုန်နှုန်းနိမ့် ဆူညံသံတစ်ခု...။

အခုလည်း လာပြန်ပြီ...။ ကောင်းကင်ပေါ်မှာ ပုံရိပ်ထင်နေသည့် အစိမ်းရောင်အလင်းတန်း ခရုပတ်အဝိုင်းကြီး...။

"ဘယ်လိုထင်လဲ...ဟိတ်ကောင်...။ ငါတို့ ကမ္ဘာကို စစ်ကြေငြာဖို့ ဂြိုဟ်သားတွေရဲ့ ရန်စစိန်ခေါ်တဲ့ သင်္ကေတလို့ မင်းထင်လား..."

တိုးကြိတ်ကြည့်နေကြတဲ့ လူအုပ်ကြီးကြားထဲက ကျောင်းသားတစ်ယောက်က သူ့ရဲ့ ထင်မြင်ယူဆချက်ကို ပြောတော့ သူ့သူငယ်ချင်း ဖြစ်ဟန်တူသူက...။

"အဲလိုဆိုရင်တော့ စစ်ပွဲက ရယ်စရာကြီးဖြစ်နေမှာပဲ..။ တစ်ဖက်သတ်ဆန်နေမှာပဲ။ ငါတို့ကမ္ဘာပေါ်မှာ လူအချင်းချင်း လွှမ်းမိုးချယ်လှယ်ဖို့၊ ဗိုလ်ကျအနိုင်ကျင့်ဖို့ စစ်ပွဲတွေဆင်နွှဲလာလိုက်တာ လက်နက်ဆန်းတွေ၊ ကာကွယ်ရေးစနစ်တွေ တီထွင်ကြတာဟာလည်း လူသားအချင်းချင်း သတ်ကြ၊ ဖြတ်ကြဖို့အတွက်တွေချည်းပဲ။ ဘယ် ဉာဏ်ကြီးရှင်ကမှ တစ်ကမ္ဘာလုံးက ပညာရှင်တွေကို စည်းရုံးပြီး ဂြိုဟ်သားကာကွယ်ရေး



လက်နက်ဆိုပြီး တီထွင်ဖို့ မဆော်ဩကြသေးဘူး။ တို့ကမ္ဘာပေါ်က လူတွေ one world, one dream ဖြစ်မလာသေးဘူး"

အဲဒီ စကားတစ်ခွန်းတည်းနဲ့ပင် ခိုင်းရော၊ ဆိုက်ချိုပါ အဲဒီကျောင်းသားကို လေးစားသွားရသည်။

"ရော်နယ်ရေဂင်(အမေရိကန် သမ္မတ)ခေတ်တုန်းကတော့ Star War (ကြယ်တာရာစစ်ပွဲ)ဆိုပြီး လုပ်လိုက်ပါသေးတယ်။ ဒါပေမယ့် အဲဒီအာကာသ စီမံကိန်းက ဘတ်ဂျက်တွေအများကြီး ကုန်ကျတာမို့ သိမ်းလိုက်ရတယ်.."

"စလုပ်ခဲ့နိုင်တာကိုတောင် ချီးကျူးရဦးမယ်။ အဲဒီခေတ်က အယ်နိုင်းဒါးတို့ဘာတို့ အကြမ်းဖက်အဖွဲ့အစည်းတွေ အခုခေတ်လောက် မရှိတော့ သိပ်ပြီး သပွတ်အူလိမ်မနေဘူးလေ အခုခေတ်ကျတော့ မြေပြင်ပေါ်မှာတင် သူတင်ကိုယ်တင်ချနေကြရတာဆိုတော့ ဘယ်သူမှ ကောင်းကင်ပေါ်တက်ချဖို့ စိတ်ကူးနိုင်ကြသေးဘူး ထင်ပါရဲ့.."

တယ်လည်း မခေကြတဲ့ ဘာသိနှမ်ကျောင်းသားများပင်...။

ဒီကြားထဲ မနေ့တနေ့ကမှ M.Sc ဘွဲ့ရပြီး နည်းပြဆရာလာလုပ်ကြသည့် သူနှစ်ဦးကလည်း ခရုပတ်ပုံ အစိမ်းရောင်အလင်းတန်းကြီးကို ကြည့်ကာ...။

"သီအိုရီ ဟောကိန်းတစ်ခုအရဆိုရင် ဒါဟာ Worm hole လည်း ဖြစ်နိုင်သေးတယ်ဗျ"

"ဘာလဲဗျ... Worm hole ...ရှင်းပါဦး..."

www.burmeseclassic.com

www.burmeseclassic.com



"စကြဝဠာတစ်ခုကနေ တစ်ခြားစကြဝဠာတစ်ခုကို သွားလို့ရတဲ့ ဖြတ်လမ်းတစ်ခုရဲ့ ဝင်ပေါက်ပဲ..။ ကျွန်တော်တော့ Worm hole လို့ပဲ ထင်တယ်.."

ကြည့်ရတာ မနေ့တစ်နေ့ကမှ သိပ္ပံမှတ်စုတွေကို ပူပူနွေးနွေးဖတ်လာခဲ့ပုံပေါ်သည်။

သို့သော် မည်သူမျှ ထိုခရုပတ်ပုံ သင်္ကေတကြီးကို ထိုထက်ပိုပြီး တိကျရေရာသည့် အဖြေတစ်ခုရအောင် ထုတ်မပေးနိုင်ကြချေ..။

♻ ♻ ♻

## အခန်း ( ၅ )

"ဖျတ်..."

ပြတင်းပေါက်ကနေ တွေ့နေရတဲ့ မြင်ကွင်းကို ဟမ်းဖုန်းထဲက ကင်မရာနှင့် ဖိုင်း ဓာတ်ပုံရိုက်ယူလိုက်သည်။

မောလိုပြောကတည်းက ဖိုင်းအရူးထနေတာ တစ်ပတ်လောက် ရှိပြီ..။

မောလိုက သူ့ i pad ထဲမှာ သိမ်းဆည်းထားတဲ့ ဓာတ်ပုံတစ်ပုံကိုပြရင်း....။

"ဟောဒီမှာကြည့်စမ်း...။ မိသားစုတစ်စု အပန်းဖြေခရီးထွက်ရင်း အပျော်တမ်းဓာတ်ပုံရိုက်လိုက်တာ ဓာတ်ပုံထဲမှာ မထင်မှတ်ဘဲ သရဲပုံတစ်ပုံပါလာတယ်...တဲ့။ ငါလည်း စိတ်ဝင်စားပြီး သိမ်းထားတာ.."

မှန်သည်။

ဓာတ်ပုံရဲ့ ထောင့်တစ်နေရာမှာ ခပ်ဝါးဝါးပုံရိပ်လာသင်နေသည့် ဝိညာဉ်ပုံတစ်ခု...။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဖြစ်ရပ်တွေ မကြာခဏဆိုသလို ဖိုင်းကြားဖူးနေခဲ့ပြီး၊ ဒီတစ်ချီမှာတော့ သူ့ပါလက်တွေ့ စမ်းသပ်ကြည့်ချင်လာသည်။

သာမန်မျက်စိနဲ့ မမြင်ရတဲ့ ပုံရိပ်တွေကို ဘာ့ကြောင့်များ ကင်မရာတွေက ဖမ်းပေးနိုင်ကြပါလိမ့်…။

ကင်မရာရဲ့ Lensနဲ့ လူ့မျက်လုံးမှာ ဘာတွေကွာခြားနေလို့လဲ…။

အခုခေတ် ကင်မရာတွေက အရင်လို ဖလင်သုံး၊ ဓာတ်ပုံထုတ်ယူစရာမလိုဘဲ screenမှာ ပြန်ကြည့်နိုင်သဖြင့် ဖုန်းထဲက ကင်မရာသုံးပြီး ပတ်ဝန်းကျင်ကို ဓာတ်ပုံရိုက်ယူနေ၍လည်း ပိုက်ဆံကုန်မည်မဟုတ်။ ဘက်ထ္ထရီသာ ကုန်သဖြင့် စရိတ်စက မရှိချေ။

ထို့ကြောင့် ဖိုင်း ဒီရက်ပိုင်းတွေ့သမျှ နေရာစုံကို ဖျတ်ကနဲ ဖျတ်ကနဲ ဓာတ်ပုံရိုက်ကူးဖြစ်နေသည်။

ကျောင်းကန်တင်း၊ အိမ်သာ၊ အိမ်ဘေးကခြံစည်းရိုး၊ မိုးကောင်းကင်ပေါ်၊ ညမြင်ကွင်း…။ ရှုခင်းအစုံ၊ ရှုထောင့်အစုံကို ဖိုင်း ဓာတ်ပုံရိုက်ကူးလိုက်၊ ပြန်ကြည့်လိုက်နှင့်အလုပ်ရှုပ်လျက်ရှိနေသည်။

ဒီနေ့အထိတော့ ထူးခြားဖြစ်စဉ် မတွေ့မိသေး။

သို့သော် ဟိုတစ်နေ့ကတော့ ပြဿနာတက်ခဲ့သေးသည်။

ဖြစ်ပုံက ဒီလိုပါ…။



"ဖျတ်…"

ဒီရက်ပိုင်း ထစ်ကနဲရှိတိုင်း လက်က ကင်မရာခလုတ်ကို အမိအရ နှိပ်နိုင်သည့် စွမ်းရည်တစ်ခုကို ပိုင်ဆိုင်သွားသည်။

အဲဒီနေ့က စားသောက်ဆိုင်တစ်ဆိုင်မှာ အပေါက်ဆိုးဆိုး အမျိုးသမီးတစ်ယောက် စားရင်းသောက်ရင်းတန်းလန်းနှင့် ကိုက်ဖဲ့နေသည့် ကြက်သားတစ်တုံး ပါးစပ်က လွတ်ကျကာ ပန်းကန်ပြားထဲ ရောက်သွားသည်။

ဒါကို ဖိုင်းက အမိအရဆိုသလိုပင် တိတ်တိတ်ကလေး ဓာတ်ပုံရိုက်ယူလိုက်နိုင်သော်လည်း flash အသံကို လုံးဝတိတ်မထားမိလိုက်သဖြင့် အမျိုးသမီးကြီးက သိသွားသည်။

သဘာဝအကျဆုံး ဓာတ်ပုံတစ်ပုံရလိုက်သည်နှင့် ထိုက်တန်သည့် ပြဿနာအကြီးကြီးပါ တက်ခဲ့ရတော့သည်။

"နင်…နင်…ငါ့ကို ဓာတ်ပုံရိုက်တယ်နော်…ငါမြင်တယ်.."

"အဲ…အန်တီ့ကို ရိုက်တာမဟုတ်ဘူးဗျ..။ ဟိုလေ…ကျွန်တော် လေထဲက မထင်မရှားပုံရိပ်တွေကို စောင့်ပြီးရိုက်နေတာပါ…"

"အပိုတွေ ပြောမနေနဲ့..နင့်ကင်မရာက ငါ့ပါးစပ်တည့်တည့်ကို ချိန်ပြီး ရိုက်သွားတာ ငါမြင်တယ်။ အဲဒီပုံကို နင်ဖျက်မလား မဖျက်ဘူးလား…။ မဖျက်ပေးရင် ငါ အလက်ထရောနစ်ပုဒ်မနဲ့ နင့်ကို တရားစွဲမှာနော်…ကောင်စုတ်ကလေး.."

အမလေး..အလက်ထရောနစ်ပုဒ်မ…တဲ့..။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီပုဒ်မကြီးကိုတော့ဖြင့် ကြားဖူးနားဝနဲ့တင် ခိုင်း အော်ကြောလန့်မိသည်။ ထောင်ဒဏ်တွေကလည်း အခု ငါးနှစ် ဖြစ်လိုက်၊ အခု ဆယ့်ငါးနှစ်ဖြစ်လိုက်နဲ့ ဘာပုဒ်မကြီးမှန်းကိုမသိ။

"ဖျက်ပေးဆို ဖျက်ပေးပါ့မယ်ဗျာ…ခဏနော်… ကျွန် တော်ပြန်ကြည့်လိုက်ဦးမယ်…"

"အေးနော်…ဟိုလိုလို ဒီလိုလိုနဲ့ save လုပ်ပြီးမှ အာပလာ delet တော့ မပြနဲ့။ ငါနင့်ကင်မရာကို ယူပြီး ရဲစခန်းသွားလိုက်မယ်…ဘာမှတ်သလဲ.."

ခိုင်းမှာ ထိုအမျိုးသမီးကြီးစကားကြောင့် ရယ်ချင်ချင် ပင် ဖြစ်သွားသည်။

ကင်မရာထဲကနေ လုံးဝဖျက်ဆီးပြီးသား ဓာတ်ပုံတွေ ကိုတောင် ဆော့ဝဲတစ်မျိုးရဲ့ အကူအညီသုံးပြီး ပြန်ဆယ် (Back up လုပ်)လို့ ရတယ်ဆိုတာ အဲဒီလို ခေတ်ကိုအမီမလိုက်နိုင်သည့် အမျိုးသမီးများအနေနှင့် သိမည့်ပုံမပေါ်..။

ပြဿနာက ဓာတ်ပုံကို ဖျက်စီးပေးလိုက်ရုံနဲ့ ရှုံးရောက်၊ ဂတ်ရောက် မရောက်ဘဲ ပြီးသွား၍ တော် တော်ချေသေးတော့ သည်။

ခိုင်း အပင်ပန်းခံရကျိုးနပ်သည်ဟုတော့ ဆိုရပေလိမ့် မည်။

နောက် လအနည်းငယ်ကြာတော့ ခိုင်း ဟမ်းဖုန်းထဲက ကင်မရာကနေတစ်ဆင့် ထူးဆန်းအံ့သြဖွယ်ရာကောင်းသော ပုံရိပ် တစ်ခုကို မမျှော်လင့်ဘဲ အမိအရ ရိုက်ကူးခဲ့နိုင်သောကြောင့်



ဖြစ်လေသည်။

ထိုနေ့က....

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

ဘုရားသခင် ဖျာဒိတ်တော်နဲ့
ဖူးပွင့်လာကြတဲ့…
ဧဒင်ဥယျာဉ်ကြီးထဲက
ပထမဆုံး နှင်းဆီတစ်ပွင့်ဟာ
မင်းပဲ အချစ်ရေ…

မိုးစွေ့ငှက်တစ်ကောင် ကိုက်ချီလာတဲ့
ကောက်နှံလေးတစ်ပင် ကျကျန်ခဲ့ရာက အစ
ကွေးနေတဲ့ သက်တံ့တွေ
ယောင်ယမ်းပြီး ဖြောင့်တန်းသွားတဲ့အဆုံး
ဘယ်ခေတ်…ဘယ်သမိုင်း…
ဘယ်တေးသွား…ဘယ်ဝိုင်အရက်…
နောက်…
ဘယ်လို စကားလုံးအထားအသို
ဘယ်လို ခံစားမှုမျိုးနဲ့…
မင်းကို ဦးခိုက်ပူဇော်ရမှာလဲ…

အချစ်ဆိုတာ
ဧဒင်မှာ အစောဆုံးလောင်ခဲ့တဲ့ မီး…တဲ့လား…။
ငါ ခုန်ဆင်းလာခဲ့မယ်…။

ငါ ခုန်ဆင်းလာခဲ့ပါမယ်ကွယ်….။

## အခန်း ( ၆ )

ဘာသီနမ်တက္ကသိုလ်ကြီးရဲ့ ပင်မအဆောက်အအုံ အရှေ့ဘက်တွင် ပန်းခြံငယ်ကလေး တစ်ခုရှိပါသည်။

ထိုပန်းခြံကလေးထဲတွင် ကျူးပစ်ကိုရည်ရွယ်ထုဆစ်ထားဟန်တူတဲ့ ရုပ်ထုတစ်ခုနဲ့အတူ အရောင်အသွေးစုံ ပွင့်ဖူးနေတဲ့ ပန်းပွင့်ကလေးတွေ၊ ချစ်စရာကောင်းတဲ့ ပန်းပင်ကလေးတွေလည်း ရှိလေ၏။

ဗိုင်းသည် ဆိုက်ချိုကို စာကြည့်တိုက်ကပြန်လျှင် ပန်းခြံထဲကိုလာခဲ့ဖို့ ချိန်းခဲ့သည်မှာ အကြောင်းရှိပါသည်။

သူက ပန်းခြံထဲကို စောစီးစွာရောက်နှင့်နေပြီး ပန်းပွင့်ကလေးတွေ၊ လိပ်ပြာကလေးတွေကို foreground ယူကာ ဝေးဝေးအနေ လမ်းလျှောက်ပြီးရောက်လာမယ့် ချစ်သူရဲ့ ဟန်ပန်ကို ဓာတ်ပုံရိုက်ကူးဖို့ ဖြစ်သည်။

သူ ညက ချစ်သူကို ရည်ရွယ်ပြီး ကဗျာကလေးတစ်ပုဒ်

www.burmeseclassic.com

www.burmeseclassic.com



စပ်ဆိုထားသည်။

Photoshop အကူအညီနှင့် ညကရေးထားသည့်ကဗျာ နှင့် အခုရိုက်ယူမည့် ဓာတ်ပုံကို တွဲဆက်ပြီး ချစ်သူကို လက် ဆောင်ပေးမည်။

ယောက်ျားလေးများသည် ကိုယ်ချစ်ရတဲ့သူကို ချစ်သူ အဖြစ် ပိုင်ဆိုင်ခွင့်ရပြီးသည့်နောက်ပိုင်းလည်း အခုလို အနည်း ငယ်အပင်ပန်းခံကာ စိတ်ကူးယဉ် **romance and fantastic** ကိစ္စလေးများ အမြဲမပြတ် ဖန်တီးနေသင့်သည်ဟု နိုင်းယူဆ ထားသည်။

ဒါမှ အချစ်ဟာ ပူနွေးစွာဖြင့် ဆက်လက်လည်ပတ်နိုင် ပေလိမ့်မည်။ ချစ်သူသက်တမ်းကို အချိန်အကြာကြီး ဆွဲဆန့်နိုင် ပေလိမ့်မည်။

ယောက်ျားလေးတော်တော်များများတွင် အချို့က ကိုယ် ချစ်တဲ့မိန်းကလေးရဲ့ အချစ်ကိုပိုင်ဆိုင်သွားပြီဆိုတာနှင့် အပေါင် အသင်းမက်မောကြောင်း၊ လောင်းကစားဝါသနာပါကြောင်း၊ အ ရက်သေစာသောက်စားတတ်ကြောင်း ထုတ်ပြတတ်ပြီး မိမိကို အနိုင်တာဖို့ ဖိအားတွေပေးတတ်ကြသည်။

ကိုယ်က ပေးဆပ်ဖို့ထက်၊ ပြန်လည်ရယူဖို့ တပြန်မှန် တတ်ကြသည်။

ဒီလိုနဲ့ ကမ္ဘာပေါ်မှာ ရည်းစားတွေဖြစ်လိုက်၊ သူ ဖြတ်လိုက်၊ ကိုယ်က ထားခဲ့လိုက်နှင့် ထိုကိစ္စမှာလည်း ဂျာ သူ့ အမေရိက်သလို သပွတ်အူလိမ်လျက် ရှိချေတော့၏။



ဟော…ဟိုမှာ…။

ဆိုက်ချီ…ပင်မဆောင်ထဲက ထွက်လာပြီ…။

ပန်းနုရောင်ပန်းပွင့်ကလေး နှစ်ပွင့်သုံးပွင့်လောက် ရှိ သည့် ရှူထောင့်ကလေးတစ်ခုကနေ ဆိုက်ချီကိုဓာတ်ပုံရိုက်ရန် သူ ချိန်ရွယ်လိုက်သည်။

လှလိုက်တာ…။ ပန်းပွင့်ကလေးတွေနဲ့ကောင်မ လေး‥။

အဲ…။ လိပ်ပြာကလေးတွေ ပါလာပြီ‥။

အိုကေ…ရိုက်တော့မည်…။

ဒါဟာ Photoshop နဲ့ clip art တွေ လျှောက်ထည့် ထားခြင်းမျိုးမဟုတ်ဘဲ တကယ့်သဘာဝစစ်စစ် ပန်းပွင့်နဲ့လိပ် ပြာတွေကို clip art သဘောမျိုး သုံးကာ မိန်းကလေးတစ်ယောက် ရဲ့ အလှကို အမိအရ ရိုက်ကူးမည့် ဓာတ်ပုံလည်း ဖြစ်သည်။

ဆိုက်ချီ…လက်ကလေး လွှဲ၊ ခေါင်းကလေးနည်းနည်း မော့ပြီး ပြုံးလိုက်ပါဦး‥။

မျက်နှာက နည်းနည်းငုံ့နေတယ်။ ဟုတ်ပြီ…အဲ…။ လှတယ်…။ အိုကေ…။ ရိုက်ပြီ…

"ဖျတ်…"

ဟာ…။

သွားပြီ….။

ဓာတ်ပုံက ရိုက်တော့ရိုက်လိုက်ရသည်။

သို့သော် လှပတဲ့ မြင်ကွင်းနောက်ခံနဲ့ ချစ်သူကိုတော့

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ဖိုင်းမှာ အနောက်ကနေ ဆောင့်အတွန်းခံလိုက်ရသဖြင့် ရှေ့သို့ ဟတ်ထိုး၊ ဟတ်ထိုးရောက်သွားကာ ကင်မရာခလုတ်ကို နှိပ်မိရက်သားဖြစ်သွားသည်။

ဘယ်ကောင်…ဝင်နှောင့်ယှက်သွားတာလဲ…။

နောက်ပြောင်တယ်ဆိုရင်တော့ ဒါဟာ နောင်ပြောင် ခြင်းထက် စော်ကားခြင်းဘက်ကို ပိုရောက်သည်။

ဖိုင်း ဒေါသထွက်ထွက်နှင့် မိမိကို ဆောင့်တွန်းလိုက်သည့် အနောက်ဘက်သို့ လှည့်ကြည့်လိုက်ရာ…။

"ဆောရီးကွာ…မင်းပြောတဲ့ အိုင်းစတိုင်းရဲ့ သီအိုရီအတိုင်း ငါမီးဖိုပေါ် တစ်မိနစ် ထိုင်လိုက်ပြီးတဲ့နောက်ပိုင်း အခုလို လူတွေကိုတွေ့ရင် ဆောင့်ဆောင့် တွန်းချင်လာမိတယ်။ ဘာဖြစ်လို့လဲ မသိဘူး‥"

"ဟား…ဟား…ဟား…ဟား…"

ထေလိုဒန်နဲ့ လူကြီးသား နောက်မြီးဆွဲများ…။

တောက်…။

အများနဲ့တစ်ယောက်ဆိုတော့ ရုပ်ရှင်တွေထဲကလို "ကျား…"ဆိုပြီး လက်သီးတွေဘာတွေနဲ့လည်း သွားထိုးဖို့ မဖြစ်နိုင်…။ မသကာ‥"ကား"သွားနိုင်သည်။

ထေလိုဒန်က အဲဒီလိုပြောပြီး ဖိုင်းကို မိုက်ကြည့်ကြည့်ပြသည်။ ဖိုင်းသည်လည်း ကိုယ်နေဟန်ထား ပြန်ပြင်လိုက်ကာ ထေလိုဒန်နည်းတူ မိုက်ကြည့် ကြည့်နေစဉ် ဆိုက်ချိုဝေးဝေးကနေ မြင်သွားပုံရပြီး အပြေးရောက်လာ၏။



"အဲ…ဖိုင်းရေ…ဆိုက်ချို နည်းနည်းနောက်ကျသွားတယ် ဆောရီး…။ လာ…ကန်တင်းသွားရအောင်‥။ ဗိုက်ဆာပြီ…"

ချစ်သူကောင်းပီသစွာပင် ဖိုင်းကို အန္တရာယ်စက်ကွင်းထဲကနေ ရယ်ရယ်မောမောနှင့် ကယ်ထုတ်ပေးသွားလေသည်။

ဒီကိစ္စကို ဖိုင်းလုံးဝ မကျေနပ်။

ထေလိုဒန်မှာ လူကြီးသားပီသစွာ နောက်မြီးဆွဲများအားကိုးနှင့် ကျောင်းမှာ သူထင်သလို လုပ်နေတတ်သည်။

သူ့အဖေ ဗိုလ်ချုပ်ဟိုက်ဒင်ဆိုတာလည်း တိုင်းပြည်မှာ တစ်ခုခုဖြစ်ပြီဟေ့ဆိုတာနဲ့ စစ်ဥပဒေ၊ စစ်အာဏာတွေသုံးကာ ပြားနေအောင်သာ စွမ်းဆောင်တတ်သည်။ တစ်မိသားစုထဲမှာ အတူနေနေသည့် သားဖြစ်သူကိုတော့ 144သုံးပြီး နေဝင်မီးငြိမ်း အုပ်ချုပ်နိုင်ပုံ မပေါ်ချေ။

"လာပါ ဖိုင်းရယ်။ သူတို့ကို ခေါင်းထဲ ထည့်မနေစမ်းပါနဲ့…"

"များနေပြီ…။ ဒီကောင် လူကြီးသားဆိုပြီး လူအုပ်အားကိုးနဲ့ ကျယ်နေတာ…"

"ထေလိုဒန်အကြောင်းကို တစ်ကျောင်းလုံး သိကြပါတယ်။ သူ့ကို ပေါင်းနေကြတဲ့ သူတွေဆိုတာလည်း သူ့ကိုအသုံးချပြီး၊ သူ့အဖေဆီကနေ တစ်ခုခုကို ရယူဖို့ ပေါင်းနေကြတဲ့သူတွေချည်းပဲ။ တကယ့်တကယ် စဉ်းစားကြည့်ရင် ထေလိုဒန့်ဘ ကများဖို့တောင် ကောင်းပါတယ်ဖိုင်းရယ်။ သူ့အနားမှာ တစ်မှန်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ မိတ်ဆွေဆိုတာ မရှိပါဘူး”

ချစ်သူက ဖြောင့်ဖျနားချပြီး ခေါ်လာ၍သာ သူကန်တင်းသို့ ရောက်လာခဲ့သည်။ စိတ်ထဲမှာတော့ စောစောကဖြစ်ရပ်အတွက် ထေလိုဒန်ကို နည်းနည်းလေးမှမကျေနပ်။

ညက ရေးထားတဲ့ ပူပူနွေးနွေးကဗျာလေးကို ဒီနေ့မနက်ရိုက်ကူးမည့် စိတ်ကူးယဉ်ဓာတ်ပုံကလေးနှင့် ရောစပ်ချယ်မှုန်းမည့် မိမိအနုပညာစိတ်ကူးကလေးကို လောလောဆယ်တော့ စွန့်ပစ်လိုက်ရသည်။

ထေလိုဒန်ကို ဖိုင်းမကျေနပ်။

တစ်ယောက် တစ်ယောက်ချင်းသာဆိုလျှင် သူတင်ကိုယ်တင် ထိုးကြိတ်ပစ်လိုက်ချင်သည်။

ထိုသို့ ထေလိုဒန်အပေါ် မကျေနပ်စိတ်များသည် နောက်ရက်အနည်းငယ်အကြာ တစ်ခုသော ညဘက်အရောက်၊ ဖိုင်း သူ့ဟမ်းဖုန်းရဲ့ gallery မှ ဓာတ်ပုံများကို ဘာရယ်မဟုတ် တစ်ပုံပြီးတစ်ပုံ ကြည့်ရှုနေစဉ်ပင် အံ့ဩသင့်သည့်ဘက် ကူးပြောင်းသွားရလေတော့သည်။

နောင်အခါ စွန့်စားဖွယ်ရာ ခရီးရှည်ကြီးရဲ့အစကို ထေလိုဒန်ကပင် စတင်ခဲ့လေသည်ဟုပင် ပြောလို့ရပေသည်။

အကြောင်းမှာ....

♻ ♻ ♻

# အခန်း ( ၄ )

ယနေ့ ရာသီဥတု မကောင်းတဲ့အပြင် Sunspot activity (နေထွက်လှုပ်ရှားမှု)များကြောင့် Burning lonosphere (အိုင်ယွန်နိုစဖီးယားအလွှာ မီးတိုက်ခြင်း) စမ်းသပ်မှုမှာ ထင်သလောက် ခရီးမတွင်။

ပါမောက္ခ အန်ဒီလန်မှာ တားမြစ်ဇရိယာထိန်းချုပ်စခန်းရဲ့ မှန်သားပြင်ကနေ မြင်နေရတဲ့ ခပ်လမ်းလှမ်းက Phased array ကို ကလေးငယ်တစ်ယောက်လို ငေးကြည့်နေမိသည်။

Phased array ဆိုသည်မှာ အကွက်ကျကျ စီစဉ်တည်ဆောက်ထားသည့် အင်တာနာ(Antenna)အစုအဝေးကြီးကို ခေါ်သည်။

ဟိုးခပ်လှမ်းလှမ်းမှာ Optics Shelter Domes များ၊ Classic 30 MHz Riometer များနှင့် Imaging Riometer များကို ပါမောက္ခကြီးခပ်တွေတွေ စိုက်ကြည့်ရင်း သက်ပြင်းကို ဖြည်းဖြည်းခြင်း ရှိုက်ချနေမိ၏။

www.burmeseclassic.com



ဒီစီမံကိန်းကြီးကို စစ်ဘက်ထိပ်တန်းအရာရှိကြီးများနှင့် တက္ကသိုလ်မှ ပညာရှင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

စီမံကိန်းရဲ့ မူလရည်ရွယ်ချက်မှာလည်း အထူးကောင်းမွန်ခဲ့ပါသည်။

ကမ္ဘာမြေပြင်ရဲ့အထက် ကီလိုမီတာ ၅၀ကနေ ၁၀၀၀ ကြားမှာရှိတဲ့ အိုင်ယွန်နိုစဖီးယားအလွှာကို ပိုမိုစူးစမ်းသုတေသနပြုလုပ်ဖို့နဲ့ နိုင်ငံတော်လုံခြုံရေးအတွက် ရေဒီယိုလှိုင်းများအကြောင်း ပိုမိုနားလည်သဘောပေါက်ရန် သုတေသနလုပ်ဖို့ ဒီစီမံကိန်းကို စတင်ခဲ့ခြင်း ဖြစ်လေသည်။

"ဆရာကြီး.. အတွေးလွန်နေပြီနဲ့တူတယ်..."

လက်ထောက် ယူဆွန်လာ အနီးအပါးကို ရောက်လာတော့မှ ပါမောက္ခကြီး အတွေးနယ်ချဲ့ရာမှ ရပ်တန့်သွားခဲ့သည်။

ဆရာ ယူဆွန်လာမှာ ဒီအချိန်ရောက်လျှင် ပါမောက္ခကြီးသောက်ဖို့ ကော်ဖီပူပူတစ်ခွက်လာပို့နေကျမို့ အခုလည်း ကော်ဖီပူပူတစ်ခွက်နှင့် ရောက်ချလာသည်။

"ကော်ဖီသောက်ပါဦး ဆရာကြီး.."

"အေး..."

အဘိုးကြီးက ကော်ဖီတကျိုက် မော့သောက်လိုက်ရင်း...

"ငါ စောစောတုန်းကပဲ ရယ်စရာတစ်ခု စဉ်းစားမိသေးတယ်..."

"ဟုတ်ကဲ့...ဆရာကြီး..."



"သြော်..ဒီလိုပါကွာ...။ ခပ်ဆိုးဆိုးလူငယ်လေးတွေ လက်ဆော့ပြီး ကားလမ်းဘေးမှာရှိတဲ့ Light box ဆိုင်းဘုတ်တွေကို ခဲနဲ့ပေါက် ဖျက်ဆီးခဲ့လို့ အပေါက်ကြီးဖြစ်သွားရင် ဖမ်းလို့ တရားစွဲလို့ရတယ်ကွ..."

"ဟုတ်ကဲ့..."

"ငါတို့ သိပ္ပံပညာရှင်တွေများ ရွှေညာဏ်တော်စူးပြီး ကောင်းကင်ပေါ်တက် အပေါက်ဖောက်တာကျတော့ ဘယ်သူမှ တရားစွဲလို့ မရကြဘူး။ ဘယ်သူမှတောင် မသိလိုက်ကြဘူး"

"အာ...ဆရာကြီးကတော့ ပြောရှာ့မယ်..."

ပြောပြီး ဆရာတပည့်နှစ်ယောက် စိတ်အချဉ်ပေါက်ကာ ရယ်မောမိကြသေးသည်။

"ကမ္ဘာပေါ်မှာ လူသားသန်းပေါင်း ရှစ်ထောင်ဝန်းကျင်ရှိတယ် ယူဆွန်လာ..."

"ဟုတ်ကဲ့...ဆရာကြီး..."

"အိုင်ယွန်နိုစပီးယားအလွှာကို မရဏလက်နက်လို သဘောထားပြီး အသုံးချတတ်သူဆိုလို့ လက်တစ်ဆုပ်စာလောက်ပဲ ရှိမယ်။ ငါတို့ဟာ အပြစ်မဲ့လူသားတွေအပေါ် သိပ်များကောက်ကျစ်စဉ်းလဲမိနေပြီလို့ မင်းမထင်ဘူးလား..."

"အဲ...ဒါကကျတော့..."

ဆရာ ယူဆွန်လာ စကားဆက်ပြောဖို့ အတော်လေးခက်သွားသည်။ သူ့မျက်လုံးထဲမှာ သဘောထားတင်းမာလှသည့် နိုလ်ချုပ်ဟိုက်ဒင်ကို ပြေးမြင်ယောင်မိပြီလို့ အဘိုးကြီးသဘော

www.burmeseclassic.com

www.burmeseclassic.com



ပေါက်လိုက်သည်။

"သိပ္ပံပညာရှင်တွေ တော်တော်များများ တစ်ခါတစ်ရံမှာ အကြပ်အတည်းတစ်ခုအောက်ကို ကျရောက်တတ်စမြဲပါ ဆရာကြီး…။ ဆရာကြီးအခုဖြစ်နေတဲ့ အကြပ်အတည်းလိုပုံစံမျိုး အိုင်းစတိုင်းလည်း ဖြစ်ခဲ့တာပါပဲ…"

"ငါ သိပါတယ်…သီအိုဒိုရုစဗဲ့(အမေရိကန်သမ္မတ) ဆီ စာရေးပြီး ဂျာမန်တွေလက်ဦးမှု မရခင် အမေရိကန်မှာ အဏုမြူလက်နက်တွေ ဖန်တီးသင့်ပြီလို့ အကြံပေးခဲ့ဖူးတယ်။ ထားလိုက်ပါကွာ။ ဒုတိယကမ္ဘာစစ်အကြောင်းတွေ ဆွေးနွေးရတာ ငြီးငွေ့စရာကောင်းပါတယ်။ ငါတို့တတွေအခု ဝဲလည်နေတာတော့ သေချာတယ်"

"ဟောဗျာ…ဆရာကြီးကလည်း ဘာဖြစ်ရပြန်ပြီတုံး"

"တို့ကျောင်းက ကျောင်းသူ၊ ကျောင်းသားတွေကို အိမ်စာတွေနဲ့ ဖိအားပေးသလိုမျိုးပဲ ငါတို့အပေါ်မှာလည်း ဖိအားတစ်ခုက အိမ်စာဆန်ဆန် ရောက်နေတယ်လေ ယူဆွန်လာ၊ ငါ့ခန္ဓာကိုယ်တစ်ခုလုံး လေးလံနေမိတယ်.."

ဆရာကြီး ဘာကိုဆိုလိုမှန်း သဘောပေါက်ပြီး ယူဆွန်လာ ပြုံးလိုက်မိသည်။

The Bulge …။

(သို့မဟုတ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်အာဏာပိုင်များ သဘောကျနှစ်သက်လောက်သည်အထိ တင်ပြရမည့် The



Bulge (ခေါ်) အိုင်ယွန်နိုစပီးယားအလွှာ အဖုစာတမ်းတစ်စောင်…။

♻ ♻ ♻

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၈ )

ဇိုင်းသည် ထေလိုဒန်ဆောင့်တွန်းလိုက်သဖြင့် ဟတ်ထိုး၊ ဟတ်ထိုးဖြစ်သွားစဉ် ရိုက်မိရိုက်ရာ ရိုက်သလို ဖြစ်သွားသည့် touch screen ပေါ်မှ ဓာတ်ပုံကိုကြည့်ပြီး အသက်ရှုရပ်တန့်သွားသည်။

ပန်းပွင့်ကလေးတွေနားမှာ ထူးဆန်းသည့် ပုံရိပ်တစ်ခု ...။

ဒီ ဓာတ်ပုံကို တခြားသူ တစ်ဦးတစ်ယောက်ဆီမှာသာ မြင်တွေ့ခဲ့လျှင် Photoshop နှင့် effect ထည့်ထားသည်ဟုသာ ဇိုင်း ယူဆမိပေလိမ့်မည်။

အခုဟာက ကိုယ်ကိုယ်တိုင် ရိုက်ခဲ့မိတဲ့ ဓာတ်ပုံတစ်ပုံ...။ အဲဒီဓာတ်ပုံမှာ လာထင်နေတဲ့ ပုံရိပ်တစ်ခု...။

ဇိုင်းနည်းနည်း Zoom ချဲ့ပြီးကြည့်လိုက်တော့ ပုံရိပ်ကလေးမှာ ပိုလို့ပင် ထင်ရှားပြတ်သားစွာ မြင်လာရသည်။



ဘယ်လောက်တောင် အံ့ဩတုန်လှုပ်စရာ ကောင်းလိုက်ပါသလဲ။

သူ့ဓာတ်ပုံမှာ လာထင်နေသည့် ပုံရိပ်မှာ ကြားဖူးနားဝရှိစဉ်တွေအတိုင်း၊ မောလို i pad ထဲက ဓာတ်ပုံအတိုင်း ကြောက်စရာကောင်းသည့် ဝိဉာဉ်ပုံ၊ သရဲပုံတွေမဟုတ်။

အရမ်းကို ချစ်စရာကောင်းသည့် နတ်သမီးပုစိကွေးကလေး တစ်ယောက်ပင်...အဲလေ တစ်ပါးပင်...။

အကောင်လေးက ခပ်သေးသေး၊ အလင်းတန်းတွေဖြာထွက်နေသည့် အတောင်ပံကလေးနှစ်ဖက်နဲ့။ ပန်းပွင့်တွေကြားမှာ နှင်တံကလေးတစ်ချောင်းကိုင်ကာ ပျော်မြူးပျံသန်းလျက်ရှိသည့် ပုံရိပ်ကလေးတစ်ခု...။

နတ်သမီးလေးလိုလို လူပျံတော်လေးလိုလိုနှင့် ချစ်စရာ၊ သည်းယားစရာကောင်းလှသည်။

ဒီကိစ္စကို ဆိုက်ချီဆီ ဒါမှမဟုတ် မောလိုနဲ့ဘားနော်ဆီ ဖုန်းဆက်ပြီး ပြောလိုက်ရရင်ကောင်းမလား ဇိုင်းစဉ်းစားကြည့်လိုက်သေးသည်။

သူတို့က ယုံကြမှာတဲ့လား...။

ဒီ ဓာတ်ပုံကို ဘယ်သူ့ကိုပဲပြပြ photoshop နဲ့လုပ်ထားတာပါကွာလို့ ပြောကြမည့်သူတွေချည်းပင်..။

ဒီအချိန်မှာ အခုခေတ်လူငယ်တွေ လုပ်ကြသလိုမျိုး၊ အာလေးအထီးနှစ်ကောင်၊ မိတ်လိုက်ရင်း ရန်ဖြစ်ကြတာကအစ ဓာတ်ပုံရိုက်ပြီး ပို့(စ်)တင်ကြသလို facebook ပေါ်တင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ရရင် ကောင်းမလား ဖိုင်းစဉ်းစားကြည့်မိသေးသည်။

photoshop အကူအညီနဲ့ မြွေပောက်တစ်ကောင်ကို ခေါင်းခုနှစ်လုံးတပ်ပေးပြီး ပေါက်တတ်ကရလျှောက်လုပ်သွားကြတဲ့ ဓာတ်ပုံတွေ၊ ၂၂ ဘီးယာဉ်နှင့်ပင် မဆန့်သည့် မြွေကြီးဆိုပြီး လီဆယ်သွားကြတဲ့ ဓာတ်ပုံတွေကြောင့် အထာနပ်သွားကြတဲ့ facebook user တွေက ဖိုင်းရဲ့ လှုပုံတော်ပုံကလေးပါတဲ့ ဓာတ်ပုံကို အမှန်တကယ် အယုံအကြည်ရှိကြမှာတဲ့လား…။

ဖိုင်း အတွေးရကြပ်သွားသည်။

ဓာတ်ပုံထဲက ပုံရိပ်ကြောင့် အံ့အားသင့်ပြီး ဝုန်းဝုန်းဒိုင်းဒိုင်း ထ,လုပ်မည့် အစီအစဉ်များပင် ခဏတန့်သွားသည်။

ငါတို့ ဘာသိနမ်တက္ကသိုလ်ကြီးရဲ့ ပန်းခြံသေးသေးလေးထဲမှာ နတ်သမီးလေးတစ်ပါးတကယ်ရှိတယ်။ ဒါကို ငါပဲသိတယ်။

ဟုတ်တယ်။ ဒီကိစ္စကို ငါ ပါးပါးနပ်နပ်နဲ့ကိုင်တွယ်သင့်တယ်။

တိုးတိတ်တဲ့ နည်းလမ်းနဲ့ နတ်သမီးလေးကို ငါ ဆက်သွယ်ကြည့်သင့်တယ်။ ဟုတ်တယ်။ ဒီကိစ္စကို နတ်သမီးလေးသဘောမတူခဲ့ရင် ချစ်သူကိုတောင် ငါဖွင့်မပြောတော့ဘူး။

မနက်ဖြန် ငါစောစောလေး ကျောင်း,ထသွားပြီး ပန်းခြံထဲကိုဝင်မယ်။ နတ်သမီးလေးနဲ့ ဆက်သွယ်ကြည့်မယ်။ ဒီနေ့မနက်တောင် သူပန်းခြံထဲမှာရှိတာ မနက်ဖြန်လည်း သူပန်းခြံထဲမှာ ရှိနေနိုင်တာပဲ…။



ငါ ပါးနပ်ဖို့လိုတယ်။ သူတို့ နှစ်သက်သဘောကျလာတဲ့အထိ ငါလျှို့ဝှက်ပြီး သစ္စာရှိဖို့လိုတယ်။

ထိုညက ဖိုင်းတကယ်ပင် အိပ်မပျော်ခဲ့ချေ။

မနက်ဖြန် ရောက်ဖို့သာ စိတ်စောနေပြီး၊ ခေတ်သစ်တမ္ဘာဦးနေ့ကစလို့ သူ့ဆီရောက်လာတဲ့ ထူးခြားဖြစ်စဉ်များနဲ့ ဓတ်သက်ပြီး ဖိုင်းစဉ်းစားရင်း မိုးလင်းခဲ့ရတော့သည်။

♻ ♻ ♻

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၉ )

မနေ့က ပွင့်ခဲ့တဲ့ ပန်းပွင့်ကလေးတွေ တော်တော်များများ ဒီနေ့မနက်တော့ ညှိုးခြောက်လျက်ရှိပြီး၊ မနေ့က ချီနေသည့် ဖူးတံလေးများမှာတော့ ဒီနေ့ အစွမ်းကုန် ပွင့်ဖူးလျက်ရှိချေသည်။

တက္ကသိုလ်ပင်မဆောင်ရှေ့က ပန်းခြံလေးထဲ ဖိုင်း ရောက်ရှိနေသည်မှာ အတော်ကြာပြီ…လုပ်ငန်းကို ဘယ်ကနေ ဘယ်လိုစ,ရမှာမှန်းမသိ…။ မနေ့ကလို ဟာမ်းဖုန်းနှင့်ခာတ်ပုံ တဖျတ်ဖျတ်ရိုက်နေပါလျှင်လည်း နတ်သမီးပေါက်စက စိတ်ဆိုးသွားမှာကြောက်ရသေးသည်။

ဒီနေရာမှာ အင်မတန်မှ ပါးနပ်ဖို့လိုမည်ဖြစ်ကြောင်း ဖိုင်း သိထားသည်။

အသံပြုပြီး ခေါ်လိုက်ရရင် ကောင်းမလား…။ လောလောဆယ် ပန်းခြံထဲမှာတော့ ကိုယ်တစ်ယောက်ကလွဲပြီး ဘယ်သူမှမရှိသေး။



သားဘီကိုလည်း ဝဲကြည့်ရသေးသည်။ တော်တော်ကြာ မနေ့ကလို ဆောင့်တွန်းတဲ့အုပ်စုနဲ့တွေ့နေမှ ဟုတ်ပေ့ဖြစ်နေဦးမည်။

နတ်သမီးလေးရေ…နင့်ကို ငါဘယ်လိုဆက်သွယ်ရမလဲ…။

လုပ်စမ်းပါ…နင်နဲ့ငါ အပေါင်းအသင်းဖြစ်ကြည့်ရအောင်…။

ဖိုင်း အသက်ရှူနှုန်း အနည်းငယ်မြန်ဆန်လာရင်း ခပ်တိုးတိုးကလေး ရေရွတ်လိုက်သည်။

"နတ်…သ‥မီး…လေး…"

အတော်ကြောင်တဲ့ ကိစ္စပင်။

အခုအချိန် နားပါးပြီး ဗရုတ်ကျတတ်တဲ့ ကျောင်းသူတစ်ယောက်တလေများ ကြားသွားလို့ကတော့ 'ဟေ‥ဘာတုံး' ဆိုပြီး ကိုယ့်ဆီရောက်လာမှ ဒုက္ခ…။

"နတ်…သ…မီး‥လေး…"

ပန်းပွင့်ကလေးတွေ အနည်းငယ် ယိမ်းနွဲ့သွားသည်မှာ လေတိုးသွား၍ပဲ ဖြစ်ပါလိမ့်မည်။

အခုအချိန်အထိတော့ ကိုယ်အရူးထနေတာ တစ်ယောက်တလေမှ သတိထားမိသေးမယ့်ပုံတော့ မပေါ်။

နှစ်ခွန်းမျှ ခေါ်လိုက်ပြီးသည့်နောက် ဖိုင်းနည်းနည်းရှက်နှာပြောင်သွားသည်။ ခေါ်ရမှာကို အရင်ကလို သိပ်မကြောက်တော့‥။ သိပ်လည်း မရှက်တော့…။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ…မနေ့က…နတ်…သမီး…လေး…"

ဟင်…။

ထူးခြားပါသည်။

အနည်းငယ်တော့ ထူးခြားသွားသည်။

ပိန်းပင်ရဲ့ အစိမ်းရောင်အရွက်ဖားဖားကြီးပေါ်ကနေ တစ်စုံတစ်ရာ လျှောတိုက်ဆင်းသွားတဲ့ အသံနဲ့ ကလေးပေါက်စနလေးရဲ့ ရယ်သံလိုလို ခပ်သဲ့သဲ့ကို ကြားလိုက်ရသည်။

"နတ်သမီးလေး…အနားမှာ ရှိလားဟင်…"

ဖိုင်း နည်းနည်း အတင့်ရဲလာသည်။ ကိုယ့်ကို လည်း တစ်ယောက်ယောက်က စိုက်ကြည့်နေသလို ခံစားလာရ သဖြင့် ဆက်သွယ်မှုကို ပိုမို တိုးမြှင့်ကြည့်လိုက်သည်။

"နတ်သမီးလေး…အတောင်ပံကလေးနဲ့ နှင်တံလေး တစ်ချောင်းပါတယ်။ ငှက်ကလေးတွေလို ပျံသန်းနိုင်တယ်။ လှတုံ ကလေးက ကြောင်တစ်ကောင်လောက်ပဲ ရှိမယ်။ အရမ်းလည်း ချစ်စရာကောင်းတယ်။ မနေ့က ပန်းပွင့်တွေကြားမှာ ပျံသန်း သွားတာကို ငါတွေ့ခဲ့ပြီးပြီ။ အခု အနားမှာရှိတယ်ဆိုရင် ကိုယ် ထင်ပြပါလားဟင်…။ မင်းနဲ့ငါ မိတ်ဆွေဖြစ်ကြည့်မယ်လေ…"

ဖိုင်းစကားအဆုံးမှာပင် ပန်းခြံလေးထဲမှာရှိတဲ့ တစ်ပွင့် တည်းသော ကြက်သွေးရောင်နှင်းဆီပွင့်အကြီးကြီးမှာ တုန်ခါ လာသည်ကို အံ့ဩဖွယ်ရာ တွေ့လိုက်ရသည်။

"ရှင်နဲ့ စကားပြောဖို့ နှင်းဆီပွင့်ကလေးကို ကျွန်မ ဝင်ပူးလိုက်ပြီ…"



တုန်ခါနေတဲ့ နှင်းဆီပွင့်ကလေးထဲက ထွက်လာတဲ့ စကားသံသဲ့သဲ့။

အို…အံ့ဩစရာကောင်းလိုက်တာ။ အစိမ်းအဝါးတွေ လူတွေဆီ ဝင်ပူးကြသလို နတ်သမီးပေါက်စလေးတွေဟာလည်း ပန်းပွင့်ကလေးတွေကို ဝင်ပူးလို့ရကြသတဲ့လား…။

ဖိုင်းသည် တုန်ခါနေသော နှင်းဆီပွင့်ကလေးကို ကြည့် လိုက်ရင်း အနည်းငယ်ပြုံးလိုက်မိကာ…။

"မင်းနာမည် ဘယ်လိုခေါ်လဲ…."

"ကိ…"

"ဟင်…"

"ကိ…"

"ဪ…"

ကောင်းပေါ်လေ့…။ ကိနဲ့ဖိုင်းလာတွေ့ကြတာကိုး…။

"မသိလို့ မေးတာနော်…။ စိတ်မဆိုးနဲ့…။ မင်းက ဘာလေးလဲ…"

"ပန်းကလေးတွေဟာ ရာသီကိုလိုက်ပြီး အတူတူပွင့် ဖူးကြတာကို ရှင်သတိထားမိလား…"

"ဘယ်လို…ဘယ်လို…"

"ဥပမာ…ခရစ္စမတ်ပန်းအနီလေးတွေဆိုပါတော့…။ သူတို့ဟာ တစ်နှစ်လုံး စည်းမရှိ ကမ်းမရှိပွင့်တာမဟုတ်ဘူးရှင့် အေးတဲ့တောင်ပေါ်ဒေသတွေမှာဆို သူတို့တပြိုင်နက်ပွင့်ကြောင်း ရှင်သတိထားမိလိမ့်မယ်။ ရှင်ဟာ ဒီထက်ပိုပြီး စူးစမ်းလေ့လာ

www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့သူဆိုရင် ခရစ္စမတ်ပန်းတွေဟာ နိုဝင်ဘာ ၁ ရက်နေ့
မှာ လုံးဝပြိုင်တူ ပွင့်တတ်ကြောင်း သတိထားမိပါလိမ့်မယ်။

"ထားပါတော့ ..ငါက ပန်းပွင့်တွေကို သိပ်စိတ်ဝင်
စားတတ်တဲ့ လူတစ်ယောက်မဟုတ်ပါဘူး။ မင်းဆိုလိုချင်တဲ့
အဓိပ္ပာယ်က ဘာလဲ.."

"ရှင်မေးတဲ့ မေးခွန်းကို ဖြေလိုက်တာလေ။ ကျွန်မတို့
က ပန်းပွင့်ကလေးတွေကို အချိန်နဲ့တပြေးညီ တပြိုင်နက်ပွင့်
အောင် ဆော်ဩရတဲ့ Angel လေးတွေပါ..."

"ဘာ..."

တုန်ခါနေတဲ့ နှင်းဆီပွင့်ကလေးရဲ့စကားကြောင့် ဇိုင်း
တော်တော်လေး အံ့အားသင့်သွားရလေတော့သည်။

နတ်သမီးလေး 'ကီ'က ဆက်ပြောပြန်ပါသေးသည်။

"ရှင်မယုံရင် သတိထားလေ့လာကြည့်လို့ရပါတယ်
မီးထွန်းပွဲတော်ကျင်းပတဲ့ လပြည့်ညရဲ့ လရောင်ဟာ တော
နေကြာပန်းပွင့်ကလေးတွေကို ပွင့်ဖူးလာစေဖို့ ကျွန်တို့ကို သတိ
ပေးတဲ့ နှိုးဆော်သံပါပဲ...။ အဲဒီတစ်ညလုံး ကျွန်မတို့ဟာ တော
တောင်အနှံ့က တောင်နေကြာပန်းပွင့် ဝါဝါလေးတွေကို ပွင့်ဖြ
ဖို့ နှင်တံကလေးနဲ့တို့ပြီး ဆော်ဩကြရတယ်။ လပြည့်ညရဲ့ပြည့်
ဝတဲ့ လရောင်နဲ့တစ်ညလုံး တဖျောက်ဖျောက် ကျဆင်းလာတဲ့
နှင်းစက်ကလေးတွေကို သောက်စို့ရင်း လပြည့်ကျော်တစ်ရက်
မနက်စောစောမှာပဲ တောင်နေကြာပန်းပွင့်ဝါဝါလေးတွေ နေ
တကာမှာ ပွင့်ဖူးလာတာကို ရှင်မြင်ရလိမ့်မယ်"



"ဟင်..."

အမှုမဲ့အမှတ်မဲ့ ကိစ္စတစ်ခုကို 'ကီ'ပြောပြလေတော့မှ
သူပြန်ပြီး စဉ်းစားကြည့်မိသည်။

ဖြစ်ကောင်းဖြစ်နိုင်တာပဲ။ လမ်းဘေးမှာ အလေ့ကျ
ပေါက်ကြတဲ့ ပန်းနုရောင်လီလီပန်းပွင့်ကလေးတွေ ပွင့်ပြီဟေ့ဆို
ရင် ဇိုင်းတို့တစ်မြို့လုံး ပန်းနုရောင်သမ်းသွားတာပဲ...။

ပန်းနုရောင်လီလီပန်းကလေးတွေရဲ့ နောက်မှ ပွင့်တဲ့
အဝါရင့်ရင့်လီလီပန်းတွေဆိုလည်း ဒီအတိုင်းပဲ..။ ပွင့်ပြီဆိုတာ
နဲ့ တစ်မြို့လုံး ဝါထိန်သွားတာပဲ။

တစ်မြို့လုံး ပန်းနုရောင်သန်းနေတဲ့အချိန် ဘယ်တော့မှ
အဝါရောင်ပန်းကလေးတစ်ပွင့်တည်း ပွင့်လေ့မရှိဘူး။ အဲဒီပန်း
နှစ်မျိုးစလုံးဟာ မိုးရေရတော့မှ ပွင့်ကြရတဲ့ ရာသီပန်းကလေး
တွေ။ ဒါကိုတော့ ဇိုင်းသတိထားမိနေတာကြာပြီ။

ဒါပေမယ့် ဒီပန်းကလေးတွေရဲ့ နောက်ကွယ်မှာ နတ်
သမီးလေး 'ကီ'လို Angel လေးတွေ ရှိနေမှန်းတော့ ဇိုင်း သတိ
မထားမိ။ ဘယ်သူမှလည်း သတိထားမိမယ် မထင်။ ဇိုင်း
နတ်သမီးလေး 'ကီ'ကို ထပ်ပြီး မြင်ဖူးချင်လာပြန်သည်။

"မင်း ငါ့ကို ထပ်ပြီး ကိုယ်ထင်ပြပါလား..."

"ဝမ်းနည်းပါတယ်။ သာမန်အလင်းလှိုင်းကြားမှာ ကျွန်
မတို့ကို ရှင်တို့ လူသားတွေမြင်ရမှာ မဟုတ်ပါဘူး"

ဇိုင်းက ဟန်ပါပါ ပုခုံးတွန့်လိုက်ပြီး....။

"ဒါပေမယ့် မင်းရဲ့ပုံရိပ်တွေကို မနေ့က ငါရိုက်ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



မာတ်ပုံထဲမှာ ဖမ်းယူလို့ရခဲ့တယ်လေ''

''ကျွန်မ မနေ့က နည်းနည်းလေး ဝမ်းနည်းနေမိတယ်။ ဝမ်းနည်းနေတဲ့အချိန်မှာ ကျွန်မရဲ့ ကိုယ်ရောင်ကိုယ်ဝါက မှိန်ဖျော့သွားလို့ ရှင်ရိုက်လိုက်တဲ့ ကင်မရာထဲက နည်းနည်းရှုပ်ထွေးတဲ့ အလင်းလှိုင်းဖမ်းယူမှုစနစ်ကြောင့် ရှင့်မာတ်ပုံထဲမှာ ကျွန်မကို တွေ့လိုက်ရတာပါ…''

''ဝမ်းနည်းတယ်…။ မင်းက ဘာ့ကြောင့် ဝမ်းနည်းရတာလဲ…''

နှင်းဆီပွင့်ကလေးဆီမှ သက်ပြင်းချသံ သဲ့သဲ့နှင့်အတူ

''ရှင်တို့ ကမ္ဘာပေါ်က နေရာတော်တော်များများမှာ နောက်ထပ် စစ်ပွဲတွေ ဖြစ်လိမ့်ဦးမယ်။ လူတွေ တော်တော်များများဟာ ဒုက္ခသည်စခန်းတွေ စစ်ဘေးရှောင်ဒေသတွေကို သွားနေရလို့ သူတို့ပန်းတွေစိုက်ဖို့ သတိရကြမှာ မဟုတ်ဘူး…။

''ဩော်…''

''နောက်ပြီး စစ်ပွဲတွေမှာသုံးတဲ့ လက်နက်ဒဏ်တွေကြောင့် မြေဆီလွှာတော်တော်များများ ဓာတုအဆိပ်တွေသင့်ပြီး ကမ္ဘာပေါ်မှာ ပန်းပွင့်ရမယ့်နေရာတွေ ဟက်တာချီပြီး ဆုံးရှုံးရလိမ့်မယ်''

''ဟင်း…''

ဒီတစ်ခါ သက်ပြင်းချမိသူကတော့ သူကိုယ်တိုင်ပင်…

''ဝင်ရိုးစွန်းဒေသတွေမှာ ရေခဲတောင်တွေ အရည်ပျော်



နှန်းမြန်လာလို့ ပင်လယ်ရေမျက်နှာပြင်တွေ မြင့်တက်လာတယ်ဆိုတဲ့ သတင်းတွေကြားရတိုင်း ရှင်ဘယ်လိုခံစားရလဲ…''

''တို့ရဲ့ သားစဉ်မြေးဆက်တွေအတွက် ဝမ်းနည်းသလိုခံစားရတယ်''

''အဲလိုပဲပေါ့…။ ပန်းပွင့်ရမယ့် နေရာတော်တော်များများ မရှိတော့ဘူးလို့ သိလိုက်ရတဲ့ ကျွန်မတို့လည်း ရှင်တို့လိုပဲ ဝမ်းနည်းရတာပါပဲ..''

ဒီဥပမာလေးနဲ့တင် 'ကီ'ကို သူ လေးစား အထင်ကြီးသွားရလေပြီ။ ပန်းတွေ မပွင့်တော့မှာကို ကြိုတွေးရင်း ဝမ်းနည်းနေတဲ့ နတ်သမီးလေး'ကီ'ကို သူ့အရမ်းကို ခင်မင်သွားရသည်။

ထိုစဉ်…။

ဖျတ်ကနဲ တွေ့လိုက်ရတဲ့ ချစ်သူရဲ့ အဝေးကပုံရိပ်ကြောင့် သူ နှင်းဆီပွင့်ကလေးကို စကားစ,မဖြတ်ချင်ပါသော်လည်း…

''ကီ…။ ငါ့ချစ်သူလာနေပြီ မင်းနဲ့နောက်နေ့တွေလည်း စကားပြောချင်ပါသေးတယ်။ ဘယ်လိုဆက်သွယ်ရမလဲဟင်''

''ကျွန်မလည်း ရှင့်ကို ခင်ပါတယ်။ ရှင်ဘယ်နေရာပဲရောက်ရောက် ကျွန်မကို 'ကီ'လို့ ခေါ်၊ စိတ်ကနေ မြင်ယောင်ပြီး ဆက်သွယ်လိုက်ပါ။ ကျွန်မရောက်လာခဲ့မယ်''

''အိုကေ…''

''အဲ..နေဦး…။ ကြားခံအဖြစ် ရှင့်နားမှာ ပန်းကလေးတစ်ပွင့်တော့ ရှိပါစေ။ ပန်းကလေးကို ဝင်ပူးပြီးရှင်နဲ့ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



စကားပြောကြတာပေါ့...''

''နတ်သမီးလေး'ကိ'ကို သူလုံးဝ လက်ဖျားခါသွားရချေပြီ...။

အတုန်တုန်အရင်ရင်ဖြစ်နေတဲ့ နှင်းဆီပွင့်ကလေးမှာ အခုတော့ သူမဟုတ်တော့သလိုပင် လေအဟေ့မှာ အလိုက်သင့်ကလေး ယိမ်းနွဲ့လျက် ရှိချေသည်။

ဟင်း...။

အရာရာဟာ အိပ်မက်မက်နေသလိုပဲလား..

ဒါမှမဟုတ် ဂရိဒဏ္ဍာရီပုံပြင်ထဲကို အရှင်လတ်လတ် ရောက်သွားသလိုပါပဲလား...။

ခိုင်း မျက်ခုံးတွန့်ရင်း စဉ်းစားနေမိသည်။

နတ်သမီးတွေ တကယ်ရှိတယ်ဆိုတာ အယုံအကြည်မရှိဘူးဆိုရင် ပါမောက္ခကြီး အန်ဒီလန်ဟာ သူ့သမီး၊ ကိုယ့်ချစ်သူကို ''ဆိုက်ချီ''လို့ နာမည်ပေးခဲ့မှာတော့ မဟုတ်။

ဂရိနတ်သမိုင်းကို ထုံးလိုချေရေလိုနှောက် သိထားသူတိုင်း 'ဆိုက်ချီ'ကို သိကြလိမ့်မည်။

ဆိုက်ချီမှာ ကျူးပစ်ဟုခေါ်သည့် မြားနတ်မောင်နတ်သားလေး၏ ချစ်သူမဟုတ်ပါလား...။

✿ ✿ ✿

# အခန်း ( ၁၀ )

ဘယ်သူမှ မမြင်အောင် တိတ်တဆိတ်ထည့်ထားတဲ့ ခိုင်းရဲ့ အိတ်ထောင့်ထဲက ပန်းပွင့်သေးသေးလေးမှာ အနည်းငယ် တုန်ခါသွားပြီး...

''မနက်ဖြန် မိုးလေး တဖြိုက်နှစ်ဖြိုက် ရွာလိုက်တာနဲ့ ရှင်တို့ တစ်မြို့လုံး အရှူးပန်းတွေ ပွင့်ကြတော့မယ်..''

ခိုင်းနဲ့ကိရဲ့ ခင်မင်မှုမှာ အလွန်တာရာ သိမ်မွေ့လာခဲ့ပါသည်။ ထိုအဆင့်ကို ရောက်ရန်အတွက် သူတို့နှစ်ယောက်အများကြီး ညှိနှိုင်းခဲ့ရသည့် ကတိကဝတ်တည်ကာ အပြန်အလှန်သစ္စာရှိခဲ့ရသည်။

''ကျွန်မတို့လို Angel လေးတွေ ကမ္ဘာပေါ်မှာ အများကြီးရှိတယ် ခိုင်း...တချို့အပင်လေးတွေက အိပ်ငိုက်နေတတ်ကြတယ်။ ပွင့်ဖို့ဖူးဖို့ သူတို့မေ့နေတတ်ကြတယ်။ ကျွန်မတို့က နှင်တံလေးနဲ့တို့ပြီး တပြေးညီပွင့်ဖို့ ဆော်ဩပေးရတယ်။ တချို့

www.burmeseclassic.com

www.burmeseclassic.com



Angel လေးတွေက မွေးရန့်တွေ လိုက်ထည့်ကြတယ်။ တချို့က အရောင်အဆင်းလေးတွေ လိုက်ဖြည့်ပေးကြတယ်။ သေချာတာက ဘယ် Angel မှ လူသားတွေနဲ့ ရောနှောဖို့ စိတ်မကူးကြဘူး။ ကျွန်မသာ သစ္စာဖောက်ပြီး ရှင်နဲ့ခင်သွားတာ။ ရှင့်ဘက်က ကျွန်မအကြောင်း ဖွင့်ချလိုက်တဲ့တစ်နေ့မှာတော့ ခင်မင်မှုကို အဆုံးသတ်ရလိမ့်မယ်..”

“မခြိမ်းခြောက်ပါနဲ့။ မင်းအကြောင်း ချစ်သူကိုတောင် ဖွင့်မပြောပါဘူး။ လုံးဝသတင်းအမှောင်ချထားပါတယ်။ မင်းတို့က ဘာလို့ လူသားတွေနဲ့ ခပ်ကင်းကင်းနေချင်ကြရတာလဲ”

“ကျွန်မတို့ကို ကောင်းကင်နိုင်ငံတော်က အုပ်ချုပ်တယ်။ လူသားတွေကို အပြစ်သားလို့ပဲ သူတို့က ယူဆတယ်။ တတ်နိုင်သမျှ ဝေးဝေးရှောင်ခိုင်းပါတယ်”

“သမ္မာကျမ်းစာဆန်လွန်းတယ်။ နည်းနည်း နားညည်းပြီကွာ..။ စောစောက အရှူးပန်းကိစ္စပြောရအောင်…။ အဲဒီပန်းတွေ ကိုယ်မြင်ဖူးပါတယ်။ march လလောက်ဆို ပွင့်ပြီလေ။ တကယ်ပဲ အဲဒီပန်းတွေဟာ လူတွေကို ရူးသွပ်စေသလား…”

“အို..အဟုတ်ပေါ့…။ အဲဒီပန်းထဲမှာ လူတွေကို ရူးသွပ်စေလောက်တဲ့ atropime ဓာတုပစ္စည်းတမျိုးပါတယ်လေ..။ ဒါပေမယ့် သဘာဝတရားကြီးက မျှတပါတယ်နော်။ လူတွေ သတိထားမိအောင် အရူးပန်းကို တခြားပန်းတွေလို အတည့်အတိုင်း မပွင့်နိုင်းပါဘူး…။ ဓောက်ထိုးကြီးတွေ ပုံပျက် ပန်းပျက် ပွင့်ကြရတယ်။ ကျွန်မတို့ Angel လေးတွေကတော့ တစ်ခါတရံ



သူတို့ကို လင်းနို့ဖြူပန်းလို့ ခေါ်ကြတယ်”

ပြောပြီး ‘ကီ’က အားပါးတရကို ရယ်မောပြန်ပါရော။

အချိန်ကြာလာတာနဲ့အမျှ ‘ကီ’ဟာ ဖိုင်းကို ပိုမိုယုံကြည်လာပြီး ခင်တွယ်လာခဲ့သည်။ ဖိုင်းက မခေါ်ခဲ့ရင်တောင် ပန်းဝလေးတစ်ပွင့်ထဲ ဝင်ပုန်းပြီး၊ လူအလစ်မှာ ဖိုင်းနဲ့စကားတွေပြောလာသည်။

နောက်တော့ ဖိုင်း အလိုရှိက တွေ့နိုင်ရန်၊ ညဘက်ဒါမှမဟုတ်လည်း မီးရောင်ခပ်မှိန်မှိန်အောက် ခေတ္တခဏကိုယ်ထင်ပြတတ် ပြန်သည်။

လူနဲ့နတ်သမီးရဲ့ စည်းချက်ညီညီ သိမ်မွေ့နက်ရှိုင်းသော ခင်မင်မှုတစ်ခုပင်။

သူပြောတဲ့စကားတွေဟာလည်း ဟုတ်မဟုတ် မသိပေမယ့် နားထောင်လို့တော့ အကောင်းသား။ ဥပမာ…atropime ဓာတ်ရှိတဲ့ အရူးပန်းတွေကို လူတွေ သတိထားမိနိုင်စေဖို့ ဓောက်ထိုးပွင့်ခိုင်းတာမျိုးပေါ့။

“ရှင်သတိထားမိရင် သိလိမ့်မယ်။ မီးအလောင်လွယ်တဲ့ အပင်တွေဟာ သိပ်အေးပြီး မီးအလောင်မလွယ်တဲ့ နေရာတွေမှာပဲ ပေါက်ကြတယ်။ ထင်းရှူးပင်တို့၊ ပရုတ်ပင်တို့ပေါ့။ အရမ်းပူပြင်းတဲ့ မြေပြန့်မှာဆိုရင်လည်း၊ သွေးလိမ်းပြီး နေလောင်ဒဏ်ကို ကာကွယ်လို့ရတဲ့ အခေါက်ထူထူအပင်ကြီးတွေ ပေါက်ကြတယ်။ သဘာဝတရားက အမြဲတမ်း မျှတတယ်။

ကျွန်မဆိုလိုတာက ပူပြင်းတဲ့နေရာမှာ မီးအလောင်

www.burmeseclassic.com

www.burmeseclassic.com



လွှယ်တဲ့ အပင်တွေမပေါက်ဘူး။ မီးအလောင်လွှယ်တဲ့အပင်တွေဟာလည်း မီးအလောင်မလွှယ်တဲ့နေရာတွေမှာပဲ ပေါက်ကြတယ်။

ကျွန်မဘာ့ကြောင့် ရှင့်ကို ဒီလောက် စကားခံပြီး ပြောနေရလဲဆိုတာ ရှင်သိလား''

''ဟင့်အင်း...မသိဘူး..''

''ရှင်တို့တွေဟာ သိပ်ကို တော်ကြတတ်ကြပါတယ်။ ဗူးစမ်းလေ့လာနိုင်ကြပါတယ်။ ကမ္ဘာ့အပြင်ထွက်ပြီး လပေါ်ဂြိုဟ်တွေပေါ် သွားနိုင်ကြပါတယ်။ ဒါပေမယ့် ကမ္ဘာမြေရဲ့ တစ်နေရာမှာ ပန်းတစ်မျိုးပွင့်နေတာကို ဘယ်သူမှမသိကြဘူး''

''ဟင်...ဘာအပင်ပွင့်နေလို့လဲ..''

''ကျွန်မတို့ Angel လေးတွေကတော့ အဲဒီပန်းကို နတ်ဝှက်ပန်းလို့ ခေါ်ကြတယ်။ အဲဒီပန်းဟာ ဘယ်လောက်တောင် အစွမ်းထက်သလဲဆိုရင် လူသားတိုင်းသာ အဲဒီပန်းရနံ့ကိုရှူရှိုက်ခွင့် ရကြမယ်ဆိုရင် ရှင်တို့ကမ္ဘာပေါ်မှာ လူ့ပယောဂကြောင့် ဖြစ်တဲ့ စစ်ပွဲတွေ၊ အစွန်းရောက်မှုတွေ၊ ရာသီဥတုဖောက်ပြန်မှုတွေ အို..ဘာတစ်ခုမှ ရှိမှာ မဟုတ်တော့ဘူး..''

''ဟင်...''

''အဲဒီပန်းဟာ ပန်းနုရောင်အဆင်းရှိတယ်...လူတွေရဲ့ စိတ်ကို လုံးဝ သူတော်စင်နီးနီး ထိန်းချုပ်ပစ်နိုင်တယ်...''

''အို...ဒါဆို ငါ့လည်း ပေးစမ်းပါ တစ်ပွင့်လောက်''

''အိုး...ဟိုး...ရှင်ဒီလို တဖွတ်ထိုးတောင်းခဲ့ရင် ဆင်



ခြေတက်ဖို့ ကျွန်မ အစောပိုင်းမှာ စကားခံခဲ့တယ်လေ..။ သဘာဝတရား...ဟုတ်တယ်။ ရှင်တို့ကမ္ဘာဟာ တစ်ချိန်မှာ စစ်ပွဲတွေ၊ ရာသီဥတုဖောက်ပြန်မှုတွေကြောင့် ပျက်ရလိမ့်မယ်။ ရှင်တို့တွေမှာ ပြိုင်ဆိုင်လိုမှုတွေ၊ ဝန်တိုမနာလိုစိတ်တွေနဲ့ မဖြူစင်ကြတာတော့ သေချာတယ်။ အဲဒီပန်းကလေးတွေကြောင့် ရှင်တို့လူသားတွေမှာ ငြိမ်းချမ်းသွားမှာကို သဘာဝတရားက မလိုလားဘူး။

ယစ်မူးတတ်တဲ့ မူးယစ်ဆေးဝါးပန်းပွင့် လှလှလေးတွေကြောင့် ရှင်တို့လူမျိုးတွေ မသေဆုံးဖို့ အဲဒီပန်းတွေကို ရှင်တို့ မလိုလားသလိုပဲ၊ ပန်းပွင့်ကလေးတွေကြောင့် ရှင်တို့လူသားတွေ အရင်းမစိုက်ဘဲ အမြတ်ထုတ်ပြီး လိမ္မာကြမှာကို သဘာဝတရားကြီးက မလိုလားပြန်ဘူး''

''ကိုနော်...ငါနင့်ကို တကယ် အသည်းယားလာပြီ''

''အဲဒီပန်းကို ကျွန်မတကယ် ပေးပိုင်ခွင့်မရှိဘူး ဖိုင်းရဲ့..။ အဲဒီနတ်ဝှက်ပန်းဟာ ဘယ်လောက်များတောင် လုံလုံခြုံခြုံပွင့်နေတယ်ဆိုရင် ရှင်တို့လူသားတွေဟာ ပန်းတစ်ပွင့်ကြောင့် သေကျေပျက်စီးကြရတယ်။ ဥပမာ-ဘိန်းပန်းလိုမျိုးပေါ့။ ပန်းတစ်ပွင့်ကြောင့် ရူးသွပ်ကြရတယ်။ ကျွန်မတို့ ကိုယ်တိုင် opime တွေ ထည့်ခဲ့ကြတဲ့ အရူးပန်းတွေလေ။ အဲ...ဒါပေမယ့် ရှင်တို့ကမ္ဘာမြေကိုတောင် ကယ်တင်နိုင်တဲ့ ပန်းမျိုးအများကြီးရဲ့တစ်နေရာမှာ ပွင့်နေတယ်ဆိုတာ ရှင်တို့အခုအထိ မသိကြဘူး။ ကျွန်မအဲဒီအတွက် ရှင်တို့ကို အရမ်းဝမ်းနည်းတယ်...''

www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ပြောပါ…အဲဒီနေရာကို…။ ဒါမှမဟုတ် လည်း ငါ့ကို တစ်ပွင့်လောက်ဖြစ်ဖြစ်လက်ဆောင်ပေး…"

ပန်းပွင့်ကလေးဆီမှ ခပ်သဲ့သဲ့ရယ်မောသံနဲ့အတူ…။

"တကယ်ပေးခွင့်မရှိလို့ပါ ဖိုင်းရယ်။ အဲဒီပန်းကလေး ရှိကြောင်း ပြောတာတောင် ကျွန်မသိပ် အပြစ်ကြီးနေပြီ။ ကျွန်မ တို့ အချိန်မရွေး နတ်သက်ကြွေသွားနိုင်တယ်။ ကောင်းကင်ဘော် က အချိန်မရွေး ဒဏ်ခတ်သွားနိုင်တယ်"

နတ်သမီးလေး 'ကိ'ရဲ့ စကားတွေကတော့ အဲဒီလို ယုံရခက်ခက် မယုံရခက်ခက်ပင်‥နောက်တော့…။

"ဟေး…ဖိုင်း…ရှင့်ကို နတ်ဗုက်ပန်းဘယ်မှာရှိသလဲ ဆိုတာတော့ မပြောနိုင်ဘူး။ ဒါပေမယ့် အိုင်ယာလန်နိုင်ငံရဲ့ နိုင်ငံတော်ပန်း ဘယ်မှာရှိသလဲဆိုတာတော့ ပြောနိုင်တယ်"

"ဟင်…အိုင်ယာလန်နိုင်ငံရဲ့ နိုင်ငံတော်ပန်း ဟုတ် လား…။ ကြီးကျယ်လိုက်ပါဘိ။ ပြော…ဘယ်မှာလဲ‥"

"ရှင့်ဖိနပ်အောက်မှာ…ရှင် သူ့ကို တက်နင်းထား တယ်"

"ဟင်…"

ဖိုင်း ကြောက်လန့်တကြားပင် ထ,ခုန်လိုက်ပြီး ဖိနပ် အောက်က အိုင်ယာလန်နိုင်ငံရဲ့ နိုင်ငံတော်ပန်းကို ကြည့်လိုက် မိသည်။ ရယ်တော့ ရယ်စရာကြီးပင်။

"ကိ…ငကြောင်မလေး‥။ အဲဒါ နိုင်ငံတော်ပန်း မဟုတ်ဘူးဟေ့။ ပေါင်းပင်တွေ။ ငါတို့ခြံထဲမှာ ပေါမှပေါ



သတ်လို့တောင် မနိုင်ဘူး။ မင်းတို့လိုချင်ရင် မင်းရဲ့အပေါင်းအ သင်း Angel တွေပါ ခေါ်ပြီး လာနှုတ်လှဲ့။ အဲဒါ ပေါင်းပင်တွေ ထိ ငကြောင်မလေးရဲ့"

ပြောပြီး ဖိုင်း အားပါးတရ ရယ်မောလိုက်မိပါသည်။

သင်တို့လည်း အဲဒီပေါင်းပင်တွေကို မြင်ဖူးကြပေလိမ့် ည်။

မြင်းခွာရွက်နဲ့ ခပ်ဆင်ဆင်တူပြီး ရိုးတံရဲ့ထိပ်မှာ အသည်းပုံသဏ္ဍာန်အရွက်ကလေး သုံးရွက်ထိပ်ချင်းဆိုင်နေကြ သည့် ပေါင်းပင်တွေ။ 'ကိ'ကတော့ တည်ကြည်သော လေသံ နှင့်…

"ရှင်ဟာ ကျွန်မတို့လောက် ပန်းတွေရဲ့သမိုင်းတွေကို သိနိုင်ပါဘူး ဖိုင်းရယ်။ ဒါပေါင်းပင်တွေ မဟုတ်ပါဘူး။ အေး လေ…လူတို့အတွက်တော့ ပေါင်းပင်ပေါ့။ အဲဒီပန်းလေးတွေနဲ့ ဘိုးအရင်တုန်းက အိုင်းရစ်(ရှ်)သူတော်စင်ကြီး Saint Patrick ကို ပူဇော်ခဲ့ကြတယ်လေ…။ နောက်ပိုင်းကြတော့မှ အိုင်ယာလန် နိုင်ငံက အဲဒီပန်းကလေးကို နိုင်ငံတော်ပန်းအဖြစ် သတ်မှတ်လိုက် တယ်။ နှစ်စဉ် March လ ၁၇ ရက်နေ့ရောက်တိုင်း အိုင်ယာလန် နိုင်ငံသားတွေဟာ အဲဒီပန်းပုံပါတဲ့ အစိမ်းရောင်အဝတ်အစား တွေကို ဝတ်ပြီး Saint Patrick's Day ကို နေရာအနှံ့ လှည့်လည် ကျင်းပခဲ့ကြတယ်"

"ဟင်…"

'ကိ'ကို ဟားနေသည့် ဖိုင်းမှာ ပေါင်းပင်လေးရဲ့ခိုင်မာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားတဲ့ သမိုင်းကြောင်းကို ကြားပြီး အရယ်ရပ်သွားတော့သည်။

'ကိ'က တည်ငြိမ်စွာပင် ဆက် ပြောပြန်ပါသေးသည်။

"အဲဒီပန်းကလေးတွေ တော်တော်များများမှာ အရွက်သုံးရွက် ထိပ်ချင်းဆိုင်နေတာပဲ ရှင်အတွေ့များလိမ့်မယ်။ အရွက်လေးရွက် ထိပ်ချင်းဆိုင်အနေအထားမျိုး ရှင်မြင်ခဲ့ရင် ဂျပန်ဒဏ္ဍာရီတစ်ပုဒ်ကို ရှင်သတိရလိုက်ပါ…။ ပထမအရွက်ဟာ Love ကို ကိုယ်စားပြုတယ်။ ဒုတိယအရွက်ကတော့ Hope ဆိုတဲ့ မျှော်လင့်ချက်၊ တတိယအရွက်က Faith ဆိုတဲ့ ယုံကြည်မှုပေါ့။ အပိုပါလာတဲ့ စတုတ္ထအရွက်ကလေးကို ရှင်ကံကောင်းပြီးတွေ့ခဲ့မယ်ဆိုရင် Luck ကို ကိုယ်စားပြုတဲ့ ကံကောင်းခြင်းကို ရှင်ပိုင်ဆိုင်လိမ့်မယ်"

"အို်း…"

"တရုတ်တွေဟာ အဲဒီအပင်လေးတွေကို ကံကောင်းတဲ့အပင်လို့ ခေါ်ကြပါတယ်။ ရှင် ကံကောင်းပါစေ။ Good Luck …ကျွန်မ သွားပြီ…"

ပန်းကလေးကို ဝင်ပူးနေရာမှ 'ကိ'ထွက်သွားသည်အထိ ဖိုင်း မှင်တက်ပြီး ကျန်နေရစ်ခဲ့သည်။

ပေါင်းပင်လေးတစ်ပင်တည်းမှာတင် အိုင်ယာလန်၊ ဂျပန်၊ တရုတ် ဒဏ္ဍာရီတွေ သမိုင်းကျောထောက်နောက်ခံရှိနေသတဲ့လား…။

အိုး…အံ့သြစရာကောင်းလိုက်တာ…။



တက်နင်းခဲ့လို့ အနည်းငယ် တိမ်းစောင်းသွားတဲ့ (တကယ်တော့ ဒီအပင်လေးတွေဟာ ကျွင့်သားရနေပါပြီ) ပေါင်းပင်လေးကို ဖိုင်း၊ သူ့လက်တွေနဲ့ ပြန်လည်ထောင်မတ်ပေးခဲ့ရင်း၊ နောက်နောင်ကို ပေါင်းပင်ကလေးတစ်ပင်ကိုပင် တက်မနင်းမိစေဖို့နဲ့ သူတို့ရဲ့ ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားဖို့ လုံးဝဆုံးဖြတ်ပစ်လိုက်လေတော့သည်။

♻ ♻ ♻

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၁ )

“မိန်းကလေးဖြစ်ဖြစ်၊ ယောကျ်ားလေးဖြစ်ဖြစ် သူများထက် ရုပ်ရည်ပိုလှလာပြီဆိုရင် အဲဒီလှပမှုကို သူ့ဘဝမြင့်မားမှုအတွက် အသုံးချလို့ရသလို…တခါတရံမှာလည်း အဲဒီအလှဟာ သူ့အတွက် ထောင်ချောက်တစ်ခုလို ဖြစ်နေတတ်တယ်”

ကျောင်းကန်တင်းမှာ နေ့လယ်စာစားရင်း မောလိုက စ,ပြောလေသည်။

“ဆိုပါတော့…အလုပ်တစ်ခု သွားလျှောက်တော့မယ်ဆိုရင် ပညာတတ်တာချင်းတူရင်တောင် ရုပ်ရည်ချောမောလှပတဲ့သူက အလုပ်ပိုရဖို့သေချာတယ်။ ချစ်မှုရေးရာတွေမှာလည်း ဒီအတိုင်းပဲ‥။ ချောတဲ့လှတဲ့တွေဟာ ကြိုက်တဲ့သူတွေများပြီး လင်ကောင်းသားကောင်းကို ခေါင်းခေါက်ရွေးလို့ရတယ်။ အဲ…ဒါပေမယ့် ကံမကောင်း အကြောင်းမလှလို့ ဆိုပါစို့ကွာ…”

ပြောပြီး ကော်ဖီတစ်ကျိုက်သောက်လိုက်ကာ…



“အဲဒီခပ်ချောချောကောင်မလေးဟာ ရုပ်ဆိုးတဲ့သူငယ်ချင်းတွေ အများကြီးနဲ့ ခရီးတစ်ခုကို အတူသွားမိပြီဆိုပါစို့…။ လမ်းမှာကြိုစောင့်နေတဲ့ ဓားပြ ဒါမှမဟုတ်လည်း သူပုန်တစ်စုက အဲဒီကားကို တားပြီး ပါလာသမျှပိုက်ဆံနဲ့ အဖိုးတန်ပစ္စည်းမှန်သမျှကိုလည်းယူမယ်…။ မိန်းကလေးတစ်ယောက်ကိုပါ သားကောင်အနေနဲ့ ခေါ်သွားမယ်ဆိုရင် အဲဒီကားပေါ်ပါလာတဲ့ မိန်းကလေးတွေထဲမှာ ဘယ်သူ အန္တရာယ်အများဆုံးဖြစ်နိုင်မယ်ခင်းတို့ထင်လဲ‥”

“မင်းပြောတဲ့ စောစောက ကောင်မလေးပဲ ဖြစ်မှာပေါ့ကွ…”

“မှန်တယ်။ လှပမှုဆိုတာ သယံဇာတနဲ့တူတယ်။ တခါတရံမှာလည်း သယံဇာတကြောင့် ဒုက္ခရောက်ရတာမျိုးလည်းရှိတယ်။ တို့မြို့ဟာ အဲဒီ ခပ်ချောချောကောင်မလေးနဲ့ တူတယ်။ အခု တို့မြို့လည်း သယံဇာတကျိန်စာသင့်နေပြီ…”

“ဟော…”

ဖိုင်းက အစာသွပ်မုန့်တစ်ခုစားနေရင်းမှ မောလိုကို စိုက်ကြည့်နေသည်။ ဘားနော့နဲ့မောလိုက တစ်မြို့တည်းသားတွေ…။ ဘာသိနမ်တက္ကသိုလ်ကိုတက်ဖို့ ဖိုင်းတို့မြို့မှာ အခေါင်းသာနေကြခြင်း ဖြစ်သည်။

မောလိုရဲ့ အဆုံးမသတ်ရသေးတဲ့စကားကို ဘားနော့က ဆက်လက်ပြီး…

“ဒီလို ဖိုင်းရေ…။ ဒီကောင် အရမ်း feel ဖြစ်နေတာ။

www.burmeseclassic.com

www.burmeseclassic.com



မနေ့ညက ငါတို့အိမ်က ဖုန်းဝင်တယ်။ ငါတို့မြို့ကလေးရဲ့ တစ်ဝက်တိတိလောက် နေရာရွှေ့ပေးရလိမ့်မယ်။ ရွှေ့ရမယ့်အထဲမှာ မောလိုနဲ့ငါတို့ အိမ်တွေလည်း ပါတယ်..''

''ငါလည်း အဲဒီကိစ္စကြားပါတယ်။ အစိုးရနဲ့စာချုပ်ချုပ်ပြီးသား နိုင်ငံခြားသားပိုင်ကုမ္ပဏီက သဘာဝဓာတ်ငွေ့သိုက်တွေ ကုဗသန်းပေါင်းများစွာရှိတဲ့ မင်းတို့ မြို့ရဲ့ တချို့တစ်ဝက်မြေနေရာတွေကို သိမ်းယူနေပြီဆိုတဲ့သတင်း၊ မြို့ခံတွေနဲ့ ပဋိပက္ခဖြစ်နေပြီဆိုတဲ့ ကိစ္စတွေ...။ အခု မင်းတို့ မြေယာတွေ တကယ်ဖယ်ပေးရတော့မှာလား..''

''ဖြစ်ပုံက ဒီလိုကွ..။ တို့မြို့နဲ့ မနီးမဝေးတစ်နေရာမှာ မီးတောင်ဟောင်းတစ်လုံးရှိတယ်။ ဒါမင်းလည်း သိပါတယ်။ တို့မြို့ကလေးရဲ့ ထူးခြားချက်ဆိုပါတော့...။ နောက်တော့ မိရိုးဖလာနည်းနဲ့ ရေတွင်းတူးရင်းကနေ တို့မြို့အောက်မှာ သဘာဝဓာတ်ငွေ့သိုက်တွေရှိနေပြီဆိုတာ သိခဲ့ရတယ်။ တို့တစ်မြို့လုံးလည်း ပျော်ကြတာပေါ့ကွာ...။ ငွေနှစ်သောင်းလောက် အကုန်အကျခံပြီး မိရိုးဖလာနည်းနဲ့ မြေကြီးထဲ ပိုက်ကလေးတစ်ချောင်းသာသွယ်ထားလိုက်...။ အချိန်တန်ရင် ပိုက်ထိပ်ဝကို မီးကလေးရှို့ပြီး ထမင်းဟင်းချက်လို့ရတယ်။ မီးထွန်းလို့ရတယ်။ ကဲ.. မင်းစဉ်းစားကြည့်စမ်း...။ ဘယ် လျှပ်စစ်ဓာတ်အားမှ အားကိုးစရာမလိုဘူး။ မီးတာခွန်ဆောင်စရာမလိုဘူး။ ငါတို့က ဒီမြို့မှာ လူဖြစ်ရတာ သိပ်ကံကောင်းပြီ အောက်မေ့လိုက်တာ..''

ဖိုင်းက မောလို ဘာဆက်ပြောတော့မယ်ဆိုတာ ရိပ်မိ



ပြီး ပြုံးမိလေသည်။

''သိပ်မကြာပါဘူး။ တို့နိုင်ငံက အာဏာပိုင်အဖွဲ့အစည်းတွေ ရှယ်ယာတော်များများ ပါထားတဲ့ ကုမ္ပဏီနဲ့ ဘယ်နေရာကို တူးရင် ဘာသယံဇာတထွက်တယ်ဆိုတာကို တို့နိုင်ငံကကောင်တွေထက် ပိုသိနေတဲ့ အိမ်နီးချင်းနိုင်ငံက ကုမ္ပဏီနှစ်ခုပေါင်းပြီး တို့မြို့ကလေးက နေရာတော်တော်များများကို ရွှေ့ခိုင်းတယ်။ လျော်ကြေးတော့ပေးတယ်။ မင်း စဉ်းစားကြည့်စမ်း။ ကိုယ်တစ်သက်လုံး ခေါင်းချခဲ့တဲ့နေရာကို လျော်ကြေးလေးတစ်ခုရရုံနဲ့ ကျေကျေနပ်နပ် ပြောင်းပေးရတော့မှာလား''

မောလိုစကားကို ဘားနော့က ဆက်လက်၍....

''နောက်တစ်ခုက ပွင့်လင်းမြင်သာမှုပဲကွ...။ ငါတို့ရွှေ့ပေးရတာနဲ့ ထိုက်တန်တဲ့ အမြတ်အစွန်းကို သူတို့ ချပြနိုင်ရမယ်။ နောက်ပြီး...ဒီစီမံကိန်းက ရလာမယ့် အကျိုးအမြတ်ရဲ့ ဘယ်နှစ်ရာခိုင်နှုန်းကို ဒီမြို့ရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် အသုံးချပေးမယ်ဆိုတာမျိုးတွေ ပါလာရင်တော့ တစ်မျိုးပေါ့..။ ဒီအကြောင်းတွေ ပြောရတာ ဒေါသရော မောဟာတွေပါ ပါလာပြီကွာ...။ ဘယ်သူမှ မကျေနပ်ကြတာတော့ သေချာတယ်။ ကိုယ့်အသားကို အစိမ်းလိုက် အဖဲ့ခံလိုက်ရသလို စပ်ဖျင်းပူဆောင်နေကြတာတော့ အမှန်ပဲ...''

ဖိုင်းက သူ့သုံးသပ်ချက်ကို ဖြည့်စွက် ပြောပြန်သည်။

''မင်းတို့ မြို့က ကောင်တွေကလည်း ထစ်ကနဲဆိုဆူတ်ဆွဲမားဆွဲတော့ မလုပ်နဲ့လေကွာ...။ အရာရာဟာ မင်းတို့

www.burmeseclassic.com



ပါးနပ်မှုအပေါ်မှာလည်း မူတည်သေးတယ်။ တကယ်ပဲ မင်းတို့ မတရားအလုပ်ခံနေရရင် အထက်အထိရောက်အောင် လုပ်သင့်တယ်။ မင်းတို့ ပြဿနာကို လွှတ်တော်ထဲအထိပို့နိုင်ဖို့ပေါ့…။ တချို့အထက်က လူတွေက အောက်ခြေမှာ မတရားအနိုင်ကျင့်ခံနေရတာကို မသိကြဘူး…။ နိုင်ငံတော်ကလည်း စောင့်ကြည့်အဖွဲ့တွေ ကော်မရှင်တွေဖွဲ့ပြီး မျှတအောင်ဆောင်ရွက်ပေးနေတာပဲ…"

"သမ္မတကို တွေ့ရင် ငါပြောချင်တယ်။ ကိုယ့်နိုင်ငံမှာ အဖိုးတန်တွင်းထွက်တွေရှိတယ်ဆိုပြီး အချိန်တိုတိုလေးအတွင်းမှာ သိမ်းကျုံးတူးနေတာ မကောင်းဘူး။ ဒီအကြောင်းကို ငါ အင်တာနက်မှာ ဖတ်လိုက်ရတာ သိပ်မကြာသေးဘူး။ ၃၀% အထိ တူးယူတာဟာ တိုင်းပြည်ရဲ့ ဂေဟစနစ်ကို မထိခိုက်ဘူးတဲ့ ၄၅%အထိ တူးယူပြီးရင် လုံးဝရပ်နားပစ်သင့်ပြီတဲ့။ ၆၀%အထိ အဆက်မပြတ် တူးဖော်နေရင် အဲဒီနိုင်ငံဟာ လုံးဝ သယံဇာတကုန်စာ မိသွားပြီတဲ့။ တို့နိုင်ငံမှာ ရသလောက်သဲ့ပြီး တူးလာကြတာ ၁၀၀%တောင် ကျော်နေပြီနဲ့တူတယ်…။ ဒီအကျိုးအပြစ်တွေဟာ ချက်ချင်း လက်ငင်းဆိုသလို တို့မှာလာမထိခိုက်ရင်တောင် တစ်ချိန်ချိန်မှာ တို့ သားစဉ်မြေးဆက်ကိုလာဂယက်ရိုက်မှာတော့ သေချာ တယ်"

ဓိုင်းက မောလိုစကားကို ခေါင်းညိတ်ထောက်ခံကာ…

"ဟုတ်တယ်…ငါလည်း ဖတ်လိုက်ရပါတယ်။ ငါတို့ နိုင်ငံသယံဇာတကုန်စာမိနေပြီဆိုတဲ့ သတင်းကို။ စောစောက



မောလိုပြောသွားတဲ့ ခပ်ချောချောကောင်မလေး ဥပမာလိုပေါ့..ဒီလုပမှုနဲ့ ဘဝမြင့်မားအောင်လုပ်လို့ရသလို ဒီလုပမှုဟာပဲ ထောင်ချောက်လို ကိုယ့်ဘဝထဲ ရောက်လာနိုင်သေးတယ်ဆိုတာလေ။ သေချာတာ အာဏာပိုင်အဖွဲ့အစည်းတချို့နဲ့ နိုင်ငံသူနိုင်ငံသားတွေ စိတ်ဝမ်းကွဲနေကြပြီ…။ လူကြီးတွေအနေနဲ့လည်း ဒါကို သတိထားမိသင့်နေပြီ…"

သူငယ်ချင်းသုံးယောက် ကော်ဖီသောက်လိုက်၊ မုန့်စားလိုက်နဲ့ စကားကောင်းနေစဉ် သူတို့ဝိုင်းသို့ ဆိုက်ချီရောက်လာပြီး..

"ဟေး…ဒီသူငယ်ချင်းတွေ ဘာအကြောင်းတွေ ပြောနေကြတာလဲ.."

"သြော်…ဘာမှမဟုတ်ပါဘူး…။ ခပ်ချောချောကောင်မလေးကိစ္စ ပြောနေကြတာ.."

ဓိုင်းက သူ့ရှုံးသူ့ပတ်မည့်ကိစ္စပင် တခါတရံထိုသို့ အတည်ပေါက်နောက်တတ်သူ တစ်ယောက်ပင်၊ ချစ်သူစကားကြောင့် ဆိုက်ချီမှာ နည်းနည်းအနေရခက်သွားပြီး…

"ဓိုင်းနော်…ဘယ်က ခပ်ချောချောကောင်မလေးလဲ"

"အဲ…ဒီလိုပါပဲ…"

"ဘာ…ဒီလိုလဲ…ပြောဆို…"

လူရှေ့၊ သူရှေ့ ဗိုက်ခေါက်တွေလည်း ဆွဲအဖွဲ့ခံရလာပြီ..။

"အာ…ပြောဆို ပြောပါ့မယ်…။ ခပ်ချောချောကောင်

www.burmeseclassic.com

www.burmeseclassic.com



မလေး ဒုက္ခရောက်နေလို့ပါဆို…”

“ဟင်…”

“ဟုတ်တယ်…သူကိုနိုက်စာမိနေတာ ကိုယ်တို့ ကူညီရတော့မယ်..”

“ဟယ်..ဇိုင်း…ရှင်ဘယ်လိုလူလဲ..”

ကြာတော့ ကြားက နားထောင်နေတဲ့ မောလိုနဲ့ဘားနော့ပင် စိတ်ညစ်နေသည့်ကြားမှ ဇိုင်းအူကြောင်ကြောင် လုပ်နေမှုကြောင့် စိတ်အချဉ်ပေါက်ကာ…

“မင်းနဲ့များ ခိုးစားရရင်တော့ ငါတို့တော့ ဒုက္ခပဲ..”

အခြေအနေက မောလိုပြောလိုက်တော့မှ ပိုရှုပ်ထွေးသွားပြန်တော့သည်။ ဆိုက်ချိုသည် မောလိုစကား ဆုံးအောင်အထိပင် မစောင့်တော့ဘဲ ဒေါသထွက်လာကာ…

“ဘာ…ဘာ…ခိုးစားတဲ့အဆင့်တောင် ရောက်နေပြီဟုတ်လား…ဇိုင်း…ရှင်…ရှင်…ဘယ်လိုလူလဲ…”

“ဟာ…မဟုတ်ဘူး…ဇိုင်း…ရှုပ်ကွာ…ဒီလိုဆိုက်ချိုရေ…ဒီလိုဟ..”

ဘားနော့ ရှင်းပြချိန် မရလိုက်ပါ…။

ခပ်ချောချောကောင်မလေးဆိုတာ ဘယ်သူဘယ်ဝါရယ်ပင် ရှင်းပြဖို့ အချိန်မရလိုက်ပါ…။

အကြောင်းမှာ ကန့်တင်းတစ်ခုလုံး ရုတ်ရုတ်သဲသဲဖြစ်သွားပြီး ကျောင်းသားတချို့မှာ ထိုင်နေရင်းမှ ဝုန်းကနဲ ထ,ပြေးကြလေသည်။



“ဘာဖြစ်တာလဲ..”

“အေး…ဘာဖြစ်လို့လဲဟ..”

“မသိဘူး…ဟိုမှာ ထွက်ကြည့်နေကြပြန်ပြီ..”

သူလည်း ဆိုက်ချိုလက်ဆွဲပြီး စားသောက်ဆိုင်ထဲမှ အပြင်ထွက်လာခဲ့လေတော့သည်။

ဒုတိယအကြိမ် ထပ်မံတွေ့ရပြန်ပါပြီ…။

နားလည်ရခက်ခဲသည့် ကောင်းကင်ယံက ဒုတိယပုစ္ဆာတစ်ပုဒ်…။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

မှန်သည်။

ဒီတစ်ခါတွေ့ရသည်မှာ အစိမ်းရောင် အလင်းတန်းများ ဖြာထွက်နေသည့် ခရုပတ်ပုံ အဝန်းအဝိုင်းတော့ မဟုတ်…။

အလွန်တရာ တောက်ပလှသည့် ရောမစက်ဝိုင်းပုံကြီး တစ်ခု…။

"ဘာကြီးလဲဟင်…အကြီးကြီးပဲ…"

"အေးဟယ်··အရောင်ကလည်း အရမ်းကို တောက်နေတာပဲ··"

"ဒါပါနဲ့ဆို ငါတို့တွေ့တာ နှစ်ခါရှိပြီနော်··"

"ငါတော့ ကြောက်ကြောက်လာတယ်…"

ထုံးစံအတိုင်း တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းထင်မြင်ချက်ပေးနေကြစဉ် ဘောင်းဘီအိတ်ထောင်ထဲမှ ဟမ်းဖုန်းကို ဝိုင်းထုတ်ယူပြီး ဆိုက်ချီဆီ အစမ်းသဘောမျိုး ဆက်ကြည့်လိုက်



သည်။

ဆက်လို့မရ…။

လုံးဝမှကို ဆက်လို့မရ··။

"ဟိတ်ကောင်တွေ··မင်းတို့ဖုန်းတွေ ထုတ်'စမ်း' လိုက်ကြဦး··"

နိုင်းစကားကြောင့် ကျောင်းသားတော်တော်များများ ဟမ်းဖုန်းများထုတ်ကာ ဖုန်းခေါ်ကြည့်ကြသည်။

"ဆက်လို့မရဘူး…။ ဖုန်း မျက်နှာပြင်မှာ တစ်ခါမှ မမြင်ဖူးတာတွေ လာထင်နေတယ်။ 'electromagnetic wave' တွေ ထိခိုက်နေပြီဆိုတဲ့ သဘောပေါ့··"

"ဘာ··ဘယ်လို··နိုင်း ဘာပြောတယ်…"

ကျောင်းသားတစ်ယောက်က နိုင်းကို မေးရာ၊ နိုင်းအံကြိတ်ပြုံးရင်း ကျောင်းပရဝုဏ်ရဲ့ နေရာတစ်ခုဆီ အကြည့်ဝဲမိလေတော့သည်။

ဖော်ရွေမှုမရှိတဲ့ ဆိုင်းဘုတ်အနီရောင်ကြီးကပ်ထားတဲ့ တစ်နေရာကိုပေါ့…။

နေရာတကာမှာ လူ့စည်း၊ ဘီလူးစည်းဆိုတာ ရှိတယ်။ သူစည်းကျော်လာပြီဆိုရင် ကိုယ်လည်း စည်းဖောက်သင့်ရင် ဖောက်ရတော့မှာပဲ··။

တစ်သက်နဲ့တစ်ကိုယ် ယောင်လို့ပင်ခြေဦးလှည့်ဖို့ စိတ်ကူးမထားတဲ့ ထို တားမြစ်ဧရိယာရှိရာဆီကို တစ်နေ့တစ်ချိန်မှာ နိုင်း ခိုးပြီး ဝင်ရောက်ကြည့်ဖို့ ဆုံးဖြတ်လိုက်မိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ကျောင်းသားတွေကို အနီရောင်ဆိုင်းဘုတ်ကြီးဆွဲပြီး ဒီလို အချဉ်တည်ထားလို့တော့ ဘယ်ရလိမ့်မလဲ..။

နိုင်ငံရဲ့ အရေးအကြီးဆုံး သမိုင်းအချိုးအကွေ့တိုင်းရဲ့ တပ်ဦးမှာ တက္ကသိုလ်ကျောင်းသားဆိုတာ ထိပ်ဆုံးက ပါခဲ့ပြီးသား...။ အခုလည်း ဒီလိုပဲပေါ့..။

ဒီကိစ္စကိုပြီးတော့မှ ချစ်သူနှင့်ရော သူငယ်ချင်းများနှင့်ပါ တိုင်ပင်ရမည်။

လောလောဆယ် ပတ်ဝန်းကျင်မှာ သဲလွန်စကို ရသလောက် တွေ့အောင်ရှာ...။

အိုကေ...။ ဖိုင်း ဘေးဘီ မသိမသာ အကြည့်ဝဲလိုက်မိသည်။ တွေ့ပြီ..။ ထူးခြားတဲ့ သဲလွန်စတစ်ခုကို ဖိုင်း ခပ်ပါးပါးကလေး တွေ့လိုက်ရသည်။

ကောင်းကင်ကို မော့ကြည့်နေကြသူချင်းအတူတူပင် ဆရာယူဆွန်လာမှာ စိတ်မသက်မသာနှင့် ခေါင်းယမ်းနေသည့် ပုံရိပ်တစ်ခု...။

♻ ♻ ♻

## အခန်း ( ၁၃ )

"ဟင်...ဒီ..ဒီလောက်ကြီးအထိ ကျွန်မက စွန့်စားပေးနေမလား.."

ဆိုက်ချီသည် ဖိုင်းပြောသမျှတွေကို စိတ်ဝင်တစားငြိမ်ပြီး တလျှောက်လုံး နားထောင်လာလေရာ၊ နောက်ဆုံးမတော့ သူမဖေဖေ ပါမောက္ခ အန်ဒီလန်ရဲ့ လက်ဗွေရာကို ယူဖို့ ဖိုင်း ပြောင်းဆိုလိုက်ချိန်မှာတော့ အနည်းငယ်တွန့်ဆုတ်သွားလေတော့ပြီ။

ချစ်သူကို စည်းရုံးရေးဆင်းဖို့ စိတ်ရှည်ရတော့မည်ဖြစ်ကြောင်း သူသဘောပေါက်လိုက်ကာ ဆိုက်ချီရဲ့လက်တစ်ဖက်ကို တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်လိုက်ရင်း...။

"မင်း...သေသေချာချာ ပြန်စဉ်းစားပါဦး ဆိုက်ချီ..။ ဒိုင်းပြည်မှာ မတရားမှုတစ်ခုဖြစ်ပြီဆိုတာနဲ့ ကျောင်းသားတွေ သူငယ်တွေဟာ ဘယ်တုန်းကမှ လက်ပိုက်ကြည့်နေခဲ့ဖူးတာ ဟုတ်ဘူး။ အခုလည်း ဒီကိစ္စကြီးကို လက်ပိုက်ကြည့်နေကြ

www.burmeseclassic.com

www.burmeseclassic.com



တာတော့ မဟုတ်ဘူး။ ဉာဏ်မမီလို့၊ ချင့်ချိန်မစဉ်းစားတတ်ကြ လို့သာ ဒီအတိုင်းနေနေကြတာ…”

“နေပါဦး..ဖိုင်းဆိုလိုချင်တာက ဆိုက်ချိတို့ကြားခဲ့ကြ ရတဲ့ အော်သံကိစ္စတွေ၊ ကောင်းကင်မှာ ထင်နေတဲ့ ထူးဆန်းပုံရိပ် ကြီးတွေဟာ ဖေဖေတို့ အလုပ်လုပ်နေတဲ့ တားမြစ်ဇရိယာထဲက လုပ်ငန်းတွေနဲ့ စပ်ဆက်နေလိမ့်မယ်လို့ ယူဆထားတာလား…”

“အစစ်ပေါ့…အဲဒီနေ့က ဆိုက်ချိ သတိထားမိလိုက် သလား..။ မင်းဖေဖေရဲ့ လက်ထောက် ဆရာယူခွန်လာ အကြီး အကျယ်မျက်နှာပျက်နေခဲ့တယ်လေ..”

ဆိုက်ချိက သက်ပြင်းကို လေးလေးတွဲတွဲ ချ၏။

ချစ်သူရဲ့ မဟုတ်မခံစိတ်ဓာတ်ကလေးကို သူမ သဘောကျမြတ်နိုးပါသည်။ အခုကိစ္စကြီးကိုတော့ ဖြစ်နိုင်လျှင် သူမလုပ်မပေးချင်။ ဒီတားမြစ်ဇရိယာထဲက လုပ်ငန်းတွေက တက္ကသိုလ်ပါမောက္ခတွေချည်း ဦးစီးကြတာမဟုတ်။ စစ်ဘက် ဆိုင်ရာအကြီးအကဲများနှင့် ပူးတွဲအလုပ်လုပ်သည်မို့ သူမကြောင့် ဖခင်ဖြစ်သူ ဒုက္ခရောက်မှုမျိုး မလိုလားချေ။

ချီတုံချတုံ ဖြစ်နေသည့် သူမကို ဘားနော့နှင့်မောလိုက ပါ အားမလိုအားမရ ဖြစ်လာကာ..။

“နင်ကလည်းဟာ…။ ငါတို့ လုပ်ဖို့ အရမ်းခက်ခဲလို့ နင့်ကို အကူအညီတောင်းတာပဲဟာ..။ ကိုယ့်အဖေလက်မှတ်ရေး ဘယ်လို ယူယူ နင့်က ယူလို့ရနိုင်တယ်လေ။ ဆရာကြီး သုံးနေ ကျ လက်(ပ်)တော့(ပ်)ပေါ်မှာဖြစ်ဖြစ်၊ ဖုန်းပေါ်မှာဖြစ်ဖြစ်၊ ကော်



ဒီခွက်ပေါ်မှာဖြစ်ဖြစ် နင်က ယူပေးလို့ရတယ်..။ တားမြစ်ဇရိ ယာထဲကို ခိုးသွားတဲ့အခါကျရင် နင်မလိုက်ချင်နေ…ငါတို့ သွားမယ်… ဘယ့်နှယ့်လဲ…”

တားမြစ်ဇရိယာကို စေ့ပိတ်ထားတဲ့ တံခါးဟာ ဘယ်သော့ခလောက်နဲ့မှ ဖွင့်၍မပွင့်…။ Authorize လုပ်ထား သည့် လက်ဗွေရာများကို scan ဖတ်သည့်စက်ပေါ်တင်မှ ပွင့်သည်မို့ ချစ်သူကရော၊ သူငယ်ချင်းများကပါ ဖခင်ဖြစ်သူ၏ လက်ဗွေ ရာကို နားပူနာဆာလုပ်နေကြခြင်းဖြစ်လေသည်။

“ကဲ..ခိုးဝင်ကြတာကတော့ ဟုတ်ပါပြီ…။ အထဲ ရောက်တော့ ငါတို့ ဘာဆက်လုပ်ကြမလဲ”

“သူတို့ဘာတွေ သုတေသနလုပ်နေကြတယ်ဆိုတာ ငါတို့လေ့လာရမှာပေါ့။ ဒါဟာ အချိန်တိုလေးအတွင်းမှာ မဖြစ် နိုင်ဘူးဆိုတာ ငါတို့သိပါတယ်။ ကွန်ပျူတာတွေထဲမှာ သိမ်း ထားတဲ့ ဖိုင်တွဲတွေကို ငါတို့ ကူးယူကြမယ်။ အိမ်ရောက်တော့ မှ အသေးစိတ်လေ့လာရင်း လူကြီးတွေလုပ်နေတဲ့ အလုပ်ဟာ ရှိုးသားသလား မရိုးသားဘူးလားဆိုတာ ဆန်းစစ်ကြမယ်..”

“ဟယ်..ရိုးသားပါတယ် မောလိုရယ်။ ရှင်ပြောလိုက် တော့မှ ကျွန်မအဖေတောင် လူဆိုးဂိုဏ်းခေါင်းဆောင်လိုလို ဘာလိုလို ဖြစ်လာပြီ..။ ကျွန်မဖေဖေဟာ တိုင်းပြည်အပေါ်မ ကြွေးနဲ့ ကျွန်မတို့မိသားစုအပေါ်တောင် ဘယ်တုန်းကမှ မရိုး ကြောင့်တာ မလုပ်ဖူးဘူး..။ အဲဒီအထဲမှာ ဘာတွေစမ်းသပ်နေ တယ်။ ဘာတွေ သုတေသနလုပ်နေတယ်ဆိုတာကို ပွင့်ပွင့်လင်း

www.burmeseclassic.com

လင်း ခြံငုံပြီး အားလုံးကို အသိပေးပြီးပြီပဲ…”

“ကိုယ်သိပါတယ်။ ဒါတွေဟာ ကြားဖူးပြီးသား ဓာတ် ပြားဟောင်းတစ်ချပ်ထဲက လူကြားကောင်းအောင်ဟစ်နေတဲ့ အသံတွေချည်းပါပဲ…။ ရေဒီယိုလှိုင်းတွေနဲ့ အိုင်ယွန်နိုစပီးယား လေထုအလွှာကို လှေ့လာဖို့၊ ကမ္ဘာ့ရာသီဥတုကို အကဲခတ်ကြည့် ဖို့နဲ့ နိုင်ငံတော်ရဲ့ဆက်သွယ်ရေးစနစ်ပိုမို လုံခြုံမှုရှိစေဖို့…”

“အင်းလေ…ဒါဆို ဘာကို သံသယဖြစ်နေတာလဲ ခိုင်းရယ်…”

“ဆိုက်ချီ…လူကြီးတွေနဲ့ ဆက်ဆံတဲ့အခါမှာ အမြင် နှစ်မျိုး အမြဲတမ်းထားရတယ်။ ကောင်းမွန်စွာ လက်သင့်ခံနိုင် ဖို့နဲ့ သံသယနဲ့စောင့်ကြည့်တတ်ဖို့…။ ကမ္ဘာပျက်ကိန်းကျော်လာ ခဲ့တဲ့နောက်ပိုင်း ထူးဆန်းတဲ့အော်သံတွေ ထူးဆန်းတဲ့ပုံရိပ်တွေကို မင်းရော ကိုယ်တို့ပါ မျက်ဝါးထင်ထင် မြင်ခဲ့ကြားခဲ့ရပြီးပြီ… ကောင်းမွန်စွာ လက်သင့်ခံနိုင်ဖို့ဆိုတဲ့ အတိုင်းအတာဟာ လုံး ကျော်လွန်သွားခဲ့ပြီ။ သံသယနဲ့ စောင့်ကြည့်တတ်ဖို့ အနေအ ထားကို ရောက်လာခဲ့ပြီဆိုတာ မင်းမမေ့နဲ့ဆိုက်ချီ…”

“ရှင်…”

ခိုင်းစကားကြောင့် သူမအနည်းငယ် တုန်လှုပ်သွား တာတော့ အမှန်ပင်။

“ရိုးသားတဲ့ လူတော်တစ်ယောက်ပါ ဆိုတဲ့ မင်းဖေ ရဲ့ နောက်ကွယ်မှာ ဖိအားတစ်ခုရှိတယ်။ ထေလိုဒန်ရဲ့အ ဗိုလ်ချုပ်ဟိုက်ဒင်ဟာ အစွန်းရောက်မျိုးချစ်စိတ်ရှိသူဆိုတ



မှန်ပေမယ့် သူဟာ သဘောထား အင်မတန် တင်းမာတယ်။ လက်ရဲဇက်ရဲနိုင်တယ်။ ဆုံးဖြတ်ချက်တွေဟာ တခါတရံ ရဲရင့် ဖြတ်သားတယ် ထင်ရပေမယ့် တခါတရံ မိုက်ရူးရဲဆန်တယ်။ အတ္တကြီးတယ်…။ အနိုင်ရယူလိုမှုကြီးတယ်။ နိုင်ငံမှာ ဖြစ်ပျက် ခဲ့တဲ့ အရေးအခင်းမှန်သမျှကို သူကိုင်တွယ်ခဲ့ပုံတွေက သူ့စရိုက် ကို ပြောပြနေတယ်။ မင်းဖေဖေရဲ့ လူကြားကောင်းအောင် ကြွေးကြော်နေတဲ့ ကမ္ဘာ့ရာသီဥတုအကဲခတ်စောင့်ကြည့်ရေး စီမံ ကိန်းမှာ ဗိုလ်ချုပ်ဟိုက်ဒင်တစ်ယောက်ပါနေတယ်ဆိုတာ မင်းမမေ့နဲ့…”

ဒီစကားတစ်ခွန်းနဲ့တင် ခိုင်းကို သူမ ကျေးဇူးတင်သွား ရလေပြီ…။ ဘာ့ကြောင့်လဲဆိုတော့ သူမကိုယ်တိုင် လိပ်ခဲတည်း လည်းဖြစ်နေတဲ့ ကိစ္စတစ်ခုရဲ့ အဖြေကိုပါ တိတိကျကျသိသွား တဲ့အတွက်ကြောင့်ပင် ဖြစ်လာသည်။

“ခိုင်း…ရှင်တော်တယ်…။ ကျွန်မ အခုမှရိပ်မိထားတာ တစ်ခုရှိတယ်”

“အင်း…ဘာများလဲ…”

“ကျွန်မဖေဖေက ကျွန်မတို့ကို ဖွင့်မပြောဘူး…ဒါပေ မယ့် ရိပ်မိနေတာတစ်ခုတော့ရှိတယ်။ ဒီစီမံကိန်း အကောင်အ ထည်ဖော်အပြီး သိပ်မကြာဘူး…။ ကျွန်မတို့ခြံရှေ့မှာ ဂတ်တဲ တစ်ခုလာဆောက်ပြီး စစ်သားနှစ်ယောက် အမြဲထားပေး တယ်”

“ဟင်…ဟုတ်လား…”

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တွေက ပါမောက္ခကြီးအိမ် မရောက်ဖူးတော့ ဘာမှမသိ။ ဆိုက်ချီပြောမှသာ သိရသည်။

"နောက်တော့ ဖေဖေက ဒရိုင်ဘာကို ထုတ်ပစ်လိုက်တယ်။ ဘာ့ကြောင့်လဲဆိုတာ အဲဒီတုန်းက ကျွန်မတို့ သတိမထားမိခဲ့ဘူး။ နောက်တော့ စစ်တပ်ဘက်က လူတစ်ယောက်က အဲဒီ ဒရိုင်ဘာနေရာ ဝင်လာတော့တာပဲ.."

"ဟင်...."

"ခိုင်း ပြောတော့မှ ကျွန်မအခု သတိထားမိလာတယ်။ ကျွန်မတို့ မိသားစု အခု အကျယ်ချုပ်နဲ့ နေနေရတဲ့သဘောပဲ..."

လှုငယ်စကားပိုင်းလေးက ထုံးစံအတိုင်း ပေါ့ပေါ့ပါးပါးကလေးကနေ လေးနက်မှုဆီ တရွေ့ရွေ့ဦးတည်လာခဲ့သည်။

"ဆိုက်ချီ..ဘာကိုဆိုလိုချင်တာလဲ...။ ကိုယ်တို့ကို ပွင့်ပွင့်လင်းလင်း ပြောပါလား..။ မင်းစိတ်ထဲမှာ ဘယ်လိုထင်နေမိလဲ.."

"အင်း..ကျွန်မအထင်ပြောရရင် အဲဒီစီမံကိန်းမှာ ဖေဖေဟာ အကျွရာကျတဲ့နေရာကနေ ပါနေပါလိမ့်မယ်..။ ဒီလို စီမံကိန်းမျိုးတွေ တခြားနိုင်ငံတွေမှာလည်း စမ်းသပ်ချင်စမ်းသပ် နေကြမှာပဲလေ...။ ဘာတွေလုပ်နေတယ်ဆိုတာသာ ကျွန်မတို့က မသိကြတာ..။ အဲဒီတော့ အာဏာပိုင်တွေက ဖေဖေ့ကို မျက်ချေမပြတ်စောင့်ကြည့်နေတဲ့ သဘောနေမှာပေါ့..။ ကျွန်မတို့ကို အကျယ်ချုပ် ခပ်လိုက်တဲ့ သဘောဖြစ်မယ် ထင်တယ်။ ကြည့်စမ်း... ကျွန်မအခုမှ သဘောပေါက်တော့တယ်။ ဖေဖေ



ဟာ အင်မတန် သိုသိပ်တဲ့သူပဲ။ အကျပ်အတည်းထဲမှာ သူရောက်နေတာတောင် ကျွန်မတို့ မရိပ်မိအောင် ပိပိရိရိကလေး နေနေရှာတယ်"

"သိပ္ပံပညာရှင်တွေဟာ ဒီလိုပါပဲ...။ သူတို့ရဲ့ လေ့လာတွေ့ရှိချက်တွေ ကြီးကျယ်ရင် ကြီးကျယ်လာသလို တခါတလေ နိုင်ငံရေး ခိုလှုံခွင့်တောင်းရတဲ့အထိတွေ ရှိခဲ့တယ်လို့ ကြားဖူးတယ်။ ကဲပါ...ဒါတွေ ထားလိုက်ပါတော့ ဘယ်လိုလဲ ဆိုက်ချီ...လူကြီးတွေကို တကျော့ပြန်ပြီး တို့ ကင်းဆောက်စုံစမ်းဖို့ လိုလာပြီဆိုတာ မင်းလက်သင့်ခံနိုင်ရဲ့လား..။ မင်းအဖေရဲ့ လက်တွေ့ရာကိစ္စ မင်းသဘောတူနိုင်တော့မလား.."

ဆိုက်ချီက နှုတ်ခမ်းကလေးဖိကိုက်ကာ စဉ်းစားလိုက်ရင်း...

"အိုကေ...ကျွန်မ ရှင်တို့နဲ့ ပူးပေါင်းဆောင်ရွက်မယ်"

"ဟေး..."

ဘားနော့နဲ့မောလိုက ထ,အော်ကြသည်။

သူကတော့ ချစ်သူကို တွေးဖက်လိုက်ရင်း ဟိုနှစ်ဆောင်အလစ်မှာ အနမ်းလေးတစ်ပွင့်ကို ခပ်မြန်မြန်ကလေး ချွေချစ်လိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

သူမဖခင်ရဲ့ လက်ဗွေရာကို ယူရသည်မှာ သိပ်တော
မခက်ခဲလှပါ…။

ဖိုင်းပေးထားတဲ့ သိပ္ပံစာရွက်ကလေးတွေကို ဖေဖေယ
တွေ့ခဲ့တဲ့ နေရာအနှံ့မှာ သူမ သေသပ်ပိရိစွာ ဖိကပ်လိုက်ပြ
လေးယောက်ပေါင်းစုံသည့်အချိန်မှာတော့ ထိုစာရွက်ကလေး
တွဲဖက်အသုံးပြုရတဲ့ စက်ရဲ့အလင်းရောင်အောက်မှာ ဖြတ်သ
စေခြင်းဖြင့် ဖခင်ဖြစ်သူ၏ လက်ဗွေရာကို ရရှိသွားခဲ့သည
ဒီ လုပ်ငန်းစဉ်၏ အဓိက ဒါရိုက်တာဖြစ်သူကတော့ ဖိုင်း··ပင

“ဒါလေးကောင်းတယ်…။ ထင်ရှားတယ်··။ ဒါလေ
ကို scanner မှာ တင်လိုက်ရင် အဲဒီ တံခါးပွင့်နိုင်လိမ့်မ
ထင်တယ်··”

အတော့်ကို စွန့်စားခဲ့ရသည့် ကိစ္စတစ်ခုပင်။

လူသူ လာရောက်မှု နည်းပါးမည့် စနေ၊ တနင်္ဂနွေ
ရက်ကို စောင့်ဆိုင်းရင်း ကျောင်းထဲသို့ သူခိုးဂျပိုးလေးတွေ



သူတို့ ဝင်ရောက်ခဲ့ကြသည်။

တက္ကသိုလ်ကြီးရဲ့ အနောက်ဖက်ကွင်းပြင်ကျယ်ကြီးမှာ တည်ရှိတဲ့ လက်တွေ့စမ်းသပ်ခန်းများနေရာ ကျော်လွန်ပြီးချိန်မှာတော့ သူတို့လေးယောက် တစ်ဖွဲ့လုံး အပြစ်ရှိသလို စတင်ခံစားလာရသည်။

စောစောက နေရာအထိ သူတို့လေးယောက်ကို တစ်စုံတစ်ဦးက တွေ့ရှိသွားသည့်တိုင် ဆင်ခြေကောင်းကောင်းပေး၍ ရသေးသည်။

ဒီနေရာအရောက်မှာတော့ မည်သည့် ဆင်ခြေမှပေး၍ မရတော့။

“ဒီနေရာကို မျက်စိလည် လမ်းမှားပြီးရောက်လာကြပါတယ်”လို့ ပြောလို့လည်း မရတော့…

“ဟုတ်ပါတယ်…ကျွန်တော်တို့တတွေ လူငယ်ပီပီ စူးစမ်းလေ့လာခွင့်တဲ့အတွက် ဒီဧရိယာထဲကို ခိုးပြီးဝင်ခဲ့ကြပါတယ်’လို့ ပြောရုံမှတပါး တခြားမရှိနိုင်တော့…။

ဒီလိုဆိုလျှင် တာဝန်ရှိသူတွေကရော ခွင့်လွှတ်ကြပါမတဲ့လား··။ ဒီကိစ္စဟာ ဘယ်လောက် ကြီးလေးတဲ့ပြစ်မှုတစ်ခုဖြစ်နိုင်လေမလဲ…။ ဘယ်လောက်အထိ အရေးယူအပြစ်အပေးခံရဖွယ်ရှိနိုင်မလဲ မမှန်းဆနိုင်…။

လေးယောက်စလုံး စွန့်စားလိုစိတ်တစ်ဝက်၊ ကြောက်စိတ်တစ်ဝက်နှင့် ဒီနေရာအထိတိုင် ရောက်ရှိခဲ့ကြပြီ··။ လမ်းဘေးမှာ အလွယ်တကူဝယ်လို့ရတဲ့ အပေါစားမျက်နှာဖုံးတွေ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စီစွပ်လိုက်ကြပြီး…။

စောင့်ကြည့်ကင်မရာကို ပုန်းကွယ်ဖို့ နံရံတစ်ချပ်မှာလေးယောက်သား မှီတွယ်မတ်တပ်ရပ်နေကြရင်း…။

"ကဲ…ဘာဆက်လုပ်မလဲ…ဘယ်သူ အရင်စသွားမလဲ.."

"ကိုယ် အရင်စသွားမယ် ဆိုက်ချီ..။ ဒီဇာတ်လမ်းကို ကိုယ်အရင်စပြီး ဆော်သြခဲ့တာ"

တာဝန်ယူလိုစိတ်ပြင်းထန်သည့် ချစ်သူက သူ့မလက်ကလေးကို တင်းတင်းဆုပ်ကိုင်ရင်း ပြောသည်။

နှစ်ယောက်စလုံး လက်ဖျားတွေ အေးစက်လို့…။

"ဟိတ်ကောင်တွေ…ငါတို့ လွှတ်လည်းဖြစ်တယ်နော်…။ scanner ပေါ် လက်ဗွေရာတင်တာကတော့ တခါမှမလုပ်ဖူးလို့ သောက်တလွဲလုပ်မိပြီး အကုပ်ခံရရင်တော့ မတတ်နိုင်ဘူး.."

မောလိုနဲ့ဘားနော့ကလည်း သူတို့သွေးမကျဲကြောင်း ပြောသည်။

စတင်လုပ်ဆောင်ရမည်က ဒီလိုပါ…။ ၁၈၀ ဒီဂရီ လှည့်ပတ်ရိုက်ကူးနေသည့် စီစီတီဗီကင်မရာနှင့်ဟန်ချက်ညီညီ၊ ဟိုက ရိုက်ပြီး လှည့်သွားသည်နှင့် ကိုယ်က တပါတည်းလိုက်သွားပြီး

နံရံမှာကပ်ထားသည့် scanner မှာ လက်ဗွေရာပြရမည်။ နောက်လူတွေကိုပါ ခွင့်ပြုတံခါးဖွင့်ပေးဖို့ commond



ခလုတ်တွေကို မြန်မြန်နှိပ်ကာ စီစီတီဗီထဲ ကိုယ့်ပုံရိပ်ရောက်မသွားခင် အထဲသို့ ဝင်နိုင်ရမည်။

လွယ်တော့ မလွယ်..။

အရာရာကို ဖျတ်ထိုးဉာဏ်သုံးပြီး လျင်မြန်ဖျတ်လတ်စွာ လုပ်ဆောင်နိုင်ရမည်။ ခက်တာက ဒီ scanner ကို မည်သူမှ မရင်းနှီးသဖြင့် စက္ကန့်ပိုင်းလေးအတွင်း အသုံးချဖို့ဆိုတာ သိပ်မဖြစ်နိုင်။

"ရှင်တို့အားလုံးနေခဲ့…ကျွန်မ အရင်စသွားမယ်.."

"Lady first ဆိုတာ ဒီလို အန္တရာယ်များတဲ့ ကိစ္စတွေအတွက် ချသုံးဖို့မဟုတ်ဘူး..။ ကိုယ်အရင်သွားမယ် ဆိုက်ချီ"

"နေဦး…ကျွန်မဟာ ဘယ်သူ့သမီးလဲဆိုတာ ရှင်တို့သိတယ်နော်…။ ပြဿနာတစ်ခုခု ဖြစ်ခဲ့ရင် ရှင်တို့ထက် ကျွန်မက ဖေဖေ့အပေါ် ပုံချလို့ရတယ်.."

ဘားနော့နဲ့မောလိုက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး..

"သူပြောတာ ဟုတ်တယ်။ ဒီနေရာမှာ အငြင်းအခုံတွေများပြီး သိပ်ကြာနေလို့ မဖြစ်ဘူး။ သွားပါ ဆိုက်ချီ…God's bless you"

ဆိုက်ချီက ကြောင်မလေးတစ်ကောင်လို ပေါ့ပါးစွာပင် စီစီတီဗီကင်မရာ ရိုက်ကူးပြီး ပြန်အလှည့် တပါတည်းပါသွားပြီး၊ နံရံမှာကပ်ထားသည့် scanner ပေါ် ဖခင်ရဲ့လက်ဗွေရာကို တင်လိုက်စဉ် တံခါးမှာ ငြင်သာစွာ ပွင့်သွားသည်။

ဝင်လို့မရသေးဘူး..။ ဝင်လို့မရသေးဘူး…။ နောက်

www.burmeseclassic.com

www.burmeseclassic.com



လူတွေအတွက် ငါအဆင်ပြေအောင်လုပ်ပေးရဦးမယ်..။ ရှာစမ်း..။ ရှာစမ်း...။ commond ခလုတ်တွေ။

အို...တွေ့ပြီ...။ 5 minutes allowed ...တဲ့။

သူမက ထိုခလုတ်ကို နှိပ်ခဲ့ပြီး တံခါးပြန်မပိတ်ခင် အထဲဝင်ရင်း နောက်မှာရပ်စောင့်နေသူတို့ကို လက်ဟန်ခြေဟန်ပြခဲ့လိုက်သည်။

ဖိုင်းတို့ကလည်း လက်ရဲဇက်ရဲနှင့် အကင်းပါး၍ တော်တော့သည်။ သံမဏိတံခါးမှာ 5 minutes allowed ခလုတ်နှိပ်ပြီးသည်နှင့် ငါးမိနစ်တိတိဆိုသလိုပင် လူတစ်ယောက် တံခါးရှေ့လာရပ်သည်နှင့် လူအပူငွေ့နှင့်အလိုအလျောက် တံခါးဖွင့်ပေးသည့် အော်တိုမက်တစ်စနစ် တံခါးဖြစ်သွားလေတော့သည်။

ဖိုင်း၊ မောလိုနှင့်ဘားနော့တို့သည်လည်း ဆိုက်ချိုနည်းတူပင် စီစီတီဗီကင်မရာ၏ လှည့်ပတ်ပုံနှင့်ဟန်ချက်ညီညီ လိုက်ပါခဲ့ရင်း တားမြစ်ဧရိယာအတွင်း အောင်မြင်စွာ ဝင်ရောက်ခဲ့နိုင်လေတော့၏..။

ခရီးစဉ်က အခုမှ စလုံးရေ စပဲရှိသေးသည်။

လူတွေအားလုံးကတော့ အကြီးအကျယ်စွန့်စားလာခဲ့ရသဖြင့် နှုန်းချိန္ဓမ်းနယ်ကာ ခုတင်ပေါ် ပစ်လှဲချပစ်ချင်စိတ်တွေပေါက်နေကြလေတော့၏..။

♻ ♻ ♻

## အခန်း ( ၁၅ )

"မင်း သိပ်တော်တယ် ဆိုက်ချို.."

ဖိုင်းက ချစ်သူရဲ့နဖူးကို ခပ်ဖွဖွကလေးနမ်းလိုက်ရင်း သူတေသနခန်းမကြီးတစ်ခုလုံးကို လေးယောက်သား ကျိုးကန်းများအစာရှာထွက်ကြသလို သတိအနေအထားနှင့် အကဲခတ်သမ်းလျှောက်လာခဲ့ကြသည်။

သိပ္ပံခန်းမကြီးမှာ ဖိုင်းတို့ ကြိုတွေးထားသည့်အတိုင်းပင် ထိန်းချုပ်ရေးကိရိယာများ၊ ဝေဟင်အာရုံခံစနစ်များပါဝင်သည့် ယန္တရားများ၊ ဘာတွေမှန်းမသိသည့် စက်ပစ္စည်းများ၊ အွန်ပျူတာများနှင့် စနစ်တကျ ရှိလှသည်။

"ဘာကိုမှ လက်လွှတ်စပယ်မကိုင်မိစေနဲ့နော်"

ဖခင်ဖြစ်သူအတွက် အစိုးရိမ်လွန်နေသူ ဆိုက်ချိုရဲ့ သတိပေးစကားကို သူတို့သူငယ်ချင်းသုံးယောက်သား စာနာသဘော

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကြပါသည်။

ဒီအတိုင်း အံ့သြဘနန်းနဲ့ တောင်ကြည့်၊ မြောက်ကြည့် လုပ်နေ၍ မရ။

လေ့လာစူးစမ်းရမည်။ ခက်တာက ဘယ်ကနေဘယ်လို ဘာကို စူးစမ်းလေ့လာရမည်မှန်းမသိ။

လူကြီးတွေလောက်လည်း ဉာဏ်ရည်မမှီ…။

"ကွန်ပျူတာတွေက အများကြီးပဲ..။ မင်းဖေဖေ ကွန်ပျူတာ ဘယ်ဟာဖြစ်နိုင်မလဲ ဆိုက်ချီ။ ဒေတာတွေတော့ ကိုယ်တို့ ကူးယူရလိမ့်မယ်"

ဆိုက်ချီက နှုတ်ခမ်းကို ဖိကိုက်လိုက်ရင်း…။

"ဟောဒါဖြစ်မယ်..။ ဒီ computer က ဖေဖေ့အကြိုက် brand ပဲ.."

"အိုကေ…"

ကွန်ပျူတာကို ပါဝါဖွင့်နေစဉ် သူတို့လေးယောက်သား ကြောက်ရွံ့စိတ်၊ သိမ်ငယ်စိတ်များနှင့်အတူ ခြောက်ခြားနေကြသည်။

"အခုနေ တစ်ယောက်ယောက်များ ဝင်လာခဲ့ရင်.."

"သိပ်ကောင်းတဲ့ စိုးရိမ်စိတ်ပဲ…။ လေးယောက်သား လူစုခွဲပြီး ကွန်ပျူတာစင်အောက်တွေ ဝင်ပုန်းကြမယ်။ တတ်နိုင်သလောက် နောက်ဆုံးအခြေအနေထိ ငါတို့ ကိုယ်ယောင်ဖျောက်နိုင်ရမယ်..အိုကေ.."

"အိုကေ…"



ကွန်ပျူတာပွင့်သွားသဖြင့် သိမ်းဆည်းထားသည့် File တွဲများကို မွှေနှောက်ရှာကြရာ။

များပြားလွန်းသော File တွဲများကြောင့် သူတို့လေးယောက်သား စိတ်ပျက်လက်ပျက် ဖြစ်သွားကြတာတော့ အသေအချာပင်။

"နိုင်းရေ..ဒါတွေသာ အကုန် download ဆွဲရင် တစ်ညအိပ်ရလိမ့်မယ်နဲ့တူတယ်။ ဒီအခန်းထဲမှာ ငါတို့ နာရီဝက်ထက်ပို မကြာသင့်ဘူး။ ဘာဆက်လုပ်ကြမလဲ"

နိုင်းက ဖိုင်တွဲများကို ခပ်မြန်မြန်ကလေး တစ်ခုပြီးတစ်ခု ဖွင့်ကြည့်နေသည်။ အားလုံးကတော့ ပညာရပ်အသီးသီးကို အသေးစိပ်ရှင်းလင်းချက် ဖွင့်ဆိုထားသဖြင့် ဘယ်ကနေဘယ်လို ဘာကို ကူးလို့ကူးရမှန်းလည်း မသိ…

"ငါတို့တော့ မြွေကိုင်မိပြီနဲ့ တူတယ်..။ ဘယ်လိုလုပ်ကြမလဲ"

ဘားနော့ စိတ်ပျက်လက်ပျက်ဖြစ်နေစဉ် နိုင်းက ဖိုင်တွဲများ၏ နာမည်များကို ခပ်မြန်မြန်ဖတ်ကြည့်သည်။ ဖိုင်တွဲတစ်ခုရဲ့ နာမည်က "h"..တဲ့..။

သူက ထိုဖိုင်တွဲကို စတင်ကူးယူနေလေပြီ…။ ဖိုင်ဆိုဒ်က ဘယ်လောက်ကြီးသလဲ၊ မကြီးသလဲတော့မသိ…။ ကော်ပီစကူးယူသည်နှင့် 30 Minutes Left အရင်စပြလာသည်။

နာရီဝက်တောင် စောင့်ဆိုင်းရမည့် ဖိုင်တွဲတစ်တွဲပင်။

"နေစမ်းပါဦး…မင်းက ဘာလို့ ဒီဖိုင်တွဲကို အရင်စ

www.burmeseclassic.com

www.burmeseclassic.com



ကူးတာတုံး…''

''h''လို့ ရေးထားလို့ပေါ့…''

''အေးလေ..h က ဘာလဲ…''

''ပြောရမှာ အရှည်ကြီးပါကွာ..။ ပလဲန့်ကိန်းသေလို့ပဲ မှတ်လိုက်ပါ။ ပလဲန့် (PLANCK)ဆိုတာ အိုင်းစတိုင်းလိုပဲ ကွမ်တမ်မက္ကင်းနစ် ဖခင်တစ်ယောက်ပဲ။ အလင်းလှိုင်းတွေ၊ အီလက်ထရိုမက်ဂနစ်တစ်ဇင်း သီအိုရီတွေနဲ့ သိပ္ပံကမ္ဘာကို တွန်းလှုပ်သွားစေခဲ့တဲ့သူ။ ဒီဖိုင်တွဲကို ဆရာကြီး 'h'လို့ နာမည်ပေးခဲ့တာဟာ တို့ သိပ်သိချင်နေတဲ့ ဒီစီမံကိန်းကြီးရဲ့ သိပ္ပံဆိုင်ရာ အီလက်ထရိုမက်ဂနတစ်သဘောတရားတွေ ပါနေလိမ့်မယ်ထင်လို့ ငါဒါကို အရင်စ,ကူးလိုက်တာ..''

''ဟင်း…ပညာရှင်ကြီးတွေ နှစ်ပေါင်းများစွာ သုတေသနလုပ်နေတဲ့နေရာကို တို့က တခဏလေးနဲ့ ဦးနှောက်ဖောက်စားချင်လို့တော့ ဘယ်လွယ်နိုင်ပါ့မလဲ..။ တားမြစ်နေရီယာဆိုလို့ ဝင်လာကြည့်လိုက်ပါတယ်။ ရောက်လာတော့လည်း ဒီနေရာဟာ အန္တရာယ်ရှိတဲ့နေရာလား အန္တရာယ်မရှိတဲ့နေရာလားလို့ ခွဲခြားနိုင်တဲ့ ဉာဏ်ရည်တောင် တို့မှာ မရှိဘူး။ အဲဒီဖိုင်တွဲကူးပြီးရင် ငါတို့ ပြန်ထွက်ကြစို့ဟာ…''

မောလိုက စတင်အားလျှော့လေတော့ သူတို့ စိတ်အချဉ်ပေါက်စွာ ရယ်မိကြပြန်သေးသည်။

Complete download ဖြစ်ဖို့ ရှစ်မိနစ်အလိုမှာတင် အန္တရာယ်က ဘွတ်ဖိနပ်အသံနဲ့အတူ အခန်းထဲရောက်ရှိလာလေတော့ သည်။



သံမဏိတံခါးပွင့်သွားပြီး လူငယ်တစ်ယောက် အခန်းထဲ ဝင်လာသည်။

စနေ၊ တနင်္ဂနွေလိုနေ့ရက်မျိုးမှာ လုံခြုံရေးယူရသည့် စစ်တပ်မှ ဗိုလ်ပေါက်စတစ်ဦး…။ သူတို့သည်လည်း ဥရောပ တက္ကသိုလ်များမှာ ပညာသင်ယူအပြီး ဒီစီမံကိန်းရဲ့အောက်ခြေ တစ်နေရာမှာ တာဝန်ထမ်းဆောင်နေရသည့် ပညာရှင်ကလေးများပင်။

လေးယောက်သား မျက်ရိပ်မျက်ခြေပြလိုက်တယ်ဆိုရင်ပဲ ဆိုက်ချီ၊ ဘားနော့နဲ့မောလိုတို့ဟာ သင့်တော်ရာထောင့်အကွယ်မျိုးစုံမှာ ခန္ဓာကိုယ်လေးတွေ ခေါက်ချိုးပစ်လိုက်ရင်း ပုန်းကွယ်လိုက်ကြသည်။

ကွန်ပျူတာကြီးဖွင့်ပြီး တို့လို့တန်းလန်းဖြစ်နေသူကတော့ နိုင်းပင်…။

''ခေါက်…ခေါက်…ခေါက်…ခေါက်…''

ဗိုလ်ပေါက်စရဲ့ စစ်ဖိနပ်သံကလည်း မသိရင် ဒုတိယအမှာစစ်တုန်းက အောက်(စ်)ဝစ်(သ်)အကျဉ်းစခန်းထဲ လမ်းလျှောက်လာတဲ့ ဂျာမန်စစ်ဗိုလ်တစ်ဦးရဲ့ ခြေသံလို ဗိုင်းအတွက် ခြောက်ခြားစရာ ကောင်းနေလေတော့သည်။

အင်း…သူက သူ့ဂျူတီသူ ဝင်နေတာ…။ ကိုယ်သာ ဆောတ်တာ လျှောက်လုပ်ပြီး စိတ်တွေဂယောင်ခြောက်ခြားဖြစ်နေတာ။

www.burmeseclassic.com

www.burmeseclassic.com



ကဲ··ဘာလုပ်မလဲ··။ Stick ဆွဲဖြုတ်ပြီး ဆိုက်ချီတို့နည်းတူ နီးစပ်ရာထောင့်ကွယ်တစ်ခုမှာ ဝင်ပုန်းရမလား။

ဒီနေရာက နောက်တစ်ခေါက် ပြန်လာဖို့လည်း မလွယ်။ ကူးနေသည့် ကိစ္စကလည်း ပြီးလုလုနှင့် တိုးလို့တန်းလန်း··။

download ရယ်။ ပြီးပါတော့···ပြီးပါတော့···။

3 minute Left...။

ဟင်း···။

"ဒေါက်···ဒေါက်···ဒေါက်··ဒေါက်···"

ဗိုလ်ပေါက်စက ခန်းမထဲ လိုက်လံကြည့်ရှုစစ်ဆေးနေပြီး ဖိုင်းဝပ်နေသည့် ကွန်ပျူတာနား ရောက်မှန်းမသိ ရောက်လာသည်။

အိုကေ··

ပြီးတော့မယ်···။ ပြီးတော့မယ်··။

သူ့ရင်တွေ အခုန်မြန်လာပြီ···။ နောက်ဆုံးစက္ကန့်အထိ တောင့်ခံထားရင်း ပြီးလုဆဲဆဲကြမှ Stick ကို ဆွဲဖြုတ်လိုက်ကာ နီးစပ်ရာတစ်နေရာသို့ ဝင်ပုန်းလိုက်ရသည်။

သွားပြီ···။ ကွန်ပျူတာပိတ်ဖို့ မေ့ကျန်ခဲ့လေပြီ··။

ဒီကွန်ပျူတာရှေ့တည့်တည့်ရောက်လာလျှင် ဗိုလ်ပေါက်စ ဘယ်လို ဆုံးဖြတ်ချက်ချတော့မည်လဲ···။

အရေးပေါ်အချက်ပြခလုတ်ဆွဲနှိပ်ပြီး တစ်ခန်းလုံး ပိုက်စိပ်တိုက်ရှာကြလျှင် မိမိတို့ လေးယောက်သား မိမှာကျန်မလွဲ··။

ဟော···။



"ဒေါက်···"

ပွင့်နေသည့် ကွန်ပျူတာရှေ့ရောက်တော့ သူ့စစ်ဖိနပ်သံ လုံးဝ ရပ်သွားလေပြီ··။

ကွန်ပျူတာကို ရပ်ကြည့်ရင်း မျက်ခုံးတွန့်စဉ်းစားနေသည်ကို ဖိုင်းထောင့်ကွယ်တစ်ခုက မြင်နေရသည်။

ဆိုက်ချီနှင့်သူငယ်ချင်းနှစ်ယောက် သူတို့ပါးစပ်များကို လက်ဝါးနှင့်အုပ်ကာ ကြောက်လန့်တုန်လှုပ်လျက် ရှိချေသည်။

"တောက်···"

ဗိုလ်ပေါက်စက တက်ခေါက်လိုက်ရင်း···

"တိုနာမော့···ဒီလောက် နမော်နမဲ့နိုင်တတ်တဲ့ အရာရှိပေါက်စကို ဒီစီမံကိန်းထဲ ထည့်လိုက်တာ ဗိုလ်ချုပ်ကိုတော့ ငါ တကယ်အံ့သြတယ်။ ဘာကိုမှ ဂရုတစိုက် ပြန်စစ်မသွားဘူး···"

ဒီမှတ်ချက်ကို ဗိုလ်ပေါက်စမှာ အလွယ်တကူ ချလိုက်သည်တော့ မဟုတ်။

အရာရှိမှတ်တမ်းစာအုပ်ကို ပြန်လည်လှန်လှောကြည့်လိုက်ရင်း ထန်းသီးကြွေခိုက်၊ ကျီးနားခိုက်ဆိုသလို နမော်နမဲ့နိုင်တတ်သည့် အရာရှိတိုနာမော့ရဲ့ ဂျူတီအပြီး အခုဝင်လာတဲ့ ဗိုလ်ပေါက်စရဲ့ ဂျူတီအစမှာ ကွန်ပျူတာတစ်လုံး ပွင့်လျက်သားဖြစ်နေ၍ ဖိုင်းတို့ အသက်ရှူချောင်သွားရလေတော့သည်။

ယခု ရောက်လာသူ ဗိုလ်ပေါက်စမှာ အလုပ်ကို စည်းကမ်းရှိရှိနှင့် တိတိကျကျလုပ်တတ်ပုံပေါ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သုတေသနခန်းမတစ်ခုလုံးကို အသေးစိပ်ကြည့်ရှုစစ်ဆေးသည်မှာ လိုအပ်သည်ထက်ပင် ပိုနေ၍ ဖိုင်းစိတ်ထဲကနေ ချီးကျူးနေမိပြန်သည်။

သို့သော် အားလုံးစစ်ဆေးပြီးသွားတော့ ဆရာသမားမှာ facebook နှံနှစ်နေသဖြင့် ဖိုင်းတို့လေးယောက်သား အမှောင်ထောင့်ကွယ်အသီးသီးမှာ နှစ်နာရီစာလောက်သွေးတောင့်မတတ်ရပ်စောင့်နေရင်း ဘုရား၊ တရားအာရုံပြုနေရပါတော့၏။

✿ ✿ ✿

## အခန်း ( ၁၆ )

အဲဒီတစ်ညလုံး ဖိုင်း လုံးဝလုံးဝ မအိပ်လိုက်ရပါ··။

ကူးယူခဲ့သည့် Stick ကို အိမ်မှာ ပြန်လည်ဖွင့်ကြည့်တော့ အဆုံးသတ်အထိ မရေးသားရသေးတဲ့ သိပ္ပံစာတမ်းတစ်စောင်ဖြစ်နေသည်။

The bulge ···တဲ့။

နားလည်းမလည်။ ဉာဏ်လည်းမမီ···။ ဘာတွေမှန်းလည်း မသိ။

ရူပဗေဒ အဘိဓာန်စာအုပ်နဲ့ တိုက်ကြည့်ပြီး ထိုစာတမ်းထဲက ဝေါဟာရတွေကို သိသလောက်၊ တတ်သလောက် ဘာသာပြန်ကြည့်သည့်တိုင် The bulge ကို မစေ့ငုမိနိုင်···။

"ဟူး···"

ဖိုင်း လေပူတချို့မှုတ်ထုတ်လိုက်ရင်း မသိမသာ ခေါင်းယမ်းနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအခြေအနေ ဒီအဆင့်အထိပင် ရောက်လာကြပြီ‥။ ရပ်နေ၍လည်း မရတော့‥။ နောက်ပြန်ဆုတ်ဖို့လည်း မဖြစ်နိုင်တော့…။

The bulge ကို နားလည်အောင်လုပ်မှ ဖြစ်တော့မည်။

သို့နှင့် သူ ကွန်ပျူတာဖွင့်လိုက်ကာ The bulge ဟု ရိုက်နှိပ်ရှာဖွေကြည့်လိုက်သည်။

တော်တော်များများက Access Denied များသာ ကျလာသည်။

"ဘာလဲကွာ…The bulge ဆိုတာ‥"

ဝက်(ဘ်)ဆိုဒ်တွေကို အမျိုးမျိုးကျော်ခွကာ ဖွင့်ကြည့်သည်။ လုံးဝမရ…။

The bulge ဟာ နိုင်ငံတော်လုံခြုံရေးအတွက် တားမြစ်ခံထားရတဲ့ သိပ္ပံဖြစ်စဉ်တစ်ခုများ ဖြစ်နေလေမလား‥။

တွေးရင်းနှင့် သူရေးရေးသဘောပေါက်သလို ရှိလာစဉ် သူ့ရဲ့စာကြည့်စားပွဲမှာ အလှအိုးထိုးထားသည့် နှင်းဆီပန်းကလေး စတင် တုန်ခါစပြုလာလေပြီ‥။

"ဖိုင်း‥မနက်ဖြန်ကျရင် ဂဇန်းနီးယားပန်းပွင့်တွေ ပွင့်တော့မယ်‥ဟူး‥ကျွန်မတို့ ဒီနေ့ပန်းတွေကို ပွင့်ဖို့ဆော်ဩခဲ့တာ သိပ်ပင်ပန်းတာပဲ‥"

ဝင်လာပြီ…။ ငှေပ်မလေး…ကိ။

'ကိ'ကို စတွေ့ကာစက သူအထူးတဆန်းရှိခဲ့သော်လည်း အခုတော့ သိပ်မအံ့ဩတော့…။ သိပ်လည်း အဆန်းတကြယ်မရှိလှတော့…။



ဘာသာတိုင်းမှာ ဘုရားသခင်တွေကိုယ်တိုင်က ကောင်းကင်နိုင်ငံတော်၊ နတ်ပြည်၊ နိဗ္ဗာန်စသဖြင့် ရည်ညွှန်းခဲ့ကြသေးတာပဲ…။

ဒီ နတ်သမီးပုစိကွေးလေးရှိနေတာ ဘာများ အံ့ဩစရာကောင်းနိုင်လိမ့်မလဲ။ အံ့ဩချင်း အံ့ဩမယ်ဆိုရင်တောင် လူသားနှင့်နတ်သမီးလေး နှစ်ဦးတို့၏ နားလည်ယုံကြည်မှုရှိသည့် ခင်မင်မှုကိုသာ အံ့ဩရပါလိမ့်မည်။

ဒီနေ့ထက်ထိ 'ကိ'သူ့ကို ယုံကြည်နေသေးတာ၊ မကြာခဏ စကားလာပြောနေသည်ကိုသာ သူအံ့ဩနေမိသည်။ သို့သော် 'ကိ'ကို သူမအံ့ဩမိတော့။

အခုလို အချိန်မျိုး ရောက်လာ၍ပင် ငှေပ်လေးဟု သတ်မှတ်နေမိတော့သည်။

"ဟေး‥ဖိုင်း‥ကျွန်မပြောတာ ရှင်ကြားရဲ့လား…ဘာတွေ လုပ်နေတာလဲ‥"

"မင်းတို့ နတ်သမီးတွေကို ရူပဗေဒအကြောင်း ပြောပြနေလို့ ငါ အာပေါက်ရုံပဲရှိမယ်။ မင်းတို့ နားလည်မှာမဟုတ်ဘူး‥"

"ဒါဟာ ဝမ်းနည်းစရာမရှိဘူး‥။ ကျွန်မတို့ဟာ ပန်းတွေရဲ့ သမိုင်းကြောင်းကို နားလည်ရုံလောက်နဲ့တင် နတ်သမီးဖြစ်ခွင့်ရတဲ့အပေါ် ကျေနပ်လှပြီ…"

"အိုကေ…ပန်းတွေဆီက လာခဲ့တဲ့ Angel လေး‥

www.burmeseclassic.com

www.burmeseclassic.com



ပန်းတွေဆီ ပြန်လိုက်ဦး…ဒီမှာ ကိုယ်အလုပ်ရှုပ်နေတယ်‥”

'ကိ'မှာ သူ့အနားချဉ်းကပ်လာသည်နှင့် အမြဲ အရေးတယူရှိလှသည်ကိုသာ ကြုံဖူးနေပြီး အခုလို ခိုင်း ယဉ်ယဉ်ကျေးကျေးလေး မောင်းထုတ်လိုက်မှုအပေါ် အံ့အားလည်း သင့်၊ ဝမ်းနည်းသလိုပါ ခံစားသွားရကာ‥

"ကြည့်စမ်း…ကျွန်မက မိုင်ထောင်ချီဝေးတဲ့အရပ်က နေတောင် ရှင့်ဆီပျံသန်းလာခဲ့တာ‥။ ရှင် ဒီလိုပဲ မောင်းထုတ်ပစ်တယ်ပေါ့…"

"ဝမ်းနည်းပါတယ်။ ကိုယ်ဒီမှာ စဉ်းစားရတဲ့အလုပ်တစ်ခု လုပ်နေလို့ပါ‥"

"ဒါဆိုလည်း ပြီးရောပေါ့‥"

တုန်ရီနေတဲ့ နှင်းဆီပွင့်ကလေး ငြိမ်သက်သွားရချေပြီ။

'ကိ'စိတ်ဆိုးသွားပြီ ထင်ပါရဲ့။

နောက်မှ ပြန်ချော့တော့မယ်လို့ သူစိတ်ကူးလိုက်ကာ ပန်းတွန့်လိုက်ရင်း အင်တာနက်ကနေ The bulge ကို ခြေရာခံလို့မရတဲ့အဆုံး၊ အိုင်ယွန်နိုစဖီးယားအလွှာကို အရင်ဆုံးသဘောပေါက်နားလည်ဖို့လိုမည်ဖြစ်ကြောင်း တွေးမိရင်း ထိုအကြောင်းကိုသာ ညလုံးပေါက် ဖတ်ရှုနေမိတော့သည်။

✿ ✿ ✿

# အခန်း ( ၁၅ )

"ဘယ်လိုလဲ…ဟိတ်ကောင်…ဘာတွေ ထူးခြားလဲ"

ကန်တင်းရောက်တော့ ချစ်သူကရော၊ သူငယ်ချင်းများကပါ မျှော်လင့်ချက်အပြည့်နဲ့ သူ့ကို ဝိုင်းဝန်းမေးမြန်းကြတာမို့ သူ စိတ်ပျက်လက်ပျက်ဖြစ်သွားပြီး‥

မနေ့ညက အဖြစ်အပျက်ကို ရှင်းပြလိုက်ရလေတော့သည်။

"ကောင်းရော‥ငါတို့မှာတော့ ထောင်တန်းအချုပ် မကြောက် ဘာမကြောက်နဲ့ ခိုးလာခဲ့ရတာ‥။ အခုတော့ ဘာကြီးမှန်းကို မသိဘူး‥"

"သဲထဲရေသွန်တော့ မဖြစ်ပါဘူး။ ဆရာကြီးတို့ စီမံကိန်းနဲ့ အနီးစပ်ဆုံးတူတဲ့ သိပ္ပံစာတမ်းတွေတော့ အင်တာနက်ကနေ ငါဖတ်ခဲ့ရတယ်။ ငါ သိသလောက်ကတော့ ဆရာကြီးတို့ စီမံကိန်းက ရိုးသားပါတယ်ကွ‥။ လျှို့ဝှက်အဆင့်အထိ

www.burmeseclassic.com

www.burmeseclassic.com



ရှင်းမပြနိုင်ရင်တောင် အောက်ခြေအဆင့်အထိတော့ ငါ မင်းတို့ကို ရှင်းပြနိုင်ပါတယ်"

"အဲ…လုပ်စမ်းပါဦး ခိုင်းရယ်…။ ဆိုက်ချိုလည်း စိတ်ဝင်စားတယ်.."

ချစ်သူက သူ့အတွက် ကြက်ဥမွှေကြော်တစ်ပွဲမှာပေးရင်း စကားဆက်ဖို့ ပြောလေ၏။

"ဒီလိုကွ..။ အိုင်ယွန်နိုစဖီးယားအလွှာဆိုတာ ကမ္ဘာ့မြေမျက်နှာအထက် ကီလိုမီတာ ၅၀ကနေ တစ်ထောင်ကြားမှာရှိတဲ့ လူသားအကျိုးပြုလေထုလွှာ ဆိုပါတော့ကွာ။ သူက ခရမ်းလွန်ရောင်ခြည်ကိုလည်း ကာကွယ်ပေးတယ်။ နောက်ပြီး အဲဒီအလွှာထဲမှာ အီလက်ထရွန်တွေ၊ လျှပ်စစ်အက်တမ်တွေ၊ မော်လီကျူးတွေ ရှိတယ်။ သူ့ရဲ့ နောက်ထပ် ဂုဏ်သတ္တိတစ်မျိုးက.."

"အင်း…ဆက်စမ်းပါဦး.."

"ရေဒီယိုလှိုင်းတိုတွေကို လှိုင်းပြန်စွမ်းအင်(Reflect) လုပ်ပေးနိုင်သေးတယ်"

"ဒါတွေ အထက်တန်းကျောင်းမှာ သင်ခဲ့ဖူးပါတယ်။ ရေဒီယိုလှိုင်းတွေဟာ အဲဒီလေထုအလွှာနဲ့ ရိုက်မိပြီး ကမ္ဘာ့မြေမျက်နှာပြင်ကို ပြန်ရောက်လာကြတယ်လေ.."

"ဟုတ်တယ်…။ အဲဒီအထိ ငါတို့တွေ အထက်တန်းကျောင်းမှာ သင်ခဲ့ကြရတယ်။ အထက်တန်းကျောင်းမှာ မသင်ခဲ့ရတဲ့ကိစ္စတချို့ကို ငါအခု ဆက်ပြောမယ်လေ.."

"အေး..ပြော…"



"ခရီးဝေးလို့ပဲ ဖြစ်ဖြစ်၊ ရာသီဥတုကြောင့်ပဲဖြစ်ဖြစ် ရေဒီယိုလှိုင်းအချက်ပြစနစ်တွေဟာ လမ်းခရီးမှာ တခါတရံ ပျောက်ဆုံးတတ်တယ် တဲ့..ဒါပေမယ့် Extremely high frequency waves လို့ခေါ်တဲ့ (စောစောက ရေဒီယိုလှိုင်းတွေထက် လှိုင်းအလျားပိုတိုတောင်းပြီး)တုန်နှုန်းမြင့်လှိုင်းတွေ မှာကျတော့ အိုင်ယွန်နိုစဖီးယားအလွှာဟာ လှိုင်းပြန်ခြင်းဖြစ်စဉ်(Reflect) လုပ်မပေးနိုင်တော့ဘူး..တဲ့။ အဲဒီ တုန်နှုန်းမြင့်လှိုင်းတွေဟာ အိုင်ယွန်နိုစဖီးယားအလွှာကို ထိုးဖောက်ပြီး အာကာသထဲရောက်သွားရော…တဲ့"

"ဝါး…"

သူ့စကားလည်းဆုံးရော မောလိုဆီက သမ်းဝေသံတစ်ချက်က အားတက်စရာ ထွက်လာပါလေရော…

"နောက်တော့ရော…"

"အင်းလေ…ခိုင်း..ဆက်ပြောလေ…နောက်တော့ရော…"

"ကောင်းပြီလေ…တုန်နှုန်းမြင့်လှိုင်းတွေဟာ အာကာသထဲ ထိုးဖောက်ထွက်သွားကြတယ်။ ဒီအထိ ဆိုက်ချိုတို့ နားရှင်းပါတယ်…ပြီးတော့ရော…"

ချစ်သူကရော သူငယ်ချင်းများကပါ စိတ်ဝင်စားစရာကိစ္စမဟုတ်သော်ငြား အဆုံးသတ်အထိ သိလို၍ ဆက်လက်မေးမြန်းကြလေသည်။

သူ ဘာဆက်ပြောလို့ ပြောရတော့မှာမှန်းမသိ…။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအထိပဲ ငါ စုံစမ်းလို့ရသေးတယ်။ နောက်တော့ Access Denied တွေပဲ ကျလာတယ်။ အမျိုးသားလုံခြုံရေးကိစ္စအတွက်များ နိုင်ငံတော်က တားထားလေသလား မသိဘူး။ The bulge အဆင့်ကို ရောက်အောင် ငါမဖောက်နိုင်သေးဘူး…"

"ဟင်း…"

အားလုံး စိတ်ပျက်လက်ပျက် ဖြစ်ကုန်ကြတာတော့ အသေအချာပင်…

"မင်းတို့ကလည်း လူငယ်တွေမဟုတ်တဲ့အတိုင်းပဲ။ တစ်ခုခုဆို စိတ်လျှော့မယ်ဆိုတာချည်းပဲ လူကြီးတွေကို တန်ပြန်ထောက်လှမ်းနေတဲ့ ငါတို့ စီမံကိန်းကြီး မပြီးသေးဘူးနော်…။ မင်းတို့တွေလည်း အစွမ်းရှိသလောက် ဝင်ပြီးကူညီရမယ်။ ဒါပဲ…"

ဒီတော့မှ ဘားနော့က အချိုးမပြေဖြစ်နေတဲ့ မျက်ခွက်ကို နည်းနည်းပြုပြင်လိုက်ရင်း…။

"The bulge …ဟုတ်လား…။ ငါ ကြိုးစားကြည့်ဦးမယ်.."

သူ့ရဲ့ မိုဘိုင်းဖုန်းထဲကနေ ကွန်နက်ရှင်ချိတ်ဆက်လိုက်ကာ The bulge ကို ကြိုးစားရှာဖွေကြည့်လေတော့သည်။

ဘားနော့က ကွန်ပျူတာနဲ့ပတ်သက်လာလျှင် သိပ်ခေသူတော့မဟုတ်။ ခြံခုန်တတ်တဲ့နွားတစ်ကောင်လိုပဲ ဘယ်လိုခြံစည်းရိုးအမြင့်ကိုပဲဖြစ်ဖြစ် အကျော်၊ အခွကောင်းကောင်းနှင့် လိုချင်တဲ့ ဝက်(ဘ်)ဆိုက်ပွင့်အောင် ဖွင့်တတ်လေသည်။



အခုတော့ ဘားနော့သည်လည်း မျက်ခုံးတွန့်နေရလေပြီ။

"အေးကွ..မပွင့်ဘူး။ Access Denied တွေပဲ ကျနေတယ်.."

"ဟုတ်လား..ငါတို့လည်း ဖွင့်ကြည့်ဦးမယ်…"

မောလိုနဲ့ဆိုက်ချီကပါ မိုဘိုင်းဖုန်းများသုံး၍ The bulge ကို ရှာကြသည်။ ဆရာကြီးဘားနော့တောင် မရသည့်ဟာ..။ ဒီနှစ်ကောင် ကြိုးစားနေလည်း အပိုပါပဲ။

အားလုံး စိတ်ပျက်လက်ပျက်နှင့် ခေါင်းတွေခါယမ်းနေကြသည်။

တားမြစ်ဇရိယာဆိုပြီး၊ အစဉ်အလာကြီးမားလှသည့် မိမိတို့ရဲ့ ဘာသီနမ်တက္ကသိုလ်ကြီးရဲ့ အနောက်ဘက်တစ်နေရာမှာ သိပ္ပံသုတေသနဌာနချုပ်ကြီး ဖွင့်လာခဲ့သည်။

ဒီစီမံကိန်းမှာ ဆိုက်ချီရဲ့အဖေလို ပညာအလွန်ထူးချွန်သည့် လူတော်ကြီးတွေအပါအဝင် ဗိုလ်ချုပ်ဟိုက်ဒင်တို့လို မျိုးချစ်စိတ်ရှိပုံရပြီး တခါတရံ ခေါင်းမာတစ္စတ်ထိုးဆန်တတ်သည့် စစ်ဗိုလ်ချုပ်တွေက စလို့၊ ဥရောပတက္ကသိုလ်တွေမှာ မဟာဘွဲ့ရလာခဲ့ကြသည့် ဗိုလ်ပေါက်စ၊ ဗိုလ်ကြီးပေါက်စတွေ အများအပြား ပါဝင်ခဲ့ကြတာပဲ သိသည်။

စီမံကိန်းရဲ့ ရည်ရွယ်ချက်ကို ခေတ်ပြားဟောင်းထဲက အသံတွေထက် ပိုကြားခွင့်မရကြ။ စူးစမ်းလေ့လာလိုပြီး၊ အမှန်မှန်သမျှ နားခံရမည်လို့ ပြဋ္ဌာန်းခံမထားရတဲ့ စစ်တပ်ပြင်ပက

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများကို ထိုဇရိယာထဲ ပေးမဝင်။

ဒါဆို ရိုးကောရိုးသားကြရဲ့လား…။

အတွေးနှင့် လေးယောက်သား ငြိမ်သက်နေကြစဉ် မိစ္ဆာတစ်ကောင် ထောင်ဖောက်လိုက်တဲ့ ချိန့်ကိုက်ဗုံးသံက၊ မောလိုမိဘတွေဆီက ဆက်သွယ်တဲ့ ဖုန်းသံနဲ့အတူ သူတို့လေးယောက် ထိုင်နေသည့် ကန်တင်းရှိရာဆီသို့ ရောက်ရှိလာလေတော့သည်။

မိနစ်ပိုင်းလောက်ပဲကြာသည့် ဖုန်းပြောဆိုမှုအပြီး မောလို အကြီးအကျယ် မျက်နှာပျက်ကာ ငြိမ်ကျသွားလေတော့၏။

နောက်တော့မှ…။

"ဒုက္ခဟာ သူ့အပေါင်းအသင်းရောင်းရင်းတွေကိုပါ ခေါ်ပြီး ငါတို့မြို့ကို ရောက်လာခဲ့ပြီ…"

" …. …. …"

"နဂိုကမှ ပဋိပက္ခတွေနဲ့ ရှုပ်ထွေးနေရတဲ့ ငါတို့မြို့ကလေးမှာ မီးတောင်ထပ်ပေါက်မယ့် အရိပ်အယောင်တွေ ပြနေပြီ ..တဲ့"

"ဟင်…"

✿ ✿ ✿

# အခန်း ( ၁၈ )

တခါတရံ ဆိုက်ချီနဲ့ချစ်သူဖြစ်ရသည်ထက် ဂူမှာနံတစ်ထောင်စောင့်ကြပ်တဲ့ မဋ္ဌူသက နတ်ပန်းကို တက်လှမ်းချူရသည်က ပိုကောင်းဦးတော့မည်ဟု နိုင်း စိတ်အချဉ်ပေါက်စွာ စဉ်းစားနေမိတော့သည်။

အခုလည်း ကြည့်..။

လူကြီးသား ထေလိုဒန်ရဲ့ ကျွတ်ဆတ်ဆတ် မာကျယ်ကျယ် အချိုးမပြေမှုတွေဟာ တစ်ရက် တစ်ရက် နဘန်ဆယ့်ရှစ်ချက်ပိတ်ကျင်းချင်စရာ ကောင်းလောက်အောင် ဖြစ်နေလေပြီ…။

ဆိုက်ချီကို စွဲစွဲလန်းလန်း ချစ်နေ၍လားဆိုတော့လည်း နိုင်း မထင်ရေးချ မထင်။ ရေပေါ်ဆီ၊ လူ့ပေါ်ကြော့များပီပီဘဝမှာ လက်ညှိုးညွှန်ရ ရေဖြစ်ရမည်ဟု သူ့ဘဝသူ ပြဋ္ဌာန်းထားပုံပေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း တခါတရံရရှိလာနိုင်တဲ့ အရှုံးအတွက် သူ့မှာ ဖြေသိမ့်စရာ ရင့်ကျက်မှုမျိုး မရှိချေ။

ဩော်···ချစ်သူတစ်ယောက်ထားရတာ အကုသိုလ်တော့ အတော်များသား။·

တစ်ရက် တစ်ရက် သူနဲ့ထိပ်တိုက်မဆုံဖို့ ရှောင်ရတာကို အလုပ်ကြီးတစ်ခုလို လုပ်နေရသည်။ ကိုယ်က သွေးကျဲလို့တော့ မဟုတ်···။

ဖြစ်နိုင်လျှင် ဘာပြဿနာမှ မတက်ချင်။ မတက်သာ၍ ပြဿနာတက်ကြပြီဟော့ဆိုလျှင် ဂုဏ်သိက္ခာအတွက်ဆိုပြီး အမျိုးကောင်းသားတွေ အသက်စွန့်သူစွန့်၊ ထောင်ကျသူကျနှင့် အနောက်က မိဘမောင်ဘွားများက ငွေထုပ်ပိုက်ပြီး ဖြေရှင်းနေရသော သူများအမှားများကို ဖိုင်းကတော့ အရင်းတစ်ပြားမှ မစိုက်ဘဲ သင်ခန်းစာယူသင့်သလောက် ယူပါသည်။

ဒီနေ့တစ်ရက်ထဲကိုပဲ ကြည့်···။

ကိုယ့်ကို လူမိုက်လို တည့်တည့်စိုက်ကြည့်ပြီး မီးမငြိမ်းရသေးတဲ့ စီးကရက်ကို ဟန်ပါပါလွှင့်ပစ်ပြတာက သုံးကြိမ်၊ သူ့ရဲ့နောက်မြီးဆွဲအဖွဲ့အားကိုးနဲ့ သရော်သလို ထေ့သလို အငြိအစွန်းစကားပြောပြီး ဟားတာက နှစ်ကြိမ်၊ အခု လောလောလတ်လတ်လေးကိုပဲ ကျောင်းလမ်းတစ်နေရာအရောက်မှာ ကိုယ့်ဖိနပ်ကို အနောက်က တက်နင်းပြီး ပြဿနာက အရှာခံလိုက်ရသေးသည်။

ဟတ်ထိုး၊ ဟတ်ထိုး ဖြစ်သွားရုံကလွဲပြီး မှောက်ရက်



လဲမသွားတာကိုက သင်းလည်း ကံကောင်းလှပြီ။

စိတ်မထိန်းနိုင်ကြတဲ့ တစ်နေ့တော့ ပွဲကြီးပွဲကောင်းပေါ့။

ရာဇဝင်မှာ မိန်းမတစ်ယောက်အတွက်နဲ့ စစ်ခင်းကြတဲ့ မိုက်ရူးရဲ့ဘုရင်တွေအကြောင်း ဖိုင်းမကြာခဏ ဖတ်ဖူးသော်လည်း အားမကျတဲ့အပြင် ရယ်တောင်ရယ်ချင်ပါသေးသည်။

ဖြစ်နိုင်လျှင် ကိုယ့်ဘဝမှာလည်း ဘယ်မိန်းမအတွက်နဲ့မှ ရန်ပွဲတွေမဖြစ်ချင်ချေ။

"ဟိတ်ကောင်တွေ··အိုင်းစတိုင်းရဲ့ Relativity သီအိုရီထဲက time and space ကို သိတယ်မဟုတ်လား။ အေး··ငါလည်း အချိန်နဲ့နေရာကို စောင့်နေတယ်။ ရှုပဗေဒသီအိုရီအသစ်ထုတ်ဖို့တော့ မဟုတ်ဘူးဟော့။ ဆောင့်ကြွားဆောင့်ကြွားဖြစ်နေတဲ့ အကောင်တစ်ကောင်ကို ဖြချင်လို့··"

"ဟား···ဟား···ဟား···ဟား··"

ဖိုင်းကို ရန်စပြီး ကျော်တက်သွားစဉ်က ရီသဲ့သဲ့ပြောသွားလေတဲ့ ထေလိုဒ်နရဲ့စကား···။

ဖိုင်းအံကိုတင်းတင်းကြိတ်ရင်း လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားမိလေသည်။

ဒီကောင့်ကို အခုပဲ စိန်ခေါ်ပြီး ချရမလား။ အနေအထားက လက်တစ်ကမ်းအကွာ။ တွေးရင်း ဖိုင်း လက်တွေယားလာသည်။ နှလုံးသည်းပွတ်တွေ ရှိန်းကြွဆူပွက်လာရသည်။

ထိုစဉ်···ထိုစဉ်ပင်···။

မြင်နေကျ မြင်ကွင်းမျိုးမဟုတ်တဲ့ အနေအထားတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



က ကျည်တစ်တောင့်လို ဒိုင်းကနဲ ရောက်ချလာလေတော့၏

"ဟာ..ဟေး...ဟေး.."

"ဟိတ်ကောင်...."

"မင်း..မင်းဘာလုပ်တာလဲ"

"ဝုန်း...."

အဖြစ်အပျက်က မြန်ဆန်လွန်းလှသဖြင့် ဇိုင်း ထိုကိစ္စ ကို ဘယ်လိုလက်ခံ ဘယ်လိုနားလည်ရမှန်းပင် မတွေးတတ် အောင်ပင်...။

ထေလိုဒန်ကို ခုန်အုပ်ပြီး အဝေးသို့ လွင့်ထွက်သွားစေ ရန် လုပ်လိုက်မိသည်။ မိမိသည်လည်း ထေလိုဒန်နည်းတူ အဝေး သို့ ဒလိမ့်ခေါက်ကွေး လွင့်ထွက်သွားရချေပြီ..။

ထေလိုဒန်ဆိုတာလည်း ရုတ်တရက် ဘာဖြစ်လို့ ဘာ ဖြစ်သွားလိုက်မှန်း မသိလိုက်ချေ။

သူ့ဆီ ဘရိုတ်ပေါက်ပြီး တည့်တည့်ကြီး ဝင်လာလေတဲ့ ကားကြီးမှာ နံဘေးက သစ်ပင်တစ်ပင်ကို ဝင်တိုက်ပြီး ထိုးရပ် သွားတော့မှ ကိစ္စက ပြတ်လေတော့၏။

နှလုံးသွေးတွေ ပူနွေးနေရင်းမှ ဇိုင်း ချက်ချင်းဆိုသလို ပင် အသိတစ်ခုဝင်လာလေတော့သည်။

ငါ...လူတစ်ယောက်ရဲ့ အသက်ကို ကယ်ခဲ့လိုက်ပြီ။

ရန်သူတစ်ယောက်လို မုန်းတီးရွံ့ရှာလှတဲ့ လူတစ် ယောက်ရဲ့အသက်ကိုမှ ငါ ကယ်တင်ခဲ့နိုင်လိုက်ပြီ။

ကျောင်းဝန်းတစ်နေရာမှာ ယာဉ်တိုက်မှုဖြစ်သဖြင့်



လူများဝိုင်းအုံလာကြသလို၊ ထေလိုဒန်မှာလည်း ထားရခက်နေ တဲ့ မျက်နှာနှင့် လဲကျနေရာမှ မတ်တပ်ရပ်လိုက်ကာ ဇိုင်းအား လက်တစ်ဖက် ကမ်းပေးလိုက်သည်။

သူ့အသက်ကို ကယ်ခဲ့လိုက်ကြောင်းတော့ ငနဲသား သိလောက်ပါပြီ။

"အဲဒီ ကျေးဇူးကို ငါမှတ်ထားတယ်။ တစ်ချိန်မှာ ပြန်ဆပ်မယ်။ ဟုတ်ပြီလား"

ဇိုင်းကို လက်တစ်ဖက် ကမ်းပေးကာ ဆွဲထူရင်း နက် နက်နဲနဲစိုက်ကြည့်၍ ထေလိုဒန်က ပြောလေသည်။

ဇိုင်းကတော့ ပခုံးပဲ တွန့်ပြလိုက်လေ၏။

"ဒါဟာ ငါ့ရဲ့လူသားဆန်မှုပဲ ထေလိုဒန်...။ အန္တရာယ်တစ်ခုဖြစ်ပြီဟော့ဆိုရင် ငါ့မှာ ရန်သူ၊ မိတ်ဆွေခွဲခြား စရာမရှိဘူး..."

ထေလိုဒန်က ဇိုင်းပခုံးကို ခပ်ကြမ်းကြမ်းပုတ်ကာ ထွက်သွားလေတော့၏...။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )

လူကြီးတွေနဲ့ ဆက်ဆံတဲ့အခါမှာ အမြင်နှစ်မျိုး အမြဲ တမ်း ထားရတယ်။ ကောင်းမွန်စွာ လက်သင့်ခံနိုင်ဖို့နဲ့ သံသယ နဲ့စောင့်ကြည့်တတ်ဖို့…တဲ့။

ဒီစကား တစ်ခွန်းတည်းနဲ့တင် ဓိုင်းကို သူမ အပြတ်ကို ကြွေသွားခဲ့ရလေပြီ။

သာမန်စဉ်းစားချင့်ချိန်မှုဘောင်ကို ကျော်ပြီး ကြည့် တတ်လာသည့်နေ့မှစ၍ သူမပတ်ဝန်းကျင်မှာ ထူးခြားမှုတွေ တစ်ခုပြီးတစ်ခုဆိုသလို တွေ့လာခဲ့ရသည်။

တစ်အချက်…မိမိတို့ မိသားစုမှာ သိမ်သိမ်မွေ့မွေ့က လေး ချုပ်ထားသည့် အကျယ်ချုပ်အောက်မှာ နေနေရသည်။ နှစ်အချက် ဖခင်ဖြစ်သူ၏ အရိပ်အယောင်များပင်…။

ဓိုင်းသာ ထောက်မပြခဲ့ပါလျှင် ပိပိရိရိနေတတ်လွန်းသူ ဖခင်ကို သူမသတိထားမိမည် မထင်။ အခုတော့ ဖခင်၏ အရိပ်အယောင်များကို သူမ အကဲခတ်တတ်လာသည်။



ပြုံးတော့ ပြုံးသည်။ သာမန်လူတွေလို ဟက်ဟက်ပက် ပက် မရယ်မောတော့သည်မှာ ကြာပြီ။ မိသားစုကိစ္စများကို စိတ်တော့ စိတ်ဝင်စားသည်။ သာမန်လူတွေလို ထဲထဲဝင်ဝင်မ ပတ်သက်တော့သည်မှာ ကြာပြီ။ သမီးနှင့်ဇနီးဖြစ်သူကို ချစ် တော့ ချစ်သည်။ တခြားဖခင်တွေလို တခြားခင်ပွန်းတွေလို ယုယုယယထွေးထွေးပိုက်ပိုက် မရှိတော့သည်မှာ ကြာပြီ။

ဖေဖေ့မှာ ဘာတွေ အခက်အခဲရှိနေပြီလဲ…။ ဘယ်လို အကျပ်အတည်းမျိုးအောက်မှာ ဖေဖေရောက်နေပြီလဲ သူမသိချင် နေမိသည်။

ဖြစ်နိုင်လျှင် ဖေဖေ့ကို ထိုအကျပ်အတည်း အခက်အ ခဲအောက်များမှ ဆွဲထုတ်ကယ်ဆယ်ပေးချင်လှသည်။

အခု သူမ အလုပ်ချင်ဆုံးအလုပ်တစ်ခုမှာ ဖေဖေကိုယ် နှိုက်မကွာ အမြဲဆောင်ထားလေ့ရှိသည့် တက်ဘလက်(ခ်)ကို ဖွင့် ကြည့်ဖို့ပင် ဖြစ်သည်။

ဖေဖေ့ မှတ်စုတွေ၊ ဒိုင်ယာရီတွေအားလုံး မွှေနှောက် ခဲ့ပြီးပြီ…။ ရေးရိုးရေးစဉ်တွေကလွဲပြီး ထူးထူးခြားခြားဘာမှ မတွေ့ရ…။

အဲဒီ တက်ဘလက်(ခ်)ထဲမှာဆိုရင်ကော…။ ဖေဖေ ဘာတွေရေးထားလေမလဲ။ ဘာတွေ ရင်ဖွင့်ထားလေမလဲ‥။ သိချင်လှသည်။

သူမ ဘာ့ကြောင့် အဲဒီ တက်ဘလက်(ခ်)ကိုမှ မျက်စိ ကျနေရတယ်ဆိုတာ အကြောင်းအချက်လည်း ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေသည် ထို တက်ဘလက်(ခ်)ကို လှို့ဝှက်နံပါတ်ခံပြီးတော့မှ သုံးသည်။ သူတစ်ယောက်မှလွဲ၍ မည်သူမှ ဖွင့်၍မရ။

အရင်ကအတိုင်းသာဆို ထိုကိစ္စနဲ့ပတ်သက်ပြီး သူမသည်လည်း နှာစေးချောင်းဆိုးဖြစ်စရာမလို…အခုတော့ ဖိုင်းထောက်ပြခဲ့၍ သူမအရာရာကို သတိနှင့်စောင့်ကြည့်တတ်လာသည်။

ကမ္ဘာပျက်ကိန်း ကျော်လွန်ခဲ့သည့်နေ့မှစတင်၍ ကြားခဲ့မြင်ခဲ့ရသော ထူးဆန်းတဲ့အော်သံတွေ၊ ထူးဆန်းတဲ့ပုံရိပ်တွေဟာ ဘယ်ကလာတာလဲ။ ဘယ်သူကြောင့် ဖြစ်လာတာလဲ။ ဘယ်လောက် အန္တရာယ်ရှိနိုင်သလဲ..။ လူ့ပယောဂကြောင့်လား။ ဒါမှမဟုတ် စကြဝဠာကြီးရဲ့ ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်တွေကြောင့်လား။ ဒါမှမဟုတ် ဖိုင်း သံသယဝင်နေသလို တားမြစ်ဇရိယာထဲက လှို့ဝှက်စီမံကိန်းတွေနဲ့ ဆက်စပ်နေလေမလား..။

ဒီနေ့တော့ သူမ ကံကောင်းသည်ဟု ထင်သည်။

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အရေးပေါ်အစည်းအဝေးခေါ်ယူမှုကြောင့် ဖေဖေအိမ်ကနေ ကတိုက်ကရိုက်ထွက်သွားခဲ့ရာ သူ့တက်ဘလက်(ခ်) ကျန်နေခဲ့မှန်း သတိထားမိပုံမပေါ်ချေ။

ဒီနေရာမှာ ဖိုင်းတို့ထက် အားသာချက်တစ်ခု သူမမှာရှိနေသည်က တက်ဘလက်(ခ်)ကို သူမခိုးဖွင့်နေစဉ် ဖေဖေပြန်လာပြီး ထိပ်တိုက်တိုးသည့်တိုင်အောင် ပြစ်မှုက သိပ်မကြီးလှချေ။



ဖခင်ဖြစ်သူရဲ့ ပစ္စည်း၊ သမီးလုပ်သူက ကိုင်ခွင့်သုံးခွင့်ရှိသည် မဟုတ်ပါလား.။

"အိုကေ…"

တေက်ပြားလေးတစ်ယောက်လို ဘေးဘီကို အကြည့်ဝဲရင်း တက်ဘလက်(ခ်)ကို သူမ ယူလိုက်သည်။

"နင့်ကို ငါ ဖွင့်နေတာကြာပြီး ဒီနေ့တော့ နင်ပွင့်ကိုပွင့်ရမယ်.."

ထုံးစံအတိုင်း တက်ဘလက်(ထ်)က Password တောင်းလာသည်။ ထင်ရာမြင်ရာတွေ ရိုက်ထည့်ခဲ့ပေါင်းလည်းများပြီ။ သို့သော် မပွင့်ရေးချ မပွင့်ချေ။

အခုလည်း ဖေဖေဘယ်လိုစကားလုံးများ Password အဖြစ် ပေးထားလေမလဲ စဉ်းစားကြည့်ကာ…။

"ဟုတ်ပြီ…သဲမာရီးဒေးလော့(ခ်)"

မေမေ့နာမည်ကို ရိုက်ထည့်ကြည့်လိုက်သည်။ မပွင့်ရေးချ မပွင့်…။

"စက်တင်ဘာ ၁၅…"

ဖေဖေ့ မွေးနေ့ရိုက်ထည့်ကြည့်သည်။ တုပ်တုပ်မျှမလှုပ်။

"ဆိုက်ချီ မာရီလန်…"

သမီးဖြစ်သူ၊ မိမိနာမည် ရိုက်ထည့်ကြည့်သည်။ ထူးမခြားနား…။

"ပေဇာ…"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေအချစ်တော် ခွေးကလေး နာမည် ရိုက်ထည့်ကြည့်သည်။ ထုံးစံအတိုင်းပင်။

သူမ အံတင်းတင်းကြိတ်ပြီး စဉ်းစားနေမိသည်။

ဗိုင်း ပြောခဲ့ဖူးတဲ့စကားတချို့ကို ပြန်လည်သတိရလာကာ၊ ကန့်သတ်မှုဘောင်ကို ကျော်ပြီး စဉ်းစားကြည့်လိုက်သည်။

ဟုတ်ပြီ…။

မစ်ခေးလီဇာနွှန်…။

ကြားဖူးနားဝရှိခဲ့တဲ့ နာမည်ကို စိတ်လှုပ်ရှားခြင်းကြီးစွာနှင့် သူမရိုက်ထည့်ကြည့်လိုက်သည်။

ထူးခြားပါသည်။ လုံးဝကို ထူးခြားသွားလေတော့ ၏။

successfully Logged in ….။

ဟာ..ဟာ..။

ဆိုက်ချီ အနည်းငယ်တော့ အံ့သြသွားရပြီး နှစ်နေအောင် ပြုံးလိုက်မိပါလေတော့သည်။

ဘယ် password လာလာ တင်းခံထားလေတဲ့ ဖေဖေ့ တက်ဘလက်၊ မစ်ခေးလီဇာနွှန်နဲ့တွေ့မှ ပျော့ပြောင်း သွားရလေသလားကွယ်။

ဖေဖေ့ကို စိတ်မဆိုးပါ..။ အပြစ်မတင်ပါ..။ ပြဿနာရှာမည်လို့လည်း ဆုံးဖြတ်မထားပါ။

လူတစ်ဦးဆီ တစ်ဦးစီတိုင်းရဲ့ စိတ်ငြိမ်သီးသန့်ဆန့်တဲ့ နေရာတိုင်းမှာ နားလည်ရခက်တဲ့ ရှုပ်သွပ်မှုတွေဟာ မြုပ်တစ်ခါ ပေါ်တလှည့်ဆိုသလို ရှိနေတတ်ကြတာပဲ။



ဒါဟာ ဒေါသထွက်စရာလည်း မဟုတ်သလို အံ့သြစရာလည်း လိုမည်မထင်။ ဆိုက်ချီအားလုံးကို နားလည်နေခဲ့တာ ကြာပါပြီ…။

"ဖေဖေဟာ လွန်ခဲ့တဲ့ နှစ် နှစ်ဆယ်ကျော်လောက်က ရည်းစားဟောင်းကို အခုအထိ မမေ့နိုင်သေးဘဲကိုး.."

သူမဘာသာ တီးတိုးရွတ်ဆိုရင်း တက်ဘလက်(ထ်)ကို စတင်လှေ့လာချဉ်းကပ်လေပြီ…။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၀ )

“ဟာကွာ…တောက်..”

ဖိုင်း ဒေါသထွက်ရင်း သူ့ရဲ့လက်ကိုင်ဖုန်းကို နေရာအနှံ့လိုက်ရှာနေမိတော့သည်။

i phone မို့ ဈေးကြီးရတဲ့အပြင်၊ အချိန်နဲ့အမျှ မှတ်ထားတဲ့ ဒေတာတွေကလည်း ဖုန်းများပျောက်သွားခဲ့လျှင် နှမြောစရာ ကောင်းဦးတော့မည်။

ကျောင်းစာကြည့်တိုက်၊ ပန်းခြံထဲ၊ ထိုင်ခဲ့တဲ့စားသောက်ဆိုင်တွေ၊ စာသင်ခန်းထဲစုံနေလေပြီ။

ဘယ်မှာရှာရှာ မတွေ့..။

ဒီတော့ ရှာခဲ့ဖူးတဲ့နေရာတွေဆီ ဒုတိယအကြိမ် ထပ်ရှာကြည့်မိပြန်သည်။

ကြာတော့ စိတ်မော လူမော မောလာပြီ။

smart phone တစ်လုံး ကောင်းကောင်းကိုင်နိုင်ဖို့ ဘယ်နှစ်လစာ မုန့်ဖိုးတွေခြစ်ချုပ်ပြီး စုရမှာပါလိမ့်..။



“ဟင်း…”

သက်ပြင်းကို လေးလေးတွဲတွဲချလိုက်စဉ် ထေလိုဒန်ကို ဘွားကနဲ တွေ့လိုက်ရ၍ ဖိုင်း အော်ငိုပစ်ချင်စိတ်ပါ ပေါက်လာသည်။

ကိုယ့်အပူနဲ့ကိုယ် လုံးချာရိုက်နေစဉ် ဒင်းလို မျက်ခွက်မျိုးကို ငွေတစ်သိန်းပေးမည်ဆိုလျှင်ပင် ဒီအချိန် ဖိုင်းမကြည့်ချင်ချေ။

“ကျောင်းရှေ့မှာကွာ…သူတောင်းစားတစ်ယောက် ခွက်ပျောက်နေတာ ရေလည်ရယ်ရတယ်။ ကုန်းလိုက်ကွလိုက် ပြေးလိုက်လွှားလိုက်နဲ့…”

“ဟင်..”

ဒီစကားက ဘယ်သူ့ကို ပြောနေတာတုန်း၊ သူ့ရဲ့နောက်ပြောင်မှုက်တတ်စေတာသွားပဲ ဆိုတာတူသည်၊ မိမြင်သော စကား။ ပြောတဲ့စကားကလည်း ထုံးစံအတိုင်း အနှောင့်အသွားမလွတ်။

ထေလိုဒန်ကိုကြည့်ရတာ ဖိုင်း ဖုန်းပျောက်နေတာကို ရိပ်မိနေသည့်ပုံနှင့်။ ဟိုး…တစ်ရက်က သူ့အသက်ကယ်ထားတဲ့ ကျေးဇူးမှမထောက်။

“မင်းကရော…ဘာပျောက်နေတာလဲ ဖိုင်း..”

“မရှည်နဲ့…”

စကားကို အဲဒီလို တုံးတုံးတိတိသာ ဖြတ်ပစ်လိုက်ရတယ်။ ဒီကောင့်လက်ထဲမှာများ ကိုယ့်ဖုန်းက ရှိနေလေမလား။

ရှိခဲ့ရင်တော့ ဒုက္ခပဲ…။ အဲဒီဖုန်းထဲမှာ နတ်သမီးလေး

www.burmeseclassic.com

www.burmeseclassic.com



'ကိ'ရဲ့ ဓာတ်ပုံရှိတယ်မဟုတ်လား။ 'ကိ'ရဲ့သတင်းကို လုံးဝ အမှောင်ချထားချင်တာ။ သဲလွန်စကြောင့် 'ကိ'ရဲ့သတင်းတွေ သိပ်ပွသွားရင် 'ကိ'ဟာ သူ့အပေါ် အရင်တုန်းကလိုအယုံ အကြည် ရှိနိုင်ပါဦးမလား။

ထေလိုဒန်ရဲ့ လက်ထဲမှာ ဖိုင်းဖုန်းမရှိပါစေနဲ့…။ ရှိခဲ့ရင်တောင် ဖိုင်းဖုန်းကို ဖွင့်ပြီး မစပ်စုထားပါစေနဲ့..။ စပ်စုခဲ့လို့ 'ကိ'ဓာတ်ပုံကို တွေ့သွားခဲ့ရင်တောင် Wallpaperတစ်ခုထက်ပိုပြီး မသတ်မှတ်မိပါစေနဲ့။

ထေလိုဒန်မှာ စပ်ဖြီးဖြီးနှင့် ဖိုင်းနားမှ မခွာသဖြင့် အဖြေကို တိတိကျကျဖိုင်းသိချင်လာတာမို့ မောလိုဆီက ခဏယူလာတဲ့ ဟမ်းဖုန်းနဲ့ မိမိဖုန်းကို ခေါ်ဆိုကြည့်လိုက်ရာ…

"…. …. …"

ဟင်…။

ထင်သည့်အတိုင်းပင်…။

ထေလိုဒန်ရဲ့ အင်္ကျီအိတ်ကပ်ထဲမှ ဖိုင်းဖုန်းမြည်သံထွက်လာလေတော့သည်။

"ငါ့ ဖုန်း မင်းဆီရောက်နေတယ်…"

"သြော်…စောစောက ပင်မဆောင်ရှေ့မှာ ကျကျန်ခဲ့တာ မင်းဖုန်းလား…"

"အေး..ဟုတ်တယ်.."

ထေလိုဒန်က သူသိမ်းဆည်းထားတဲ့ ဖိုင်းရဲ့ဖုန်းကို ထုတ်ပေးရင်း..။



"ဟိုတစ်နေ့က တင်နေတဲ့ မင်းရဲ့ကျေးဇူး ငါဆပ်ပြီးသွားပြီနော်…။ မင်းနဲ့ငါ့ကြားမှာ ဘာကျေးဇူးမှ မရှိတော့ဘူး။ ဟုတ်ပြီလား..ဖိုင်း…"

ဘယ်လိုပဲပြောပြော ကိုယ့်ဖုန်းလေး ကိုယ်ပြန်ရ၍ ဖိုင်းဝမ်းသာကာ ခေါင်းပဲညိတ်ပြလိုက်လေတော့၏။

သူ့ကိုလည်း ကျေးဇူးတင်ပါလို့ မပြောခဲ့ဘဲနဲ့ သူ့ဟာသူ တင်နေတယ်သဘောထားထားတဲ့ ကျေးဇူးကို အလှည့်ရောက်တုန်း ပြန်ချေပြသွားလိုက်သေးတယ်။

ထေလိုဒန်…သောက်ရူး…။

"ဟိတ်ကောင်…မင်းဖုန်းကို ဖွင့်စစ်ကြည့်လိုက်ဦး"

"ရတယ်…မစစ်တော့ဘူး.."

"ငါပြောနေတယ်…ဖွင့်စစ်လိုက်ဦးဆို…"

"ငါ မင်းကိုယုံပါတယ်…"

"လျှာရှည်လိုက်တာကွာ…"

ထေလိုဒန့်စကားတွေကတော့ ထုံးစံအတိုင်း နားထဲထော်လော်ကန့်လန့်သာ ဝင်လာသော်လည်း၊ ဟမ်းဖုန်းပြန်ပေးထားတဲ့ ကျေးဇူးကြီးက ရှိနေ၍ သူ့ရှေ့ကျေနပ်သွားအောင် ဖုန်းကို ဖိုင်း ကြည့်ရှုစစ်ဆေးလိုက်ရလေတော့၏။

"ဟင်…"

ဖိုင်း နည်းနည်းတော့ မျက်ခုံးတွန့်သွားရချေပြီ..။

မိမိကော၊ ချစ်သူနဲ့သူငယ်ချင်းများပါ ဘယ်လိုဖွင့်ဖွင့် မပွင့်ဘဲ Access Denied များသာ ကျနေသည့် The Bulge

www.burmeseclassic.com

www.burmeseclassic.com



မှာ ထူးထူးဆန်းဆန်း လာပွင့်နေသည်။

အို..ဟုတ်ပါရဲ့..။ ကွန်ပျူတာနဲ့ပတ်သက်လာလျှင် ထေလိုဒန်သည်လည်း မခေသည့် ထိပ်တန်းပညာရှင် ကျောင်းသားတစ်ယောက်ပင်။

ဇိုင်းကို ကူညီသည့်အနေနှင့် ဒီဝက်(ဘ်)ဆိုက်ကို မရ ရအောင် ဖွင့်ပေးခဲ့တာပဲ ဖြစ်ရပေလိမ့်မည်။

ဒီတစ်ချီတော့ သူ ထေလိုဒန်ကို လုံးဝ လုံးဝကို ကျေးဇူးတင်သွားရပြီ။

The Bulge ...။

ဟုတ်ပါတယ်။

သူ သိပ်ဖတ်ချင်နေတဲ့ သိပ္ပံစာတမ်းတစ်စောင်။

ကျေးဇူးတင်ကြောင်းပြောဖို့ ထေလိုဒန်ကို သူ မော့ကြည့်လိုက်စဉ်၊ ကြိုသိနေသည့်နှယ် လက်ညှိုးကလေး ယမ်းပြလိုက်ရင်း..

"ဒါလေးတောင် မကျော်နိုင်ဘူးလား...ငပိန်း.."

ပြောပြီး ထေလိုဒန် ထွက်သွားလေတော့သည်။

"ကျေးဇူးပါ...ဖြိုင်ဘက်ကောင်းကြီးရယ်..."

✿ ✿ ✿

## အခန်း ( ၂၁ )

ဘုရားသခင်ထံသို့ ရင်ဖွင့်စာ...တဲ့..။

အဒီစာဟာ ဘုရားသခင်ဆီ မရောက်လိုက်ရဘဲ သူမက ကြားကနေ ဖောက်ဖတ်လိုက်သောကြောင့် သမီးဖြစ်သူထံသို့ ရင်ဖွင့်စာလို သူမဆီ တည့်တည့်ကြီး ရောက်လာလေတော့သည်။

ပါမောက္ခကြီးဟာ တကယ့်ကို ကလေးလေးတစ်ယောက်လို ဘုရားသခင်ကို တိုင်တည်ရင်ဖွင့်ထားလေတဲ့ စာတစ်စောင်။

ဆိုက်ချီသည် ထိုမှတ်စုများကို ဖတ်ပြီးသည်နှင့် မိုးကြိုးပစ်ချခံရသည့် လူတစ်ဦးလို အေးစက်တောင့်တင်းသွားရချေတော့သည်။

ကြီးမားလှတဲ့ စိန်ခေါ်မှုကြီးတစ်ခု...။

အစွန်းတစ်ဖက်မှာက လူသားဆန်မှုနဲ့ ကျန် အစွန်းတစ်

www.burmeseclassic.com

www.burmeseclassic.com



ဖက်မှာက နည်းပညာမြင့်မားမှုနဲ့ တွဲပြီးပါလာတဲ့ နှလုံးသားမဲ့ စမ်းသပ်တီထွင်မှုတွေ…။

ဖေဖေဟာ အဲဒီအစွန်းနှစ်ဖက်ကြားမှာ သူ့ဟန်ချက်ကို သူထိန်းဖို့ အတော်ကလေး ခက်ခက်ခဲခဲ ကြိုးစားနေရပုံပေါ် သည်။

ဒီစာကို ဖတ်ပြီးသည်နှင့် သူမ နားလည်သင့်သ လောက်လည်း နားလည်လာပြီ။ ဒီစီမံကိန်းကြီးမှာ စစ်တပ်ဘက် က ဗိုလ်ချုပ်ဟိုက်ဒင်နဲ့ အရပ်ဘက်က ပါမောက္ခအန်ဒီလန်တို့ နှစ်ဦးသာ အကွာရာကျသည်။

တစ်ဦးက ချင့်ချင့်ချိန်ချိန်နဲ့ နှလုံးသားရှိပြီး တစ်ဦးက တော့ ဟောဟောဒိုင်းဒိုင်းနဲ့ လက်ရဲဇက်ရဲနိုင်လှသူ။

ဒါပေမယ့် သိတဲ့အတိုင်း ပညာရှင်က အာဏာရှင်ကို ကြောက်ရသည်။ ဗိုလ်ချုပ်ဟိုက်ဒင်ကို ပါမောက္ခကြီး ချုပ်ထိန်း နိုင်ဖို့ဆိုတာ လုံးဝမှကို မဖြစ်နိုင်။ ပါမောက္ခကြီးကိုသာ ဗိုလ် ချုပ်ဟိုက်ဒင်က လိုသလို စီမံညွှန်ကြားနိုင်ပေလိမ့်မည်။

တွေးရင်းနှင့်ဆိုက်ချီ လုံးဝရင်မောသွားရလေတော့ သည်။

ဒီနေ့ ဆန်းဒေး…။ ကျောင်းပိတ်ရက်။

ဒီအချိန် ဖိုင်းဘယ်မှာရှိနိုင်မလဲ…။ ဒီကိစ္စကို ဖိုင်းတို့ နဲ့တိုင်ပင်ပြီးဘယ်လိုနည်းလမ်းသုံး တားဆီးကာကွယ်ရမလဲ ဆိုတာ ဆွေးနွေးကြမည်။

ဗိုလ်ချုပ်ဟိုက်ဒင်ကို မရင်းနှီးသော်လည်း သူ့သား



ထေလိုဒန်ကိုတော့ ဆိုက်ချီတို့ အလွမ်းသင့်အောင် ပေါင်းနိုင်ပါ သည်။

ထရောင် မြက်ခင်းပြင်…။

ဟုတ်တယ်…။ ဒီအချိန်ဆို ဘာသိနှမ်အမျိုးသားအ ဆောင်ရဲ့ အရှေ့ဘက်က ထရောင်မြက်ခင်းပြင်ကျယ်မှာ ဖိုင်း ရှိလိမ့်မည်။

ဝိုဒေါင်ထဲကနေ ကားကို ထုတ်ယူရင်း ဆိုက်ချီ ထရေ ဂင်မြက်ခင်းပြင်ရှိရာဆီ ဦးတည်မောင်းနှင်လာခဲ့လေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၂ )

မိုးမခပင်များကို ထိုးဖောက်ဝင်ရောက်လာတဲ့ နေရောင်ဟာ တိမ်တွေရွေ့လျားမှု ပုံစံအတိုင်း မတူညီသော အလင်းကွက်များအဖြစ်နဲ့ ထရောင်မြက်ခင်းပြင်ကျယ်ကို စိတ်ကြိုက်အရောင်ခြယ်ပေးနေတော့သည်။

ဘာသိနမ် အဆောင်နေကျောင်းသားများဟာ သူတို့ရဲ့ အားလပ်ရက်တွေကို ထရောင်မြက်ခင်းပြင်ကျယ်မှာပဲ ဂစ်တာတီးရင်း၊ ကဗျာရွတ်ရင်း ကုန်ဆုံးကြပါ၏။

အခုလည်း ခုံတန်းလျားတချို့မှာ ကျောင်းသားတွေစုပေါင်း ဂစ်တာတီးနေကြပြီး၊ ဟိုးခပ်လှမ်းလှမ်းတစ်နေရာမှာတော့ ကဗျာရွတ်ပွဲလေးတစ်ခု ကျင်းပနေပြန်သည်။

သူတို့ဟာ တိုက်ခတ်လာတဲ့ လေညှင်းတွေကိုရော၊ ထစ်ချုန်းနေတဲ့ မိုးခြိမ်းသံတွေကိုပါ လုံးဝသံသယ မရှိကြပါဘူး။ ထို့အတူ မုန်တိုင်းသတိပေးကြေငြာချက်တွေ၊ မြစ်ရေကြီးခြင်းသတိပေးအခြေအနေတွေပေါ်မှာလည်း သံသယကင်းကင်းနဲ့ ညွှန်



ကြားချက်အတိုင်း လိုက်နာဆောင်ရွက်တတ်ကြတဲ့ လူငယ်လေးတွေပါ…။

ဒါဆိုရင်တိမ်ထူထပ်တဲ့နေ့ရက်တွေ၊ မိုးထစ်ချုန်းရွာသွန်းမှုတွေ၊ မုန်တိုင်းတွေ၊ ငလျင်ကြောတွေ၊ တောကြောပြတ်ရွေ့ဖြစ်စဉ်တွေကို ဘယ်သူတွေကများ သံသယရှိနေကြပါလိမ့်…။

ထရောင်မြက်ခင်းပြင်ရဲ့ တစ်ခုသော ခုံတန်းလျားလေးမှာတော့ ကျောင်းသားသုံးယောက်သား တိုးတိတ်တဲ့လေသံတွေနဲ့ ထိုကိစ္စကို ဆွေးနွေးနေကြသည်။

သူတို့ ထိုမျှအထိ အမြင်ပွင့်လင်းသွားသည်မှာ ထေလိုဒ်နဲ့ ကျော်ခွပေးလိုက်တဲ့ The Bulge နဲ့ Haarp ဆိုတဲ့ အလုံးစုံဖျက်သုန်းရေးစီမံကိန်း အင်တာနက်စာမျက်နှာများကို ဖတ်ပြီးသွားချိန်မှ စတင်ခဲ့လေသည်။

Haarp စီမံကိန်းမှာ အမေရိကန်နိုင်ငံ အလာစကာပြည်နယ်တွင် အမှန်တကယ်ရှိပြီး စကားလုံး၏ အရှည်မှာ The High Frequency Active Auroral Research Program ဖြစ်လေသည်။

ရာသီဥတုကို လက်နက်တစ်ခုသဖွယ် ဖန်တီးပြီး ကမ္ဘာမြေကြီးရဲ့ မည်သည့်နေရာကိုမဆို တိတိကျကျ ပို့လွှတ်နိုင်သည့်စမ်းသပ်တီထွင်မှု တစ်ခုပင်ဖြစ်၏။

တိတိကျကျ ပြောရမည်ဆိုလျှင် ပြင်သစ်နိုင်ငံ ပါရီမြို့ကို ချိန်ရွယ်ပြီး မုန်တိုင်းတစ်စင်းလွှတ်ချင်သလား။ သူတင်ကိုယ်တင်ချနေကြတဲ့ ဆီးရီးယားပြည်တွင်းစစ်ကို အကြမ်းနည်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



အဆုံးသတ်သွားစေဖို့ လျှောင်လိုင်းတစ်ခု ဖန်တီးပြီး ဒမွှတ်စကက် မြို့ကို ပို့လွှတ်ချင်သလား။ တရုတ်ပြည်ကို ရေကြီးစေချင်သလား။ ကုလားပြည်ကို မိုးခေါင်စေချင်သလား။ ဒါမှမဟုတ် ကိုယ့်ပြည်တွင်းက သူပုန်စခန်းကို ချိန်ရွယ်ပြီး လေဆင်နှာမောင်း တိုက်ခတ်လိုပါသလား…။ Haarp က အားလုံးလုပ်ပေးနိုင် သည်။

Haarp စီမံကိန်းရဲ့ အဓိကကျတဲ့ The Bulge ဖြစ်စဉ် ကို အခြေခံပြီး ရာသီဥတုလက်နက်တွေ တီထွင်ပို့လွှတ်နိုင်ပေ သည်။

ဒါဆိုရင် The Bulge ဖြစ်စဉ်ဟာ ဘယ်လိုများပါလိမ့်။

ဖိုင်းက အရင်ဆိုလေသည်။

"ငါတို့ တက္ကသိုလ်ကြီးရဲ့ အနောက်ဘက် ကွင်းပြင်ထဲ တားမြစ်ဇရိယာဆိုတာ တကယ်တော့ အမေရိကန်က Haarp စီမံကိန်းကို ပုံတူကူးယူပြီး၊ သူများထက် နောက်မကျအောင် ခြေရာလိုက်နှင်းထားတဲ့ ကြောက်စရာစီမံကိန်းတစ်ခုပဲ။ The Bulge ဆိုလို့ ဘားများလဲလို့ကွာ။ ငါတို့လူသားတွေကို အကျိုး ပြုတဲ့ အိုင်ယွန်နိုစဖီးယားအလွှာကို ကမောက်ကမဖြစ်သွားအောင် အပူပေးမီးတိုက်ပြီး အဖု( The Bulge )ဖြစ်အောင် လုပ်တဲ့ ကြောက်စရာဖြစ်စဉ်တစ်ခုပဲ…"

ဘားနော့နဲ့မောလိုကာပါ အံကြိတ်ထောက်ခံနေကြသည်။

"အဲဒီဖြစ်စဉ်ဟာ တကယ်တော့ ငါ မင်းတို့ကို ဟိုတစ် နေ့ကပြောတဲ့ တုန်နှုန်းမြင့်လှိုင်းတွေဟာ အိုင်ယွန်နိုစဖီးယား



အလွှာကို ထိုးဖောက်ပြီး အာကာသထဲရောက်သွားတယ်ဆိုတဲ့ စကားရဲ့ ကွင်းဆက်ပဲကွ။ သိပ္ပံပညာရှင်တွေဟာ ရှွေဉာဏ်တော် တွေ စူးခဲ့ကြတယ်။ ဘားနက်(ဒ်)အိ(စ်)လင်းထ် (Bernard East Lund )ကနေ ဒီရှာဖွေတွေ့ရှိချက်ကို စ,ခဲ့တာ"

"အင်း…ထေလိုဒန် ဖွင့်ပေးလိုက်တဲ့ အင်တာနက်စာ မျက်နှာဖတ်ပြီးတော့မှပဲ ငါတို့ဒီကိစ္စကို ရေရေရာရာ သဘော ပေါက်တော့တယ်။ အိုင်ယွန်နိုစဖီးယားအလွှာရဲ့ တစ်နေရာတည်း ကိုပဲ ချိန်ရွယ်ပြီး အလွန်တရာတုန်နှုန်းမြင့်လှိုင်းတွေ ဆက်တိုက် ပို့မယ်ဆိုရင် လေထုအလွှာဟာ အပူတိုက်လိုက်တဲ့ ပလက်စတစ် တစ်စလို အာကာသဘက်ကို စူပွတက်လာမယ်။ ဒါဟာ The Bulge ပဲ‥အဲဒီ အဖုကြီးဟာ အရင်စမ်းသပ်ချက်လို အာကာသ ထဲပေါက်ထွက်မသွားတော့ဘဲ ကြောက်စရာကောင်းတဲ့ ဂုဏ် သတ္တိတွေပိုင်ဆိုင်လာပြီး၊ အလွန်ထူးခြားတဲ့ အပြုအမူတွေကိုလုပ် ဆောင်နိုင်လာလိမ့်မယ်။ The Bulge ကို လိုသလို ထိန်းချုပ်ပြီး အဖျက်စွမ်းပကားကြီး သဘာဝလက်နက်အဖြစ်နဲ့ ကမ္ဘာမြေကြီး ရဲ့ ဘယ်နေရာကိုမဆို တိတိကျကျရောက်အောင် ပို့လွှတ်နိုင် တယ်။ အိုး…ဟိုး…ဟိုး‥ပြောရင်းနဲ့တောင် ကျောစိမ့်လာပြီ ဖိုင်းရေ…"

ပြောရင်းနဲ့ ဘားနော့ ခေါင်းတွေ အကြိမ်ကြိမ်ယမ်းနေ မိတော့သည်။

အုပ်စုဖွဲ့ပြီး တိမ်တွေပျံသန်းသွားကြသည်ကို အမိပွာယ် မဲ့ ငေးမောရင်း မောလိုကာပါ…

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ လူသားတွေ ကံဆိုးခဲ့ကြတာပါ။ The haarp စီမံကိန်းရဲ့ မူလရည်ရွယ်ချက်က အိုင်ယွန်နိုစဖီးယားအလွှာကို ခုတုံးလုပ်ပြီး မုန်တိုင်းတွေ လေဆင်နှာမောင်းလက်နက်တွေ လုပ်ဖို့ မဟုတ်ပါဘူး။ ခရီးဝေးတဲ့အခါ ချွတ်ချော်ပျက်စီးသွားတဲ့ ရေဒီယိုလှိုင်းတွေကို ပိုမိုကောင်းမွန်အောင်လုပ်ဖို့ The haarp ကို စခဲ့ကြတာ။ အဲဒီလို စူးစမ်းလေ့လာခဲ့ကြရင်းနဲ့ ညောင်မြစ် အတူးကောင်းလိုက်ကြတာ မရည်ရွယ်ဘဲ အန္တရာယ်ပုတ်သင် ဥတွေပါသွားတွေ့တာ...။ ဟူး..ငါ သိချင်တာ ဒီရာသီဥတု လက်နက်ကို ဘယ်သူတွေ စမ်းသပ်ပြီးကြပြီလဲ...။ သိပ္ပံမုန် တိုင်းအတုတွေကို ငါတို့ အဟုတ်ကြီးထင်ပြီး ဘယ်နှစ်ကြိမ် လောက် ကြောက်ခဲ့ကြပြီးပြီလဲ...။ အဲဒီ မုန်တိုင်းအတုတွေက ငါတို့အသက်တွေကို ဘယ်နှစ်ချောင်းလောက် ချွေခဲ့ပြီးပြီလဲ"

ဟိုး..ခပ်လှမ်းလှမ်းက မြက်ခင်းစိမ်းမှာ ကျင်းပနေ ကြတဲ့ ကဗျာရွတ်ပွဲကလေး ပြီးသွားပြီထင်ပါသည်။ လာရောက် နားထောင်ကြသူ လူငယ်စုတွဲများ သူတို့ရှေ့ကနေ ဖြတ်လျှောက် သွားကြသည်မို့ စကားဝိုင်းကို ခဏတိတ်ပြီးတော့မှ ခိုင်းက...

"မင်း တွေးတာအရှမ်းကို သဘာဝကျတယ်မောလို။ ပြီးခဲ့တဲ့ နှစ် အောက်တိုဘာ ၂၉ရက်နေ့က အမေရိကန်မှာ တိုက်ခဲ့တဲ့ စန်ဒီဟာရီကိန်းမုန်တိုင်းကို တချို့ပညာရှင်တွေက သိပ္ပံမုန်တိုင်းအတုလို့ စွပ်စွဲကြတယ်.."

"ဟင်..."

"မင်းတို့ သတိထားမိလိုက်လား..။ အဲဒီအချိန်တုန်းက



ဘားရက်အိုဘားမားဟာ သူ့ရဲ့ ဒုတိယအကြိမ် သမ္မတသက် တမ်းအတွက် ရွေးကောက်ပွဲဝင်ခဲ့ရတယ်လေ။ အိုဘားမားကို ထောက်ခံတဲ့ အင်ဂျင်နီယာတွေက အိုဘားမားပြန်ပြီး အရွေးခံ ရဖို့ ပြိုင်ဘက်ကို အာရုံလွှဲချင်တာနဲ့ ရွေးချယ်တင်မြှောက်ပွဲရက် မတိုင်မီ တစ်ရက်အလိုမှာ ဖျက်အားပြင်းမဟာ ဟာရီကိန်းမုန် တိုင်းကို တီတီကျကျ ဖန်တီးတီထွင်ခဲ့ကြတယ်လို့ တချို့ပညာ ရှင်တွေက ထင်ကြေးပေးခဲ့ကြတယ်.."

"ဟာ..."

ခိုင်းစကားကြောင့် သူငယ်ချင်းနှစ်ယောက် အံ့အားသင့် စွာ ငြိမ်သက်သွားကြသည်။

ကဲ...ပြော..။

**အသေးစား၊ ခိုးမှု၊ ဓါက်မှု၊ လုယက်မှုကိစ္စတွေမှာ ဥပဒေဆိုတာက ရှိနေသည်။ ပညာရှင်တွေ လူပေါ်လူဆော်လုပ် ပြီး ဖန်တီးတီထွင်ခဲ့ကြလို့ အသက်တွေ ခန္ဓာတွေ စတေးခဲ့ရ တဲ့ သိပ္ပံဆိုင်ရာအနိုင်ကျင့်မှုတွေအတွက်ကျတော့ အရေးယူပြစ် ဒဏ်ချဖို့ ဥပဒေဆိုတာ မရှိကြတော့ဘူး..တဲ့လား။**

**လောကကြီးဟာ ဈေးဈေးတွေးလေ ခံပြင်းစရာကောင်း လေ ကြီးပါလေ။**

နောက်တော့မှ ခိုင်းက

"မင်းတို့ သတိထားမိရင် သိလိမ့်မယ် h,a,r,p(ဟာ့ပ်) ဆိုတာ အင်္ဂလိပ်လို စောင်းကိုခေါ်တာ။ အခု တို့လူသားတွေက haarp ဆိုပြီး နောက်ထပ် 'a' တစ်လုံး ထပ်တိုးလိုက်ပြီး မိစ္ဆာ

www.burmeseclassic.com

www.burmeseclassic.com



စောင်းတစ်လက် ဖန်တီးခဲ့ရုံနဲ့ အားမရဘဲ အဲဒီမိစ္ဆာစောင်းတစ်လက်ကို မာရ်နတ်အပြင်းပြေတီးဖို့ လက်ဆောင်ပေးခဲ့ကြသေးတာ။

ဒီအကြောင်းကိုလည်း ငါတို့လို စပ်စုတတ်တဲ့ လက်တစ်ဆုပ်စာ လူစုကလွဲပြီး ဘယ်သူမှ မသိကြဘူး။ **ကမ္ဘာကြီးကို အုပ်စုခွဲပြီး ကြည့်လိုက်မယ်ဆိုရင်လည်း သောက်သုံးမကျတဲ့ ငတုံးနဲ့ မဖြစ်ညစ်ကျယ်လူယုတ်မာ ပညာရှင်တွေပဲ ရှိကြသလား မသိဘူး။**

အဲဒီတော့ မင်းတို့ငါတို့တွေက မိစ္ဆာစောင်းကို တီးခတ်ဖို့ မာရ်နတ် မေ့လျော့နေပါစေလို့ပါ ဆုတောင်းကြရလိမ့်မယ်"

"ဟူး..မလွယ်ပါလား ဖိုင်းရေ.."

မလွယ်ပါ...မလွယ်တာက အတော့်ကို မလွယ်...

"မင်းတို့ပဲ စဉ်းစားကြည့်လေ..။ The Bulge ကို အခြေခံပြီး ထုတ်လုပ်တဲ့ မုန်တိုင်းက လျှပ်စစ်သံလိုက်လှိုင်းမုန်တိုင်း၊ သဘာဝမှာ ပစ်ခတ်နေတဲ့ မိုးကြိုးထက် အဆရာပေါင်းများစွာ ပြင်းထန်တယ်။ အဲဒီလက်နက်က ရန်သူရဲ့ ဒုံးပျံကို လေထဲမှာတင် ပေါက်ကွဲသွားအောင်လုပ်နိုင်တယ်။ မြို့ကြီးတစ်မြို့လုံးမှာရှိတဲ့ လျှပ်စစ်ဆိုင်ရာပစ္စည်းတွေ စစ်လက်နက်ကိရိယာတွေကို အချိန် စက္ကန့်ပိုင်းလေးနဲ့ လုံးဝဖျက်ဆီးပစ်နိုင်စွမ်းရှိတယ်...ကဲ...နောက်ပြီး.."

ဖိုင်းစကားမဆုံးခင်ပင် မောလိုမှာ မျက်နှာပျက်ယွင်းလာပြီး...



"နေဦး ဖိုင်း...နေဦး..."

"အင်းပြော..."

"အခု မြေယာအသိမ်းခံရမှုတွေနဲ့ပတ်သက်ပြီး တို့မြို့က မြို့ခံတွေနဲ့ အာဏာပိုင်အဖွဲ့အစည်းကြားမှာ ပဋိပက္ခဖြစ်နေတယ်။ အဲဒီအချိန်ကျမှ တိုက်တိုက်ဆိုင်ဆိုင်ဆိုသလိုပဲ တို့ မြို့နားက မီးတောင်တစ်လုံးဟာလည်း ပေါက်ကွဲဖို့ အရိပ်အယောင်တွေ ပြနေပြီ လုံခြုံရေးအကြောင်းပြပြီး တို့မြို့ခံတွေကို အာဏာပိုင်တွေကလည်း ဘေးကင်းရာ ဒုက္ခသည်စခန်းတွေဆီ ရွှေ့ပြောင်းခိုင်းနေပြီ..

ဒါဆို...ဒါဆို...ငါ သံသယဖြစ်နေတာက ငါတို့ကျောင်းအနောက်က တားမြစ်ဇရိယာ သိပ္ပံသုတေသနဌာနချုပ်က The Bulge ကို အခြေခံပြီး သိပ္ပံမီးတောင်ပေါက်ကွဲဖို့များ ငါတို့မြို့နားက မီးတောင်ကို commond ပေးလိုက်တာလား..."

"ဟင်..."

"ဟာ..."

သူငယ်ချင်းသုံးယောက်သား မောလိုစကားကြောင့် ဘာဆက်ပြောလို့ ပြောရမှန်းမသိလောက်အောင် မှင်တက်သွားကြစဉ် ထရေဂင်မြက်ခင်းပြင်ကျယ်ရဲ့ ဟိုးအဝေးတစ်နေရာ ကားလမ်းမပေါ်မှ ဆိုက်ချီ မောင်းနှင်လာတဲ့ကားလေးကို သုံးယောက်သား မြင်တွေ့သွားကြပြီး...

"ဟိုမှာ ဆိုက်ချီကားမဟုတ်လား...ကြည့်စမ်း...ဒီအထိ လိုက်လာတယ်။ သူ့အဖေနဲ့ ပတ်သက်ပြီး ဘာသွန်စ

www.burmeseclassic.com

www.burmeseclassic.com



ရခဲ့လို့လဲ မသိဘူး..”

သိပ်မကြာ...။

ဆိုက်ချီ သူတို့ရှိရာဆီ အမောတကော ပြေးလာရင်း...

♻ ♻ ♻

## အခန်း ( ၂၃ )

ဘုရားသခင်ထံသို့ ရင်ဖွင့်စာ...

တစ်ညနေက ပင်လယ်ကမ်းစပ်မှာ လမ်းလျှောက်ထွက်တုန်း ပုလင်းစာတစ်စောင် ကောက်ရခဲ့တယ်။ ပုလင်းကို ဖွင့်ပြီး စာကိုဖတ်ကြည့်တော့ ဆယ်နှစ်သမီးလေး ရေးထားတဲ့ စာတစ်စောင်ဖြစ်နေတယ်။ သူဟာ ဘီယွန်းစေးကို အားကျပါတယ်..တဲ့။ လောလောဆယ် ipadတစ်လုံးလည်း လိုချင်နေပါတယ်..တဲ့။

သူ့ဆန္ဒကို ဘယ်သူ့ကို ရင်ဖွင့်ရမှာမှန်းမသိဖြစ်ပြီး ပုလင်းထဲထည့် ရေမျောခဲ့ဟန်တူပါတယ်။ တချို့ကလေးတွေ ကျတော့လည်း ဖြစ်ချင်တဲ့ဆန္ဒကို မိုးပျံပူဖောင်းမှာ ချည်ပြီးကောင်းကင်ပေါ် လွှတ်တတ်ကြပြန်တယ်။

ပြုံးချင်စရာပါပဲ...။ ကလေးတွေလောက်မှ ရဲရဲဝံ့ဝံ့ ထုတ်ဖော်မပြောဝံ့တော့တဲ့၊ ကလေးတွေလောက်မှ သတ္တိမရှိ

www.burmeseclassic.com

www.burmeseclassic.com



တော့တဲ့ ကိုယ့်အတွက်ကတော့ တခါတရံလည်း ရှက်စရာကောင်းနေပြန်တယ်။

ကလေးတွေမှာ "အိမ်စာ"ဆိုတဲ့ ဖိအားတွေ ရှိနေသလို ကိုယ့်မှာလည်း အာဏာပိုင်အဖွဲ့အစည်းကို အချိန်နဲ့တပြေးညီ တင်ပြနေရတဲ့ 'The Bulge'ဆိုတဲ့ သုတေသနစာတမ်းက ဖိအားတစ်ခုလို ရှိနေပြန်တယ်။

ဒီ စီမံကိန်းနဲ့ စမ်းသပ်တီထွင်မှုတွေဟာ တကယ်ပဲ ကြောက်စရာကောင်းလှပါတယ်။ အတွင်းကင်းနဲ့ ရပ်တန့်ပစ်လိုက်နိုင်ရင်တော့ အကောင်းဆုံးပေါ့။ အနောက်ကမ္ဘာက တချို့နိုင်ငံတွေမှာတော့ ဒီသဘာဝလက်နက်ကို ကောင်းကောင်း ပိုင်ဆိုင်ထားပြီးကြပါပြီ။

ဗိုလ်ချုပ်ဟိုက်ဒင်မှာ အနောက်အုပ်စုနဲ့အပြိုင် တိုးတက်လိုတဲ့ စိတ်ဓာတ်ရှိတာတော့ ချီးကျူးစရာပါပဲ။ မျိုးချစ်စိတ်ဆိုတာ သိပ်မျက်ကန်းဆန်လွန်းလာရင် မကောင်းဘူး…။

ဒီစီမံကိန်းကြောင့် အိုဇုန်းလွှာတွေ ပျက်စီးနိုင်တယ်။ ဒီစီမံကိန်းကြောင့် ခရမ်းလွန်ရောင်ခြည်တွေ ကမ္ဘာပေါ်ကို တိုက်ရိုက်ကျလာမယ်။ အဖျက်စွမ်းပကားကြီးတဲ့ လျှပ်စစ်သံလိုက်လှိုင်းတွေ ဖြစ်ပေါ်လာမယ်။

ဘယ်သူ့ကိုမှ ထုတ်ဖော်မပြောဝံ့တဲ့ ရင်လေးစရာကိစ္စတွေဆိုတာလည်း အများကြီးပါပဲ…။ ကောင်းကင်မှာ ထင်ဟပ်နေတဲ့ ထူးဆန်းပုံရိပ်ကြီးတွေ၊ ကမ္ဘာ့နေရာတော်တော်များများက လူတွေ တပြိုင်နက် ကြားခဲ့ကြရတဲ့ The hum အော်သံ



တွေဟာ ဒီစီမံကိန်းတွေနဲ့ အတော်လေးပတ်သက်ဆက်နွှယ်နေပါတယ်။ ဒါတွေဟာ လူ့ပယောဂကြောင့် ဖြစ်ရတဲ့ ကိစ္စတွေချည်းပါပဲ…။

ဒီကြားထဲ အမေရိကန်ကို ဝင်မွှေသွားတဲ့ မဟာ ဟာရီကိန်းမုန်တိုင်း စင်ဒီဟာလည်း သိပ္ပံကမ္ဘာကို ပဟေဠိဓာတ်ခံပေါ်ကို တင်ပေးသွားခဲ့ပြန်ပါသေးတယ်။ လူ့ပယောဂနဲ့တီထွင်ဖန်တီးထားတဲ့ သိပ္ပံမုန်တိုင်းအတုလို့ ပညာရှင်တချို့က ထင်ကြေးပေးတာတွေရှိသလို တချို့ကလည်း သဘာဝမုန်တိုင်းလို့ ဆိုကြပါတယ်။

ဒါပေမယ့် ဗိုလ်ချုပ်ဟိုက်ဒင်ကိုတော့ တရေးနိုး ထ, မေးကြည့်လိုက်ပါ။ သိပ္ပံမုန်တိုင်းလို့ပဲ ပြောပါလိမ့်မယ်။

The Bulge ကို အခြေခံပြီး ရာသီဥတုလက်နက်ကလေးတွေ စမ်းသပ်ဖောက်ခွဲကြည့်တော့ အောင်မြင်သင့်သလောက် အောင်မြင်ပါတယ်။ အကြီးစားစမ်းသပ်ဖောက်ခွဲမှုကို လုပ်ဖို့ စမ်းသပ်ကွင်းတစ်ခု လိုနေတယ်။

မြေယာသိမ်းမှုတွေနဲ့ ပဋိပက္ခဖြစ်နေတဲ့ "ဟာမေရာ" မြို့နားက မီးတောင်ကို ပြန်လည်အသက်သွင်းဖို့ ဗိုလ်ချုပ်ဟိုက်ဒင်က မျက်စိကျနေတယ်။ သူ့အတွက်ကတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့…။ ကိုယ်ကတော့ လက်ရှိနေမိတယ်။

ဘုရားသခင်ထံကို ရောက်အောင် စာဘယ်လိုပို့ရမှာမှန်းမသိလို့ ကိုယ့်ရဲ့တက်ဘလက်(ထ်)မှာပဲ password ပေးပြီး စာပို့လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင် စောင်မတော်မူလှည့်ပါဦး····

အန်ဒီလစ်

"တောက်··"

ဆိုက်ချီ ပရင့်ထုတ်လာတဲ့ ပါမောက္ခကြီးရဲ့ ရင်ဖွင့်စာကို ဖတ်ပြီး လေးယောက်သား အံ့သြတုန်လှုပ်မှုနဲ့အတူ ခံပြင်းသွားကြရသည်။

အပြန်ပြန်အလှန်လှန် ဆွေးနွေးငြင်းခုံရင်း ဒီကိစ္စကို ရပ်တန့်ဖို့ ဘယ်လိုဆောင်ရွက်သင့်ကြောင်း တိုင်ပင်ကြသည်။

အဖြေက ထွက်မလာ···။

ထွက်လာသူဆိုလို့ သူတို့နဲ့ နီးနီးကပ်ကပ်မှာရှိတဲ့ မိုးမခပင်အနောက်ကနေ ထေလိုဒန်ပင်။

ထေလိုဒန်ကို ဘွားကနဲ တွေ့လိုက်ရ၍ သူတို့လေးယောက်သား လန့်သွားကြတာတော့ အမှန်ပင်···။

သူ့အဖေ ဗိုလ်ချုပ်ဟိုက်ဒင်ကို ပျစ်ပျစ်နှစ်နှစ်ဝေဖန်ထားတဲ့ စကားတွေကို ကြားများကြားသွားပြီလား···။

"ဆက်ဆွေးနွေးပါ···။ ငါ့ကို အားနာစရာ မရှိဘူး"

"ဟင်···"

ဘယ်တုန်းကမှ လူယဉ်ကျေးတစ်ယောက်လို ကိုယ်စားမပြုဖူးခဲ့တဲ့ ထေလိုဒန်ဆီက ဒီစကားကို ကြားလိုက်ရ၍ လေးယောက်သား မှင်တက်သွားကြသည်။

"မင်းတို့ အံ့သြသွားကြပြီလား··။ ဒီကိစ္စကို ကန့်ကွက်ချင်သူတွေထဲမှာ ငါလည်းပါပါတယ်။ ငါ့ ကိုယ်ငါ ကောင်းတယ် မပြောပါဘူး။ ငါ လူဆိုးတစ်ယောက်ပါ။ ဒါပေမယ့် လူယုတ်မာတော့ မဟုတ်ဘူး။ ငါလုပ်ခဲ့တဲ့ လုပ်ရပ်တွေကို ဆိုးသွမ်းတယ်လို့ မှတ်ချက်ချမယ်ဆိုရင်တောင် ရိုးသားစွာဆိုးသွမ်းခဲ့တယ်ဆိုတဲ့ အချက်နဲ့ ငါ အမြဲနောက်ကျောလုံခဲ့တာချည်းပဲ···။



ငါ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်··။ ငါဟာ မင်းတို့လို မစူးစမ်းတတ်ခဲ့ဘူး။ ဒါ့ကြောင့် တားမြစ်ဧရိယာထဲက သိပ္ပံဌာနချုပ်ကို မင်းတို့လောက် ငါမသိခဲ့ဘူး။ The Bulge ကို ဦးစီးညွှန်ကြားနေတဲ့သူဆိုတာ ငါ့အဖေကိုယ်တိုင်ပဲလို့ သိတာ မင်းတို့ အခုဆွေးနွေးတော့မှ ငါ သိလိုက်တာပါ··။ ပြော··။ မာရ်နတ်ကို လက်ဆောင်ပေးခဲ့ကြတဲ့ စောင်းကို ငါတို့ ဘယ်လိုလုလို့ရရင် ကောင်းမလဲ။ ငါဝင်ပါသင့်ရင် ပါပါ့မယ်"

"ထေ···ထေလိုဒန်··ရှင် တကယ်ပြောတာလားဟင်"

ဆိုက်ချီကလည်း အားကိုးတကြီး မေးလာသလို၊ မီးတောင်ပေါက်ကွဲမှုအရိပ်အယောင်ကြောင့် လောလောလတ်လတ်နေရပ်ရွှေ့ပြောင်းဖို့ အကောင်းဆိုခံထားရလို့ စိတ်ပျက်လက်ပျက်ဖြစ်နေကြတဲ့ မောလိုနဲ့ဘားနော့ကလည်း မျက်ရည်များဝဲလာကာ ဂွန္တဝင်ရန်သူတော်ကြီးရဲ့ ပခုံးကို ခပ်ကြမ်းကြမ်းပုတ်နေကြတော့သည်။

ဗိုင်းကတော့ ထေလိုဒန်ရဲ့ မျက်လုံးများကို ခပ်နက်နက်စိုက်ကြည့်ကာ အသိအမှတ်ပြု ခေါင်းညိတ်နေလေတော့၏

"တကယ်ပါ··ဆိုက်ချီ···။ မင်းတို့က ငါ့ထက်

www.burmeseclassic.com

www.burmeseclassic.com



စေပြီး တားမြစ်ဧရိယာထဲကို မွေခဲ့ဖူးကြတော့ ဘာလုပ်သင့်တယ်ဆိုတာ ပိုသိနိုင်တယ်လေ။ မင်းတို့ ညွှန်ကြားချက်အတိုင်း ငါ လိုက်နာဆောင်ရွက်ဖို့ အသင့်ပါ…"

ခပ်စိမ်းစိမ်း မတ်တပ်ရပ်နေရင်းကနေ ထေလိုဒန်က သူတို့လေးယောက်ထိုင်နေသည့် ခုံတန်းလျားလေးပေါ် လာထိုင်သည်။

နေရာမလောက်၍ ခပ်ကျပ်ကျပ်ကလေးတွေ ထိုင်နေကြရတာကိုက စည်းလုံးခြင်းကို ပြနေသယောင် ဖြစ်နေပြန်သည်။

"ဒီကိစ္စရဲ့ တရားခံက သဘောထားတင်းမာတဲ့ ရှင့်အဖေ ဗိုလ်ချုပ်ဟိုက်ဒင်ပဲ ထေလိုဒန်ရဲ့..။ ကျွန်မ စိတ်အထင့်ပြောရရင်တော့ ကိုယ့်လူမျိုးအချင်းချင်း ကောက်ကျစ်ယုတ်မာချင်လို့ မီးတောင်ပေါက်ဖို့ အမိန့်ကို ပေးခဲ့တယ်လို့တော့ မထင်ဘူး။ အကြီးစားလက်တွေ့ စမ်းသပ်မှုပြုလုပ်ချင်တာရယ်၊ ပဋိပက္ခဖြစ်နေတဲ့နေရာကို အာရုံပြောင်းသွားဖို့ လုပ်ချင်တာရယ်ကြောင့် တစ်ချက်ခုတ် နှစ်ချက်ပြတ်သဘော စဉ်းစားခဲ့တာဖြစ်မယ်။ ရှင့်အဖေကို နားချကြည့်ပါလား ထေလိုဒန်..။ ရာထူးကြီးကြီး အရာရှိကြီးတွေဟာ ပြည်သူကို တင်းတင်းမာမာဆက်ဆံတတ်သလောက် သူတို့သားသမီးမြေးမြစ်တွေကိုတော့ အရမ်းကို ပျော့ပျော့ပြောင်းပြောင်း ဆက်ဆံတတ်ကြတယ်လို့ ကျွန်မကြားဖူးထားတယ်"

ကောင်းလိုက်တဲ့ ချစ်သူလေးရဲ့ စည်းရုံးရေးစကား..။



ချစ်သူစကားကြောင့် ထေလိုဒန် လေးလေးနက်နက်စဉ်းစားကာ ခေါင်းကို အသာယမ်းလိုက်ရင်း…။

"ပြောတာက ဘာမှမခက်ဘူး။ အဖေနဲ့သား၊ ကြိုက်သလိုပြောလို့ရတယ်။ ပြောလည်းပြောပေးရဲတယ်။ ဒါပေမယ့် ဒီသတင်းက လုံးဝအမှောင်ချထားတဲ့သတင်း သားဖြစ်သူကိုတောင် လုံးဝပေးအသိမခံတဲ့သတင်း၊ ဒီသတင်းဘယ်လို ပေါက်ကြားသွားသလဲဆိုတာကို ထောက်လှမ်းရေးတွေကတစ်ဆင့် အဖေစုံစမ်းလို့ မင်းတို့လေးယောက်ကိုခြေရာခံမိပြီပဲထား…။ ဆိုက်ချိုဟာ ဘယ်သူ့သမီးလဲဆိုတာ အဖေသိတော့မယ်။ ငါ စိုးရိမ်တာက ပါမောက္ခအန်ဒီလန်ရဲ့ လုံခြုံရေးပဲ…။ မင်းတို့သဘောပေါက်လား..ငါတို့ ဆရာကြီးရဲ့ လုံခြုံရေးကိုပါ ထည့်တွက်သင့်တယ်…"

"ဟာ..အဲဒါလည်း ဟုတ်သား…"

"အဲ…ကျွန်မတို့ ထေလိုဒန် စဉ်းစားသလို မစဉ်းစားတတ်ခဲ့ကြဘူး.."

တစ်လျှောက်လုံး သောက်မြင်ကတ်လာခဲ့သမျှ ဒီတစ်ချက်တည်းနဲ့တင် ထေလိုဒန်ကို သူ အလေးပြုချင်စိတ် ပေါက်လာခဲ့သည်။

"ငါတို့ ငါးယောက် သေသေချာချာ တိုင်ပင်ပြီး လုပ်ကြတာပေါ့။ အချိန်တော့ ရှိသေးတယ်ထင်တာပဲ။ အခုဟာက မောလိုတို့ မြို့နားက မီးတောင်က ပေါက်ကွဲဖို့ အရိပ်အယောင်ပြရုံပဲ ရှိသေးတာ မဟုတ်လား။ မပေါက်ကွဲသေးဘူးမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား။ ဘာလုပ်ရင်အကောင်းဆုံး ဖြစ်မယ်ဆိုတာ ငါတို့ တိုင်ပင်ကြမယ်လေ။ လောလောဆယ် သိပ်သွေးပူနေတော့ ဆုံးဖြတ်ချက်တွေ မမှန်ကန်နိုင်ဘူး။ တစ်ညအိပ်ပြီး စဉ်းစားကြတာပေါ့"

အလွန်တရာ ကျက်သရေရှိလှတဲ့ တနင်္ဂနွေနေ့လယ်ခင်းကလေး တစ်ခုပါပဲ။ လူကြီးသူမတွေရဲ့ မဖြစ်ညစ်ကျယ် အကွက်ချစီစဉ်မှုတွေကြောင့် ရန်သူလို နှစ်အုပ်စုကွဲနေတဲ့ လူငယ်လေးတွေ ချက်ချင်း မိတ်ဆွေဖြစ်ခဲ့ကြရသည်။

ထေလိုဒန်လို ဆိုးသွမ်းလူငယ်တစ်ယောက်ပင် သွေးဆိုးများကို ဖောက်ထုတ်နိုင်သေးတာ သူ့ထက်ပိုဦးနှောက်ရှိတဲ့ သူ့အဖေကရော တချိန်မှာ သူ့ရဲ့သွေးဆိုးတွေကို ဖောက်မထုတ်နိုင်ပါဘူးလို့ ဘယ်သူပြောနိုင်မှာလဲ...

အစိက ကတော့ အချိန်ပေါ့...။

အချိန်တွေ သိပ်လင့်သွားတော့မှ သွေးဆိုးတွေ ဇကာစစ်ချနေပြန်ရင်လည်း တိုင်းပြည်အတွက် မကောင်းပြန်ဘူးလေ..။

♻ ♻ ♻

# အခန်း ( ၂၄ )

ထေလိုဒန် အကြံပေးတဲ့အတိုင်း စိတ်ကို သိပ်ပူနေအောင် မတွေးတောတော့ဘဲ အိပ်ရေးဝဝအိပ်ပစ်လိုက်ရာ မနက်ခြောက်နာရီထိုးသည်နှင့် အိပ်ယာမှ သူမ ကြည်ကြည်လင်လင် နိုးထလာခဲ့လေသည်။

အရင်ဆုံး ကြားမိသည်က ဧည့်ခန်းထဲကနေ ခပ်အုပ်အုပ်ကလေး ဖုန်းပြောနေတဲ့ ဖေဖေရဲ့အသံ..။

မျက်ခုံးတွန့်ရင်း အာရုံစူးစိုက်နားထောင်မိသော်လည်း ဖေဖေ့စကားသံက မသဲကွဲချေ။

ဒါ့ကြောင့် ဖုန်းခိုးနားထောင်တဲ့ အီတာလီဝန်ကြီးချုပ်ယောင်းရဲ့ နည်းလမ်းကို သုံးပြီး သူမအိပ်ရာနံဘေးမှာရှိတဲ့ လိုင်းဖုန်းကို အသံမမြည်အောင် ကိုင်လိုက်ရာ...

"တိုင်းပြည်နဲ့လူမျိုးကို အသက်လောက်ချစ်တဲ့ လူတစ်ယောက်၊ ကိုယ့်အသက်ကို ပဓာနမထားဘဲ စစ်ပွဲတိုင်းတိုက်လာတဲ့သူတစ်ယောက် အမိန့်ပေးနေတယ်ဆိုတာကို ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးမမေ့ပါနဲ့..."

အဲ...ဗိုလ်ချုပ် ဟိုက်ဒင်..

ဗိုလ်ချုပ်ဟိုက်ဒင်နဲ့ ဖေဖေမနက်စောစော ဖုန်းပြောနေတာကိုး...။

"မီးတောင်ပေါက်ကွဲဖို့ ရှေ့ပြေးအရိပ်အယောင်ပြခဲ့တာ ဆယ်ရက်တိတိရှိခဲ့ပြီ။ ဒီ action လောက်နဲ့တင် ဒေသခံပြည်သူတွေကို ဘေးလွတ်ရာပြောင်းရွှေ့ဖို့ အချိန်ပေးတာ လုံးဝလုံလောက်သွားပြီ...။ လာမယ့် တနင်္ဂနွေမှာ မီးတောင်လုံးဝပေါက်ကွဲမှုဖြစ်စဉ်ရဖို့ ကျွန်တော် လိုချင်တယ်။ ကာကွယ်ရေးဦးစီးချုပ်ရုံးက ဗိုလ်ချုပ်ကိုယ်တိုင် အမိန့်ပေးနေတယ်။ ဆရာကြီးတိတိကျကျ လိုက်နာဆောင်ရွက်ပါ..."

ဟင်....

သူမ ပါးစပ်အဟောင်းသားနှင့် ဖုန်းကို ချပစ်လိုက်မိပါသည်။

သွားပြီ...။

မောလိုနဲ့ဘားနော့တို့...။

သူငယ်ချင်းတွေရေ...။ နင်တို့ဘာဆက်လုပ်ကြမလဲဟင်...။ နင်တို့ မိသားစုတွေ နင်တို့ဆွေမျိုးတွေ ဒီအတိုင်းတင်းခံနေလို့ မရတော့ဘူး။

ထေလိုဒန်ရဲ့အဖေ တစ်ချက်လွှတ်အမိန့်ပေးလိုက်ပြီ။

ဒီသတင်းစကားကို ကျောင်းရောက်တော့ သူမဖွင့်ပြောလိုက်ရာ ဗိုင်းက စဉ်းစားချင့်ချိန်နေပြီး၊ အကြီးအကျယ်စိတ်ပျက်



သွားကြသူများကတော့ ဘားနော့နဲ့မောလိုပင်...။ ထေလိုဒန်ကတော့ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း အံတင်းတင်းကြိတ်နေလေသည်။

"ဘယ်...ဘယ်လို လုပ်ကြမလဲဟင်..."

"အိမ်ကို ငါတို့ ဖုန်းဆက်မေးပြီးပြီ...။ မီးတောင်ပေါက်ရုံမကလို့ ကမ္ဘာပျက်ပျက် တရားသဖြင့် ပိုင်ဆိုင်ထားတဲ့ ကိုယ့်အိမ်မှာပဲ နောက်ဆုံး ထွက်သက်အထိ ရင်ဆိုင်ပြီး နေသွားကြမယ်...တဲ့"

"အယ်..."

"ဒုက္ခပဲ..."

"ဒီစကားဝိုင်းထဲမှာ ထေလိုဒန်ပါနေလို့ ဗိုလ်ချုပ်ဟိုက်ဒင်ကို ငါ ဟန်ဆောင်ချီးကျူးစကားပြောတာတော့ မဟုတ်ဘူးနော်...။ သူ အရာရှိငယ်ဘဝတုန်းက သူ့အသက်တွေနဲ့ လောင်းကြေးထပ်ပြီး စစ်ပွဲတွေ ရင်ဆိုင်ခဲ့တယ်။ တိုက်ခဲ့တယ်။ သေမှာကို လူတိုင်းကြောက်တယ်။ နင်တို့ငါတို့လည်း ကြောက်ကြတာပဲ။ ဒါပေမယ့် ဒီလူကြီးက "အသက်"ဆိုတာကိုတောင် သိပ်ခေါင်းထဲ ရှိတာမဟုတ်ဘူး။ အခုလို မြို့ရဲ့ အစိတ်အပိုင်းတော်တော်များများက လူတွေ မြေယာဖယ်ပေးရတယ်ဆိုတာ သူ သိပ်ခံစားတတ်မှဲ ပုံမပေါ်ဘူး။ ငါ ပြောတာ သဘောပေါက်လား သူ့စိတ်က သိပ်ကို မာကျောနေပြီ..."

ဘားနော့နဲ့ မောလိုက ဘာမှမှတ်ချက်မပြု၊ ဝေ့ဝဲလာတဲ့ မျက်ရည်တွေကို မျက်တောင်နဲ့ ခပ်ကြမ်းကြမ်းပုတ်ကာ

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်နေသည်။ ဇိုင်းကတော့ ဆိုက်ချီစကားကို တွေးတွေးဆဆနှင့် ခေါင်းညိတ်ထောက်ခံလေ၏။

သူမစကားကို ခေါင်းခါပြီးကန့်ကွက်တဲ့သူဆိုလို့ သူ့သား ထေလိုဒန်တစ်ယောက်ပင် ရှိသည်။

"တိုင်းပြည်နဲ့ လူမျိုးကိုချစ်တာမှန်တယ်။ သူများတွေ ထက် သူ့အသက်ကို မခင်တွယ်တာလည်း မှန်တယ်။ အသက် နဲ့လောင်းကြေးထပ်ပြီး တိုက်ခဲ့တယ်ဆိုတာလည်း ဟုတ်တယ်။ ဒါပေမယ့် ဒီလို စွန့်လွှတ်အနစ်နာခံမှုတွေနဲ့ ထိုက်တန်တဲ့ ရာထူး တစ်ခုကို သူရထားပြီးပြီလေ..။ ဒါက သူ့ခံယူချက်လေ...။ လူတိုင်းကို ငါ့စိတ်အတိုင်း၊ ငါ့ခံယူချက်အတိုင်း၊ ငါ့ဖြတ်သန်း မှုအတိုင်း၊ ငါ့အယူဝါဒအတိုင်း လိုက်နာကျင့်သုံးရမယ်လို့ တစ် ထစ်ချ ယူဆထားတာ အဲဒီလူ ရှုံးတာပဲ.."

"ဟဲ့...ထေလိုဒန်ရယ်...။ ကိုယ့်အဖေကို.."

"ငါက အမှန်အတိုင်း ဝေဖန်ထောက်ပြတာပါ..။ ဒါပေမယ့် အဲဒီလူက ကံဆိုးစွာနဲ့ပဲ အဖေဖြစ်နေတယ်.."

"ဟင်း..."

စကားဝိုင်းက ထုံးစံအတိုင်း ဘာရလာဒ်မှ ထွက်မလာ ဘဲ သက်ပြင်းချသံတွေနဲ့သာ အဆုံးသတ်သွားသည်။

မီးတောင်က လာမယ့် တနင်္ဂနွေမှာ ပေါက်ကွဲတော့ မည်။

ဒေသခံတွေက မြေနေရာကို ဖယ်မပေး၊ တင်းခံထား ကြမည်။ နှစ်ဖက်စလုံးက ဒီရေ၊ ဒီမြေမှာ အတူကြီးပြင်းလာကြ



တဲ့ သွေးရင်းညီအစ်ကိုတွေ..

ပွဲက ပွဲကြီးပွဲကောင်း...။

သို့သော်...ကြည့်မကောင်း..။

မကြည့်ခင်ကတည်းက ဇာတ်နာတော့မည်ဆိုတာ ကြို သိနေသည်။

တို့ လူငယ်တွေ ဒီကိစ္စကို ရပ်တန့်သွားစေဖို့ ဘာလုပ် ပေးနိုင်မှာလဲ..။ တစ်နိုင်ငံလုံး သိသွားအောင် လူသိရှင်ကြား ဖွင့်ချလိုက်ရမလား...။

နောက်ဆက်တွဲတွေက ဘယ်လောက်ပြင်းထန်ရိုက်ခတ် လာမှာလဲ..။

ပါမောက္ခ အန်ဒီလန်ဆိုတာ ကိုယ့်ချစ်သူရဲ့ ဖခင်..။

သူ့ လုံခြုံရေးကို ကိုယ်မပြောနဲ့ ကိုယ့်ရန်ဘက် ထေလိုဒန်ကပင် အလေးအမြတ်ထည့်တွက်ရှာသည်။

"ဟင်..."

"ဘာလဲဟင်..ဇိုင်း.."

ထိုင်နေကြ ကန်တင်းက ပြန်တော့ ထူးခြားသည့် မြင် ကွင်းတစ်ခုကို ကံကောင်းထောက်မစွာ သူမြင်တွေ့လိုက်ရသည်။

ကြည့်စမ်း...။

တို့ ကံမကောင်းနိုင်ဘူးလို့ ဘယ်သူ ပြောနိုင်မှာလဲ...။ တို့ ဖြစ်စေချင်တဲ့ ငြိမ်းချမ်းစွာ အဆုံးသတ်မှုရလာဒ် မရနိုင်ဘူး လို့ ဘယ်သူ ပြောနိုင်မှာလဲ...။

သူက ချစ်သူကို လက်အသာကာပြလိုက်ရင်း မြက်ပင်

www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ရောနှောပေါက်နေတဲ့ အပင်ပုစိကွေးလေးကို ခွဲနှုတ်လိုက်တော့ ချစ်သူက…။

"ဘာများလဲ‥လို့ ဖိုင်းရယ်‥အဲဒါ ပေါင်းပင်တွေ ဟာကို…"

သူက ပြုံးလိုက်ရင်း‥

"ပေါင်းပင် မဟုတ်ဘူးချစ်ရဲ့…။ ဒါ တကယ့် အထွဋ်အမြတ်ပန်းပါ‥"

"ဘာ…ဘယ်လို…"

"အိုင်ယာလန် နိုင်ငံရဲ့ နိုင်ငံတော်ပန်း…"

"အဲ…ဖိုင်းကလည်း ပြောရှေ့မယ်…"

"ဟုတ်တယ်‥ဆိုက်ချီရဲ့…။ ဟိုးအရင်တုန်းက ဒီအပင်လေးတွေနဲ့ အိုင်းရစ်သူတော်စင်ကြီး Saint Patrick ကို ပူဇော်ခဲ့ကြတယ်။ နောက်ပိုင်းကျတော့မှ အိုင်ယာလန်နိုင်ငံက အဲဒီပန်းကလေးကို နိုင်ငံတော်ပန်းအဖြစ် သတ်မှတ်ပြီး နှစ်စဉ်မတ်လ ၁၇ ရက်နေ့ကိုရောက်တိုင်း အိုင်ယာလန်နိုင်ငံသားတွေက အဲဒီပန်းပုံပါတဲ့ အဝတ်အစားတွေဝတ်ပြီး Saint Patrick's Day အဖြစ် နေရာအနှံ့ လှည့်လည်ကျင်းပခဲ့ကြတယ်…"

"ဟင်…ဟုတ်လား‥"

သူက ပြုံးကာ နိုင်ငံတော်ပန်းကလေးကို ချစ်သူလက်ဖဝါးပေါ် ဖွဖွလေး ထည့်ပေးလိုက်ရင်း…။

"ပုံမှန်အားဖြင့်ကတော့ အရွက်ကလေး သုံးရွက်ထိပ်ချင်းဆိုင်နေတာကိုပဲ မင်း မြင်ဖူးလိမ့်မယ် ဆိုက်ချီ…အရွက်



လေးရွက် ထိပ်ချင်းဆိုင် အနေအထားကို တွေ့ပြီဆိုရင် ကံကောင်းတော့မယ်လို့ မင်း ယုံကြည်ပေးလိုက်ပါ…။

ပထမအရွက်က Love ကို ကိုယ်စားပြုတယ်။ ဒုတိယအရွက်က Hope ဆိုတဲ့ မျှော်လင့်ချက်ကို ကိုယ်စားပြုတယ်။ တတိယအရွက်က faith ဆိုတဲ့ ယုံကြည်မှုပေါ့‥။ နောက်ထပ်အရွက်တစ်ရွက် ပိုပါလာတဲ့ အပင်ဟာ မမြင်ဖူးလောက်အောင်ကို ရှားပါးပါတယ်။

အခု ကြည့်စမ်း…။ စတုတ္ထမြောက် အရွက်တစ်ရွက်အပိုပါလာတဲ့ အပင်ကလေးကို တို့တွေ့ဖူးသွားပြီ‥။ အဲဒီအရွက်ဟာ Luck ကို ကိုယ်စားပြုတဲ့ ကံကောင်းခြင်းပါ…။ ဒီကံကောင်းခြင်းကို ဆိုက်ချီကစပြီး ရှေ့နိုင်မယ်ထင်လို့ ကိုယ်ဆိုက်ချီကို ဒီအပင်လေး လက်ဆောင်ပေးလိုက်ပြီနော်‥။ ဆိုက်ချီဟာ ပါမောက္ခကြီး အန်ဒီလန်ရဲ့ သမီးဆိုတာ ဘယ်တော့မှမမေ့ပါနဲ့…။ ကိုယ်လည်း ဘေးကနေ ပံ့ပိုးပေးပါ့မယ်‥။ တို့မှာအချိန် တစ်ပတ် ကျန်ပါသေးတယ်၊ ဟုတ်ပြီလား…"

စိတ်နှလုံးသား ကောင်းမွန်တဲ့ ချစ်သူဆီက ဘယ်တုန်းကမှ အလျှော့ပေး အရှုံးပေးစကားဆိုတာ သူမ တစ်ခါမှ မကြားဖူးချေ။

နောက်ဆုံး မိနစ်၊ နောက်ဆုံးစက္ကန့်အထိကို သူယုံကြည်ရာ သူလုပ်သင့်တယ်ထင်ရာကို တစိုက်မတ်မတ် လုပ်သွားမည့်ချစ်သူတစ်ယောက်ပါပေ။

ဆိုက်ချီ ချစ်သူကိုလည်း လေးစားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ကိုယ့်လက်ဖဝါးပေါ် ထည့်ပေးလိုက်တဲ့ အရွက်လေးရွက်ဆိုင် ရှားရှားပါးပါး နိုင်ငံတော်ပန်းကလေးကိုလည်း တန်ဖိုးထားသည်။

ဒီတစ်ပတ်အတွင်းမှာ ကံကောင်းခြင်းတွေကို ကိုယ်က စပြီး ရှေ့နိုင်လိမ့်မယ်တဲ့…။

အရွေ့တစ်ခုကို ရဖို့ ဆိုက်ချိ အားရှိသလောက် ရွေ့ပေးမှာပါ ချစ်သူ။

♻ ♻ ♻

## အခန်း ( ၂၄ )

ထိုတစ်ပတ်ဆိုသည့် ကာလသည် မယုံကြည်စရာကောင်းလောက်အောင် တရွေ့ရွေ့နှင့် ကုန်ဆုံးသွားခဲ့သည်။

မီးတောင်ပေါက်ကွဲတော့မည်ဖြစ်ကြောင်း၊ အာဏာပိုင်အဖွဲ့အစည်းက ဒေသခံပြည်သူတွေကို ဘေးကင်းရာရွှေ့ပြောင်းခိုင်းသော်ငြား၊ မာတင်ဇွေ့ကာ မျက်နှာဖုံးများစွပ်ကာ နေရပ်မှာပဲ တင်းခံ၍ နေထိုင်လျက်ရှိကြောင်း သတင်းတွေဟာလည်း…

ရုပ်မြင်သံကြားမှတစ်ဆင့်၊ ရေဒီယိုသတင်းစာဂျာနယ်တွေမှတစ်ဆင့် ထုတ်လွှင့်ရေးသား ကြေငြာပေးလျက်ရှိသလို၊ ပြည်တွင်း၊ ပြည်ပမီဒီယာများကလည်း ထိုတင်းမာမှုကိစ္စများ ဖြစ်နေကြကြောင်းကို ခေါင်းကြီးအနေနှင့် အလေးထား ဖော်ပြလျက်ရှိချေသည်။

တစ်ရက်ပြီး…တစ်ရက်…။ တစ်ရက်ပြီး…တစ်ရက်။ တစ်ရက်ပြီး…တစ်ရက်…။

မီးတောင်နှင့်ဝေးကွာလှသည့် ဘာသီနမ်တက္ကသိုလ်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာ ထရေဂင်မြက်ခင်းပြင်မှာတော့ ကျောင်းအားလပ်ရက် ထုံးစံအတိုင်း..။

အဆောင်နေကျောင်းသားများဟာ လူငယ်ပီပီ ဂစ်တာတီးသူတီး၊ အုပ်စုဖွဲ့ ကဗျာရွတ်သူရွတ်၊ ချစ်သူနှင့် စကားပြောသူပြောနှင့် ကိုယ့်စိတ်ကူးနှင့်ကို ဟန်ချက်ညီညီ ရှိနေကြလေသည်။

သို့သော် ထုံးစံအတိုင်း တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးက ပါ မရိပ်မိကြသည့် ထို ဖြစ်စဉ်နဲ့ပတ်သက်ပြီး အားလုံးကို သိနေသည့် ဉာဏ်ကြီးရှင် စုံတွဲကတော့ သူများပျော်လို့ မပျော်နိုင် သူများကြည်နူးနေတိုင်းလည်း မကြည်နူးနိုင်ဘဲ မနက်ဖြန်ရင်ဆိုင်ကြရတော့မည့် ကိစ္စအတွက်သာ စိတ်မကောင်းဖြစ်နေကြတော့သည်။

ကြည့်ပါ...။

ထရေဂင်မြက်ခင်းပြင်ကျယ်ကြီးဟာ မျက်စိတဆုံး ကျယ်ပြန့်ညီညာ စိမ်းစိုနေပြီး၊ ဟိုးဝေးဝေးမိုးကုပ်စက်ဝိုင်းအရောက်ကျမှ တောင်စဉ်တောင်တန်းများနှင့် ခက်ထန်မာကျောစွာ အနားသတ်ပစ်လိုက်သည်။

ဟိုးပျပျက တွန့်ခေါက်မာကျောလျက်ရှိသော တောင်တန်းတွေကို ငေးမောကြည့်နေသူ စုံတွဲမှာ သက်ပြင်းငွေ့ငွေ့ကို ခပ်ဖျော့ဖျော့ချလိုက်ရင်း...

"ဒါနဲ့...ဘားနော့နဲ့မောလိုလည်း မတွေ့ပါလား...ဗိုင်း.."



"ဘယ်တွေ့မလဲ..။ သူတို့ ဟန်မဆောင်နိုင်လောက်အောင် ရင်တွေပူနေကြပြီလေ ဆိုက်ချီ။ ဒီကောင် နှစ်ကောင်ညက တစ်ညလုံး အိပ်မပျော်နိုင်ကြဘူး။ တောက်တစ်ခေါက်ခေါက်နဲ့...။ မနက်မိုးလင်းတော့ ဘုရားကို အစောကြီး ထ, သွားကြတယ်။ ရှိခိုးဆုတောင်းကြဖို့အတွက်...တဲ့..."

"ဆိုက်ချီ...ရင်တွေ အရမ်းကို လေးနေပြီဗိုင်းရယ်.."

"ကိုယ်လည်း အတူတူပါပဲကွာ..."

"ဗိုလ်ချုပ်ဟိုက်ဒင် အခုအချိန် စိတ်ပြောင်းသွားလိုက်ရင် ဘယ်လောက်ကောင်းလိုက်မလဲနော်...။ ရာထူးကြီးကြီး၊ တာဝန်ကြီးကြီး ယူထားရတဲ့သူတွေဟာ သူ့ရဲ့ လုပ်ရပ်အစွန်းတစ်ဖက်မရောက်မီ ပြန်လည် သုံးသပ်တတ်ကြပါတယ်။ သူတကယ်ပဲ တမျိုးသားလုံး စိတ်ဝမ်းကွဲစေနိုင်မယ့် ခေါင်းမာတဲ့ လုပ်ရပ်ကိုပဲ ရွေးမလား။ အမျိုးသားပြန်လည် သင့်မြတ်လာစေဖို့ ပျော့ပျောင်းတဲ့ နည်းလမ်းကို ရွေးမလားဆိုတာ အခုအချိန် ပြန်လည်စဉ်းစား သုံးသပ်နေပါစေလို့ ဆိုက်ချီတော့ ဆုတောင်းနေမိတာပဲ.."

ချစ်သူက နွမ်းနွမ်းလျလျနှင့် သူ့ပခုံးထက် ခေါင်းမှီလာသည်။ သူလည်း စိတ်မကောင်းစွာနှင့် ချစ်သူကို ပြန်လည် ထွေးဖက် ထားလိုက်စဉ်...

"ဝမ်းနည်းစရာ တစ်ခုခုများ ရှိနေလို့လား [illegible] တို့.."

"ဟင်..."

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲနွမ်းပါးသော ကပိုကရိုအဝတ်အစားများ ဝတ်ဆင်ပြီး သူတို့ရှေ့ ဘွားကနဲရောက်လာလေတဲ့ အဘွားအိုတစ်ယောက်။

လောကဓံကို ကျင့်သားရနေပြီး ပါးရေနားရေ တွန့်လိမ်နေသည့် မျက်နှာနှင့်နစ်နေအောင် ပြုံးရင်းဖိုင်းတို့ကို စူးစိုက်စွာကြည့်နေသည်မို့ ဆိုက်ချီမှာ အနည်းငယ်လန့်နေပြီး ဖိုင်းလက်ကို တင်းတင်းဆုပ်ကိုင်ထားလေသည်။

ဒီမြို့မှာ ဒီလို အဘွားအိုတွေ အမြောက်အများ ရှိပါသည်။

ငွေကြေး အနည်းငယ် ပေးလိုက်ရုံနှင့် မိမိရဲ့ကြမ္မာကို ဟောကိန်းထုတ်ပေးနိုင်သည့် လမ်းလျှောက်ဗေဒင်ဆရာမ ဂျစ်ပစီအဘွားကြီးများပင်..။

ဆိုက်ချီ ကြောက်နေသဖြင့် ဖိုင်းက ခေါင်းအသာယမ်းပြလိုက်ပြီး..

"ကျွန်တော်တို့မှာ ဝမ်းနည်းစရာဘာမှ မရှိပါဘူး အဘွား။ ကျွန်တော်တို့ နှစ်ယောက်တည်း သီးသန့်နေပါရစေ"

ဖိုင်းက ညင်သာစွာနှင့် ဂျစ်ပစီအဘွားအိုကို မောင်းထုတ်လေသည်။ အဘွားအိုက ထွက်မသွား၊ အသာအယာ ခေါင်းယမ်းလိုက်ပြီး...

"မဟုတ်ဘူး..ငါသိပါတယ်..။ ငါဟာ ရှေ့ဖြစ်ဟောဆရာမတစ်ယောက်ပါ..။ မင်းတို့နှစ်ယောက် လူကြီးလူကောင်းတစ်ယောက်ရဲ့ တစ္ဆတ်ထိုးဆန်တဲ့ လုပ်ရပ်တစ်ခုကြောင့် စိတ်



ညစ်နေတယ်...။ စိတ် ကသိကအောက် ဖြစ်နေကြရတယ်.."

"ဟင်..."

အဘွားကြီးစကားကြောင့် ဆိုက်ချီ လန့်နေရင်းမှ မျက်လုံးပြူးကာ စိတ်ဝင်စားသွားလေသည်။

တချို့ လမ်းလျှောက်ဗေဒင်ဆရာမ ဂျစ်ပစီအဘွားကြီးတွေ အရမ်းအစွမ်းထက်ကြောင်း သူမကြားဖူးနေတာတော့ ကြာပြီ..။

သိပ်မပတ်သက်လိုတာရယ်...။ မိမိအတွင်းရေးကိစ္စတွေကို ဒီလို အခြေမဲ့အနေမဲ့ ဂျစ်ပစီလူတန်းစား အဘွားအိုများကို ပေးမသိစေလိုတာရယ်မို့ သူမ တစ်ခါမှ ဂျစ်ပစီဗေဒင်ဆိုတာကို မေးမကြည့်ဖူးခဲ့...။

အခုတော့ အဘွားကြီးရဲ့ ဟောကိန်းမှာ သူမမျောသွားရလေပြီ။

ကြည့်စမ်း..။ သူဟာ ဗိုလ်ချုပ်ဟိုက်ဒင်ကြောင့် သူမတို့တတွေ စိတ်ပျက်နေကြတယ်ဆိုတာကို အတပ်သိနေပါ့လား။ အံ့သြစရာ ကောင်းလိုက်တာ..

"အဲဒီလူဟာ ဒီနိုင်ငံရဲ့ အရေးပါတဲ့ ကိစ္စရပ်တွေကို ကိုင်တွယ်ပေးနေတဲ့သူပဲ။ သူ့ရဲ့လုပ်ရပ်တချို့ဟာ တကယ်ပဲ ချီးကျူးစရာ ကောင်းပါတယ်။ လုပ်ရပ်တချို့ကတော့ အငြင်းပွားဖွယ်ရာ ကောင်းတယ်။ ကောင်းကျိုးဟာ ဆိုးကျိုးနဲ့ ရောနှောနေတတ်တဲ့ လုပ်ရပ်မျိုးတွေပေါ့..."

"အို...ဟုတ်တယ်...။ အဘွားပြောတာ ဟုတ်ပါ

www.burmeseclassic.com



တယ်..''

မဆိုင်းမတွဆိုသလိုပင် အဘွားကြီးစကားကို ဆိုက်ချီ ထောက်ခံလိုက်လေသည်။

အဘွားကြီးကတော့ သိပ်မအံ့သြတော့သော မျက်နှာနှင့်...

''ဒါပေမယ့် ကံဆိုးစွာပဲ မင်းတို့ မိဘတစ်ဦးဦးနဲ့ အဲဒီ ပုဂ္ဂိုလ်ဟာ လုပ်ငန်းခြင်း ထိတွေ့ဆက်စပ်နေတယ်။ လုပ်ပိုင်ခွင့် အားလုံးက သူ့ဆီမှာပဲ ရှိနေတယ်။ အိုး...သိပ်ခေါင်းမာပြီး တဇွတ်ထိုးဆန်လှတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ...။ သူဟာ သိပ်မကြာခင် မှားယွင်းတဲ့လုပ်ရပ်အကြီးကြီးတစ်ခုကို စတင်လုပ်ဆောင်တော့မယ်..''

''ရှင်...''

ဆိုက်ချီမှာ မိန်းကလေးပီပီ ဗေဒင်နှင့်ရှေ့ဖြစ်ဟောများကို အထူးယုံထားတတ်သူဖြစ်ရာ အဘွားကြီးစကားအဆုံးမှာတင် ပါးစပ်အဟောင်းသား ဖြစ်သွားရလေ၏။ ဖိုင်းကတော့ ဆိုက်ချီလောက် မအံ့သြ။ အဘွားကြီး ဘာဆက်ပြောမလဲ ဆိုတာကို တွေးတွေးဆဆနှင့် နားထောင်လျက်ရှိချေသည်။

''ဘယ်လိုလဲ...မင်းတို့ရဲ့ ကြမ္မာကို ငါ စီရင်ပေးပိုင်ခွင့်ရှိပြီလား''

ဆိုက်ချီက ဖိုင်းကို ''ဘယ်လိုလဲ''ဆိုတဲ့ အဓိပ္ပာယ်နှင့် အားကိုးတကြီး ကြည့်၏။ ဒီအချိန်မှာ သူ့မအနေနဲ့ ကောက်ရိုးတစ်မျှင်ရရ ဖမ်းဆွဲပစ်လိုက်ဖို့ လုံးဝဆုံးဖြတ်ထားပုံရ



သည်။

သူကတော့ ချစ်သူအလိုကျ ခေါင်းသာ ညိတ်ပြလိုက်၏...။

အဲဒီနောက်မှာတော့ ဆိုက်ချီဟာ ရဲဝင့်စွာနှင့်ပင် မိုလ်ချုပ်ဟိုက်ဒင်ကိစ္စများကို ဖွင့်ချတိုင်ပင်လာတော့သည်။

''ဟုတ်တယ်..။ သူ့ကြောင့် ကျွန်မတို့ စိတ်ညစ်နေကြရတယ်။''

''သူက အာဏာရှင်တစ်ယောက်ပဲ...''

''အို...''

''အလုပ်ထဲမှာပဲ အမြဲနစ်နေတတ်တယ်။ ပြင်ပကမ္ဘာဟာ သူ့အတွက် စိမ်းသွားသလိုပဲ။ ဆုံးဖြတ်ချက်ချပြီးရင် ဆုံးဖြတ်ချက်ပြီးမြောက်အောင် လုပ်မယ်ဆိုတဲ့ စိတ်နဲ့ နှစ်ပေါင်း သုံးဆယ်လုံးလုံး မောင်းတင် ချီတက်လာခဲ့တယ်...။ အိုး... ဟုတ်တယ်။ အဲဒီလိုနဲ့ပဲ သူ့ဘဝမှာ အမှားနဲ့အမှန်ဟာ အမြဲလိုလို ရောထွေးနေတတ်ပြီး တခါတရံလည်း လူဆိုးနာမည်ခံ လူကောင်း... အင်း...တခါတရံမှာလည်း လူကောင်းနာမည်ခံ လူဆိုးတစ်ယောက် ဖြစ်နေတတ်တယ်...''

''အိုး...''

''ဟုတ်တယ်..။ သူ့ကို ကုသပေးဖို့ တကယ်ကို လိုအပ်နေပြီ..။ သူဟာ သူ့အလုပ်ထဲမှာပဲ စိတ်တွေနှစ်ထားတဲ့ အတွက် Therapy(ကုထုံး)တွေနဲ့ ဝေးနေပြီ။ ခေတ်ဟာ [illegible] သိပ် ရောက်လွန်းမလို့နဲ့ တခါတရံမှာ ဒဏ္ဍာရီဆန်စွာ [illegible]

www.burmeseclassic.com



ပြန်ဆုတ်တာတဲ့ သဘောမှာ ရှိတယ်။ အတွားပြောတာ သဘော ပေါက်ရဲ့လား မိန်းကလေး…"

"သဘောပေါက်တယ်။ လက်လည်းလက်ခံတယ်။ စက်မှုထွန်းကားတဲ့အနောက်ကမ္ဘာမှာ စိတ်ကို အေးချမ်းဖွာတည် ဆောက်နိုင်ဖို့ အချိန်အရမ်းပေးကြတယ်။ ယောဂကျင့်စဉ်တွေ တွေလုပ်ကြတယ်.."

"အိုး…မင်းဟာ ပြောရသိပ်လက်ပေါက်မကပ်တဲ့ မိန်းကလေးပဲ။ ဟုတ်တယ်။ ကုထုံးတွေဟာ မျိုးစုံရှိတယ်။ ရေကု ထုံး၊ ရနံ့ကုထုံး၊ ဂီတကုထုံး အို…အစုံပေါ့။ ဒါတွေ မင်းလည်း သိလိမ့်မယ်။ အရှည်ကြီးတွေ ပြန်ပြောရမှာ မင်းလည်းငြီးငွေ့ လိမ့်မယ်.."

"ပြောပါ…သူ့အတွက် ကျွန်မတို့ ဘယ်လိုပြင်ဆင်ကြ ရမလဲ…"

"ဒဏ္ဍာရီဆန်တဲ့ ကုထုံးနဲ့ ကုစားပေးရမှာ မိန်းကလေး ရဲ့…။ ဒီကုထုံးနဲ့ သူ့ရဲ့ ဆုံးဖြတ်ချက်အလွဲတွေကို ပြန်ပြင်ဆင် ပေးနိုင်မယ့် အကောင်းမြင်စိတ်ဓာတ်တွေ ထွက်လာဖို့ အချိန် သုံးနာရီလောက်တော့ လိုလိမ့်မယ်.."

"မလွယ်နိုင်ဘူးရှင့်…သူ့အထက်မှာ ကျွန်မတို့ မရှိ နိုင်ဘူး။ သူက ကျွန်မတို့ ကုထုံးကို ဘယ်လက်သင့်ခံနိုင်လိမ့် မလဲ..။ နောက်ပြီး သူက တသီးတသန့်ဆန်ဆန်နေတဲ့သူတစ် ယောက်…၊ အာဏာရှင်တစ်ယောက်.."

"လွယ်ပါတယ်။ သိပ်ရှည်ရှည်ဝေးဝေး မစဉ်းစားပါနဲ့



မိန်းကလေး..။ သူ့ရဲ့ အတွင်းစည်းထဲက လူတစ်ယောက် လောက်နဲ့များ မင်းတို့ မခင်နိုင်ဘူးလား…"

"ဟင်…"

ဆိုက်ချီ မျက်လုံးကလေး ပြူးကာ စဉ်းစားသွားရချေ ပြီ။ သူမမျက်လုံးထဲမှာ ထေလိုဒန်ကို ပြေးပြီမြင်ယောင်လိုက် မိသည်ထင်ပါ၏…

မဆိုင်းမတွဆိုသလိုပင် ခေါင်းညိတ်ပြလိုက်ရာ ဂျစ်ပစီ အဘွားကြီးက တိုးတိတ်သော လေသံနှင့်…

"ပန်းကလေးတစ်ပွင့်ရှိတယ်..။ ကမ္ဘာပေါ်မှာ ဘယ် အပြစ်ရှိလူသားမှ မတွေ့အပ် မမြင်အပ်တဲ့ ပန်းကလေးတစ်ပွင့် ပေါ့…။ သူ့ရနံ့ဟာ မွှေးမြတယ်။ ဆွတ်ပျံ့ဖွယ်ကောင်းတယ်။ မင်းတို့ ငါတို့ လူသားတွေဟာ ကမ္ဘာဦးကတည်းက လွမ်းမော ဖွယ်ရာ ကောင်းတဲ့ ဂီတသံတွေ၊ နှစ်သက်ဖွယ် ကကွက်တွေ၊ လှပတဲ့ အဆင်တန်ဆာတွေ ယက်လုပ်ဖန်တီးခဲ့ကြတယ်..။

အဲဒီလိုပဲ…ရက်စက်တဲ့ သတ်ဖြတ်မှုတွေ၊ ကြောက်စရာ ကောင်းတဲ့ စစ်ပွဲတွေ၊ ဂေဟာစနစ် ပျက်စီးမှုတွေကိုပါ ဖန်တီးခဲ့ ကြတာပဲ။ မင်းတို့ကို နတ်ဒေဝါတွေဟာ အလွန်တရာ စိတ်ဆိုး ကြပါတယ်။ ဒါ့ကြောင့် ကမ္ဘာဦးအစကတည်းက ဘုရားသခင် ကိုယ်တော်တိုင် ဖန်ဆင်းခဲ့တဲ့ မင်းတို့နဲ့ ထိုက်တန်တဲ့ ကယ်တင် ခြင်းပန်းပွင့်ကလေးတွေကို နတ်တွေက ဖွက်ထားခဲ့ကြတယ်.."

"အိုး..ကယ်တင်ခြင်းပန်းပွင့်ကလေးတွေ..ဟုတ်လား.. အဘွား.."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်…။ အဲဒီပန်းကလေးဟာ ကြောက်စရာကောင်းလောက်အောင် အစွမ်းထက်တဲ့ ဂန္ဓရပန်းရနံ့တွေကို လွှင့်ထုတ်ပေးနိုင်တယ်။ ဘယ်အချိန်လဲဆိုတော့ ညဥ့်သန်းခေါင်ဆယ့်နှစ်နာရီကစလို့ပေါ့..။ အဲဒီအချိန်ဆိုတာ လူတွေအိပ်မောကျကောင်းတဲ့ အချိန်…"

"အို…အစစ်ပေါ့.."

"နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတဲ့ လူတစ်ယောက်ရဲ့ စိတ်ဟာ အရာရာကို အသွန်သင်၊ အဆုံးမခံဖို့ အမြဲတမ်းအဆင်သင့်ဖြစ်နေတတ်တယ်။ အဲဒီအချိန်ဟာ သူတို့ရဲ့ စိတ်တွေကို ကောင်းတဲ့ဘက်ကို လှည့်စေဖို့ အမိန့်ပေးရတာ အလွယ်ကူဆုံးအချိန်ပါပဲ…။

ငါပြောတာ သဘောပေါက်ရဲ့လား…။ ကံကောင်းထောက်မပြီး ခက်ထန်မာကျောတတ်တဲ့လူတစ်ယောက် အိပ်မောကြနေတုန်း…ပန်းကလေးရဲ့ ဂန္ဓရရနံ့ကို အချိန် သုံး၊ လေးနာရီလောက် ရှူရှိုက်ခွင့်ရလိုက်မယ်ဆိုရင် အကောင်အထည်မဖော်ရသေးတဲ့ သူ့ဆုံးဖြတ်ချက်တွေကို အချိန်မီ ပြန်လည်ပြင်ဆင်သုံးသပ်ဖို့ ရှစ်ဆယ်ရာခိုင်နှုန်းလောက်အထိ သေချာသွားနိုင်တယ်"

"ရှင်…"

ဖိုင်းနှင့်ဆိုက်ချီ တစ်ယောက်ကိုတစ်ယောက် အံ့သြတုန်ယင်စွာ စိုက်ကြည့်မိလိုက်လေသည်။

ဂျစ်ပစီအဘွားကြီးရဲ့ မျက်လုံးတွေဟာ မိန့်ဖျော့မယောင်



နဲ့ သိပ်ကို တောက်ပအသက်ဝင်လွန်းတာမို့ ဖိုင်း မကြာခဏဆိုသလို အကြည့်လွှဲနေရသည်။

"ဟောဒီမှာ…ကြည့်စမ်း…"

အဘွားကြီးက သူထမ်းပိုးလာတဲ့ အဝတ်အိတ်ထဲကတစ်စုံတစ်ရာထုတ်ပြလေသည်။

"အဲ…ပန်းကလေး.."

ခပ်သင်းသင်းရနံ့နဲ့ ပန်းနုရောင် အဆင်းရှိလေတဲ့ ပန်းကလေး…။

အဘွားကြီးက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ရင်း…

"သူ့ရနံ့ဟာ နေရောင်အောက်မှာ အစွမ်းမရှိပါဘူး။ မွှေးတဲ့ရနံ့အဖြစ်ပဲ မင်းရှူရှိုက်ရလိမ့်မယ်။ သန်းခေါင်သန်းခွဲကို ရောက်လာချိန်ကျမှ ဖြာကျလာတဲ့ လရောင်ကြယ်ရောင်တွေနဲ့ တွေ့ထိပြီး သူ့အစွမ်းတွေ ပြလာလိမ့်မယ်…

အဲဒီရနံ့ဟာ တင်ဒိုပါမင်းလိုမျိုး၊ စိုးရိမ်စိတ်ကို လျှော့ချနိုင်တဲ့ ဦးနှောက်က ဓာတုပစ္စည်းတွေ ထွက်အောင်လှုံ့ဆော်ပေးနိုင်တယ်။ စိတ်ဖိစီးမှုတွေကို လျော့ကျစေတယ်။ နိုင်လိုမင်းထက် ဆုံးဖြတ်ချက်တွေကို ပြန်လည်သုံးသပ်တတ်တဲ့ ဆင်ခြေတုံတရားကို ပေးစွမ်းပြီး အကောင်းမြင်စိတ်၊ သိမ်မွေ့စိတ်ဘက်ကို ဆွဲခေါ်ပေးနိုင်တယ်.."

နောက်ပြီး သူ့ရနံ့ထဲမှာပါတဲ့ ဓီနောက ဦးနှောက်မှာအက်စီတိုင်ကိုလင်း ပြိုကွဲမှုကို တားဆီးပေးတာကြောင့် ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



စိတ်၊ ယုတ်ညံ့စိတ်တွေ မှေးမှိန်လာပြီး မှတ်ဉာဏ်စွမ်းအားနဲ့ အတွေးအခေါ်တွေကို အကောင်းဘက်ဆွဲခေါ်ပေးနိုင်တယ်''

ဆိုက်ချို အတင့်ရဲစွာပင် ပန်းနုရောင်ပန်းပွင့်ကလေးကို ဆတ်ကနဲ ဆွဲယူမိလိုက်သည်။

''ကဲ…ဒီတော့ မင်းလုပ်ရမှာက သူ့ရဲ့ အတွင်းလူတစ်ယောက်ကို ပိုင်အောင်ပေါင်းပြီး သူအိပ်စက်မယ့် ခုတင်နဲ့ နီးကပ်တဲ့နေရာတစ်ခုမှာ ဒီပန်းပွင့်ကလေးကို အလှအိုးထိုးခိုင်းလိုက်ပါ။ မနက် မိုးလင်းရင် အဲဒီလူရဲ့ ထူးခြားတဲ့ တုန့်ပြန်မှုတွေကို မင်း တွေ့ရပါလိမ့်မယ်..''

''ကျေးဇူးတင်လိုက်တာရှင်…''

''မောပြီကွယ်…ငါ ခရီးဆက်ရဦးမယ်..။ နေမဝင်ခင် ယောမိတောင်တန်းတွေထဲက ဂူတစ်ဂူကို သွားဖို့ ငါဆုံးဖြတ်ထားတယ်။ ကလေးမ ..ကံကောင်းပါစေ..''

''အို…နေပါဦး..အဘွား…''

ဆိုက်ချိုက အဘွားအိုကို ဉာဏ်ပူဇော်ခပေးလေတော့ နည်းတယ်များတယ် မှတ်ချက်မပြုဘဲ ကျေနပ်စွာလက်ခံရင်း ထရောင်မြက်ခင်းပြင်ကျယ်ကနေ ထွက်ခွာသွားလေတော့သည်။

''နေပါဦး…အဘွား…နေပါဦး..''

ဆိုက်ချိုမှာ အဘွားအိုနှင့် ဆက်လက်စကားပြောလိုစိတ်ရှိသေးသော်လည်း ယောမိတောင်တန်းတွေဆီသွားဖို့ စိတ်လောနေတဲ့ အဘွားကို ငဲ့ကွက်ပြီး သူမ အသိချင်ဆုံး မေးခွန်းတစ်ခုကိုသာ မေးလိုက်မိလေသည်။



''ဒီပန်းကလေး နာမည်က ဘယ်လိုခေါ်လဲဟင်..အဘွား…''

''နတ်ဝှက်ပန်း…''

♻ ♻ ♻

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၂၆ )

ထရေဂင်မြက်ခင်းပြင်မှ ပြန်ရောက်လာပြီးကတည်းက ဆိုက်ချိ အခန်းအောင်းပြီး စဉ်းစားနေမိသည်။

ဂျစ်ပစီအဘွားအိုမှာ အလွန်အပြောအဟောကောင်းခဲ့သည်ဆိုတာတော့ လုံးဝငြင်းမရ။ သူနဲ့ စကားပြောနေစဉ်အတွင်းမှာပင် အရဲစွန့်ပြီး မိုလ်ချုပ်ဟိုက်ဒင်ရဲ့ နှာဝကို နတ်ဝှက်ပန်းကလေး ထိုးပေးချင်စိတ်များ တဖွားဖွားပေါက်လာသည်အထိ သူမ တက်ကြွနေမိသည်။

သို့သော် ထရေဂင်မြက်ခင်းပြင်က ပြန်လာတော့ သူမစိတ်တွေ တမျိုးတဖုံပြောင်းလဲသွေးအေးသွားပြန်သည်။

လူ့စိတ်ဆိုတာ ဗီဇတွေ မျိုးရိုးတွေ ဟော်မုန်းတွေက တစ်ဆင့် အခြေခံပြီး ဆင်းသက်လာကြတာ မဟုတ်လား··။ ဒီပန်းကလေးတစ်ပွင့်ကပဲ လူတစ်ယောက်ရဲ့ ဘဝကို လုံးဝပြောင်းလဲ ပေးနိုင်တော့မတဲ့လား···။ ဒါကို ယုံကြည်ရမှာလား··



သူမ စဉ်းစားနေစဉ်ပင် ညှော့ခန်းထဲက ရုပ်မြင်သံကြားစက်ကလည်း မြွေဆိပ်ဖြေဆေးတစ်မျိုးကို ဖော်ထုတ်နိုင်ပြီဖြစ်ကြောင်း၊ ယခု မြွေဆိပ်ဖြေဆေးမှာ ယခင်ကလို မြင်းရဲ့အင်္ဂါအစိတ်အပိုင်းများနှင့် ထည့်သွင်းဖော်စပ်ထားခြင်းမျိုးမဟုတ်ဘဲ၊ ခွေးလယားသီးအစေ့မှ ဓာတ်တစ်မျိုးနှင့်ဖော်စပ်ထုတ်လုပ်ထားသည်မို့ တောရိုင်းတိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေး ဥပဒေနှင့်လည်း ညီညွတ်ကြောင်း သတင်းများ ထုတ်လွှင့်လျက်ရှိချေသည်။

ဆိုက်ချိ နှတ်ခမ်းကလေး ကိုက်ရင်း စဉ်းစားနေမိသည်။

ကြည့်စမ်း···။ ငါ့ဘာလို့ ပန်းပွင့်တွေကို အထင်သေးမိပါလိမ့်···။ ဟိုးအေးမြတဲ့ တောင်ပေါ်တွေမှာဆို အပင်ကလေးဖြစ်သွားလိုက်၊ အကောင်ပလောင်ကလေးဖြစ်သွားလိုက်နဲ့ အရမ်းထူးဆန်းတဲ့ ရှီးပဒီး အပင်တွေရှိကြောင်း၊ ငါဖတ်ခဲ့ဖူးတာပဲ။

အို···ဟုတ်ပါရဲ့···။ ဘိန်းပန်းတွေဟာလည်း လူတွေကို ယစ်မူးစရာတွေ မပေးစွမ်းနိုင်ဘူးလား···။ အရူးပန်းတွေကရော လူတွေကို မရူးသွပ်စေနိုင်ဘူးလား။

ပန်းပွင့်ကလေးတွေဟာ လူသားတွေကို မလွှမ်းမိုးနိုင်ဘူးဆိုတာ သေချာရဲ့လား။ ငါဘာလို့ အတွေးခေါင်နေမှာလဲ··။

အိုင်ယာလန်နိုင်ငံရဲ့ နိုင်ငံတော်ပန်းကလေးထဲက စတုတ္ထမြောက် အရွက်ကလေးဖြစ်တဲ့ Luck ဆိုတဲ့ ကံကောင်းခြင်းဟာ ငါ ကိုယ်တိုင်ရှေ့ရမယ် အရွေ့တစ်ခုလို့ ချက်သူဟော

www.burmeseclassic.com

www.burmeseclassic.com



ကိန်း ထုတ်ခဲ့သေးတာပဲ။

ဒီနတ်ဝုက်ပန်းကို အချိန်မနှောင်းခင် ထေလိုဒန်ကို ပေးရမယ်။ ငါညွှန်ကြားတဲ့အတိုင်း တသွေမတိမ်းလိုက်နာဖို့ ထေလိုဒန်ကို စည်းရုံးရမှာက ငါ့ရဲ့အပြောအဟော အတတ်ပညာနဲ့ ဆိုင်တယ်…

ဒါ…ဘာခက်လို့လဲ…သူ့အဖေရဲ့ အိပ်ခန်းထဲမှာ သူ့သားက ပန်းကလေးတစ်ပွင့် အလှအိုးသွားထိုးတာ ဘာမဖြစ်နိုင်စရာရှိလို့လဲ‥။

ဟုတ်တယ်…ငါ အချိန်ဆွဲနေလို့ မဖြစ်ဘူး‥။ မနက်ဖြန်ဆို တနင်္ဂနွေနေ့ရောက်ပြီ။

ဒီည ဆယ့်နှစ်နာရီမှာ ဒီနတ်ဝုက်ပန်းရဲ့ ရနံ့ကို ဗိုလ်ချုပ် ဟိုက်ဒင် ရှူရှိုက်မိဖို့ သိပ်အရေးကြီးတယ်။

ငါ့ရဲ့ စမ်းသပ်ချက်ဟာ အမြတ်မထွက်ရင်တောင် အရှုံးမရှိပါဘူး။ ငါမှန်းထားသလို ဖြစ်မလာတော့လည်း ဒီဆိုးကျိုးကိုတို့ တမျိုးသားလုံး စု 'ခံ'ကြရုံပေါ့။

ဒါပေမယ့် ငါ တတ်နိုင်သလောက် ကြိုးစားကြည့်မယ်‥။

တတ်စွမ်းသလောက် ကြိုးစားမယ်‥။

"အိုကေ…"

သူမ လက်ချောင်းများက ထေလိုဒန်ရဲ့ ဖုန်းနံပါတ်ကို ရဲဝံ့စွာ နှိပ်လိုက်မိလေတော့သည်။

♻ ♻ ♻

# အခန်း ( ၂၅ )

မနက်စောစောကတည်းက သူမနိုးနေပြီး၊ အရှေ့အရပ်မှ ပြူထွက်လာတဲ့ နေရောင်နုနုကို ခံစားရင်း ခြံထဲဆင်း၍ ခုံပေါ် ထိုင်နေမိသည်။

ပူနွေးတဲ့ နွေဦးရာသီမို့ ခြံထဲမှာ ပန်းအတော်များများလည်း ပွင့်ဖူးလျက် ရှိချေသည်။

စိတ်တွေ ပင်ပန်းနွမ်းနယ်ရလွန်းလို့ ရေဒီယိုလည်း ဖွင့်နားမထောင်ချင်။ အင်တာနက်သတင်းတွေလည်း ဖတ်ရှုချင်စိတ်မရှိ။

ဆက်သွယ်မှုဧရိယာရဲ့ ပြင်ပကို ကျေကျေနပ်နပ်ရောက်ရှိနေရင်း ကမ္ဘာဦးလူသားတစ်ယောက်လို ရိုးရှင်းစွာနှင့် ဝင် အချိန်တစ်ခုကို စောင့်ဆိုင်းနေမိတော့သည်။

အချိန်တစ်ခုကို စောင့်ဆိုင်းရင်း သူမ အကဲခတ်နေမိသည်ကတော့ သူမဖေဖေကိုပါ။ ဖေဖေ မနက်စာစားနေသည်။ ပျော်ရွှင်ဝမ်းမြောက်ခြင်း၊ ပူဆွေးဝမ်းနည်းခြင်း အရိပ်အယောင်

www.burmeseclassic.com

www.burmeseclassic.com



တွေ ဖေဖေ့မျက်နှာမှာ မတွေ့ရတော့တာလည်း ကြာပြီ…

ကဲ…တို့ သွေးချင်းတွေရှိတဲ့ မြို့ကလေးရေ…။

မင်းအတွက် အဆုံးအဖြတ်တစ်ခုကို သိပ်မကြာခင် ကျွန်မ ဖေဖေချမှတ်ပေးတော့မယ်…။

သုတေသန သိပ္ပံဌာနချုပ်ကို သွားဖို့ ပါမောက္ခကြီး စီးတဲ့ကားကို မောင်းပေးရတဲ့ စစ်တပ်ဘက်က အရာခံစစ်သည် တစ်ယောက်ဟာလည်း၊ လေတချွန်ချွန်နဲ့ပင် အချိန်ရသ လောက်ကားကို သန့်ရှင်းရေးလုပ်ပေးနေတာ တွေ့ရသည်။

ထေလိုဒန်…။

ရှင်မနေ့ညနေက ကျွန်မဖုန်းဆက်ပြီး မှာကြားခဲ့တဲ့အ တိုင်း ဆောင်ရွက်နိုင်ခဲ့ရဲ့လား။ ဂျစ်ပစီအဘွားကြီးနဲ့ သူမပေးခဲ့ တဲ့ ပန်းပွင့်ကလေးအကြောင်းကို ပြောတော့၊ ပီကေကို ပူဖောင်း လို တစ်ဖောက်ဖောက် မှုတ်ရင်း သိပ် မထူးဆန်းသလိုတော့ နားထောင်ခဲ့သည်။

သူကြည့်ရတာ နတ်ဝှက်ပန်းရဲ့ အစွမ်းကိုတော့ သိပ်ယုံ ကြည်မှု ရှိတဲ့ပုံတော့မပေါ်…။

"ဒီလို အဘွားကြီးတွေ လမ်းမှာ မကြာခဏဆိုသလို တွေ့ဖူးပါတယ်။ ငါ့အထင် ပြောရရင်တော့ မင်းနဲ့ဖိုင်းကို ရှ ညွှစ်သွားတာပဲ ဖြစ်ပါလိမ့်မယ်…"

"အာ..အဲလို…မဟုတ်ဘူး။ သူက ကျွန်မတို့ကို မြင် တာနဲ့ ကျွန်မတို့ မျက်နှာတွေကို သေသေချာချာဖတ်ပြီး အတိ အကျကို ဟောကိန်းထုတ်တာ ထေလိုဒန်ရဲ့.."



"အင်းပါ…။ ဘာပဲဖြစ်ဖြစ်…။ မင်းခိုင်းတဲ့အလုပ် က ငါ့အတွက်တော့ အသေးအမွှားပါ…။ ပန်းပွင့်ကိုလာယူ မယ်လေ…။ အဖေ့အခန်းကို သန့်ရှင်းရေးလုပ်ရတဲ့ အိမ်ဖော်အ ဒေါ်ကြီးတစ်ယောက်ကို အလှအိုးထိုးဖို့ ငါပြောလိုက်ပါ့မယ်"

"ရှင် အဖေက..ငါ့ အခန်းထဲ ပန်းလာမထိုးနဲ့… ပြန်ယူသွား ဆိုရင်ကော"

"ဒီလိုတော့ ပြောမယ် မထင်ပါဘူး။ ဘာလို့လဲဆို တော့ အရင်ကတည်းက သူ့စာကြည့်စားပွဲတို့၊ အိပ်ယာဘေးက ခုံပုကလေးတွေမှာ ပန်းအလှအိုးတွေ တင်နေကြဖို့ပါ…"

"အို…ကြားရတာ ကျွန်မစိတ်တွေတောင် တက်ကြွ လာမိပြီ..။ ဒီကိစ္စကို ရှင်လုံးဝ တာဝန်ယူပေးပါနော်..။ ထေလိုဒန် နောက်ဆုံး ညဥ့်ဆယ့်နာရီလောက်ဖြစ်ဖြစ် ရှင့်အဖေအခန်းကို သွားကြည့်ပြီး ပန်းကလေးရှင့်အဖေ အနီးတဝိုက်မှာ ရှိသေးလားဆိုတာ ချက်ကင်လုပ်ပေးပါ…"

"ဟား…ဟား…ဟား…ကိုယ့်အဖေအကြောင်း ကိုယ်သိပါတယ် ဆိုက်ချိရယ်။ သူ့ဟာသူ အလှအိုးထိုးထားတဲ့ ပန်းတော့ရန်မရှာပါဘူး..။ ကိုယ်တစ်ခုပဲ စိုးရိမ်နေတာက အဲဒီ ပန်းဟာ ဆိုက်ချိပြောသလို တကယ်အစွမ်းထက်ပါ့မလား..။ နောက်ပြီး ပန်းတစ်ပွင့်ရဲ့ရနံ့ကြောင့် လူတစ်ယောက်ဟာ သူ့ ဆုံးဖြတ်ချက်အများကို တကယ်ပြင်ပါ့မလား ဆိုတာပဲ"

မနေ့ညက ထေလိုဒန် ပန်းပွင့်ကလေး လာယူသွား သည်။ ဗိုလ်ချုပ်တစ်ယောက်ရဲ့ အိပ်ခန်းထဲကို သွားတော့မယ့်

www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့်ကလေးကို သူမနောက်ဆုံးအကြိမ် ကြည့်ရှုပြီး ဘုရားမှာ ဆုတောင်းပေးလိုက်သည်။

မနေ့ည တစ်ညလုံး ဗိုလ်ချုပ်ဟိုက်ဒင်အိမ်မှာ ဘာတွေဖြစ်ခဲ့သလဲ။ ဘယ်လိုတွေ ထူးခြားခဲ့တာလဲ ဆိုတာတော့ သူမ မသိ။

ထေလိုဒန်ကို မနက်စောစော ဖုန်းခေါ်ဖို့ကျတော့လည်း အားနာနေမိပြန်သည်။

ဟင်း…။ နေက တဖြည်းဖြည်း မြင့်တက်လာပြီ…။

သိပ်မကြာခင် သူမ ဖေဖေ ရုံးသွားတော့မည်။ အိပ်ငိုက်နေတဲ့ နာဆိုးကို လှုပ်နှိုးပြီး မရဏာစောင်းတီးခတ်ဖို့ တိုက်တွန်းတော့မည်။

အို…ချစ်ရတဲ့ ကမ္ဘာမြေရယ်…။ ချစ်ရတဲ့ ရေ၊ မြေလေထုရယ်။ ကျည်ဆံတစ်တောင့်ကမှ လူတွေကို သေစေတာ မဟုတ်ပါဘူး။ ရာသီဥတုကိုတောင် သေနတ်ထဲ ထည့်ပစ်နေကြတဲ့ ခေတ်ကျမှ တို့လူလာဖြစ်ကြရတယ်။ ကံဆိုးလွန်းပါတယ် ကွယ်။

ဟော…။ ဟိုမှာ…ဖေဖေထွက်လာပြီ…။

သူမကို တချက်ပြုံးပြရင်း စီးနေကျ ကားဆီ သွားနေပြီ…။

ဘယ်မှာလဲ…။ ထူးခြားမှု…။ ထူးခြားမှုက ဘယ်မှာ လဲ..။

ကျွန်မတို့ကို နောက်သွားတာလား ဂျစ်ပစီအဘွားအို



ရယ်…။

ဝမ်းနည်းစိတ်ကြောင့် သူမပါးပြင်မှာ မျက်ရည်စတချို့နှင့် ပူနွေးသွားရစဉ်…။

“… … … … ”

ဖုန်းခေါ်သံ တစ်ခု…။

အို…ဟုတ်ပါရဲ့…ဧည့်ခန်းထဲက ဖုန်းခေါ်သံ…။

ဒီအချိန် ဘယ်သူ့ဆီက ဖြစ်မလဲ..။ ဖိုင်း ဆီကပဲဖြစ်ဖြစ်၊ ဖေဖေ့သူငယ်ချင်း ဆီကပဲဖြစ်ဖြစ် ဆိုရင်တော့ ဖုန်းကိုင်ရင်း သူမ ပစ်လဲကျသွားမှာ သေချာသည်။

“ဂျိတ်…”

ဖုန်းခေါ်သံက အဆက်မပြတ်…။

ဖေဖေကတော့ ကားတံခါးပိတ်လိုက်လေပြီ..။ ကားက ညင်သာစွာ ဘီးစလိမ့်လေပြီ…။

သူမကတော့ တုန်ရီလှိုက်မောစွာဖြင့် ဧည့်ခန်းထဲက တယ်လီဖုန်းရှိရာဆီ အပြေးတပိုင်း သွားရောက်လိုက်ပြီး..။

“အမိန့်ရှိပါရှင်..”

“ဆရာကြီး ရှိလား…”

ဟင်…။

အနည်းငယ် စိမ်းနေလေတဲ့ ယောကျ်ားကြီးတစ်ဦးရဲ့ လေသံ..။

“ဟုတ်…ဘယ်သူ..ဘယ်သူလို့ ပြောပေးရမလဲ ရှင်..”

www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ချုပ်ဟိုက်ဒင်ပါ..."

အို....။

"ဖေဖေ.. ... ... ... ..."



ဖာရာထေးရာ ပရမ္မ ဆိုပေမယ့်
ကုံကော်တွေ ဝါနေကြဆဲ...

သိမ်မွေ့တဲ့သမိုင်းကို ရေးခဲ့ကြလို့
သူ့ရဲကောင်းတိုင်း မကျော်ကြားကြတာ ဖြစ်လိမ့်မယ်..

လွယ်လွယ်နဲ့ ကြွေတာဆိုလို့
စပယ်နဲ့ခရေပန်းပဲရှိတယ်..
ဒါ့ကြောင့်
တောင်တန်းတွေကို လိုက်လိုက် မကောက်ပါနဲ့..။

သူတို့သိနေတဲ့ ကြိုးတွေထဲ
မြစ်ချောင်းတစ်ချောင်း ပါသွားတိုင်း
ငါတို့ ရင်ထဲ
ဆစ်ကနဲ နာကျင်ကြရတယ်

ကောက်ရိုးတမျှင်ကို
ဓားမြှောင်တစ်လက်လို
မြည့်နေအောင် သွေးနိုင်တဲ့တစ်နေ့ကျမှ
ဖြစ်ခဲ့သမျှ
သင်ပုန်းချေကြတာပေါ့...

အဲဒီည
ကောင်းကင်မှာ နက္ခတ်စုံစေရမယ်...။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၀ )

ထရေဂင် မြက်ခင်းပြင်ကတော့ အရင်အတိုင်းပါပဲ။

သီချင်းဆိုသူ၊ ဂစ်တာတီးသူ၊ ကဗျာရွတ်သူ၊ ပုံပြောသူ စကိတ်စီးသူတို့နဲ့ ပြည့်နှက်နေသလို၊ မိုးမခပင်တစ်ပင်အောက်က ခုံတန်းလျားရှည်ကလေးမှာလည်း လူငယ်လေးငါးယောက် အုပ်စုဖွဲ့ စကားပြောလျက် ရှိချေသည်။

"အရမ်းကို ထူးဆန်းတာကွ။ ငါတော့ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က မီးတောင်တကယ်ပေါက်ပြီလို့ကို ထင်လိုက်တာ။ မီးတောင်က မှုတ်ထုတ်လိုက်တဲ့ ပြာမှုန်တွေ ဓာတ်ငွေ့တွေဆိုတာ အမြင့်ပေ ခြောက်ထောင်ကျော်အထိကို ရောက်နှင့်ပြီးပြီလေ။

"မင်းက ဘယ်လို တိုင်းလိုက်တာလဲ"

"ပညာရှင်တွေ ပြောတာကို ကိုးကားတာ.."

ဘားနော့နဲ့မောလို ဟန်ချက်ညီညီ ပြောဆိုနေတာကို ဇိုင်း၊ ဆိုက်ချီနဲ့ ထေလိုဒန်တို့ နားထောင်ရင်းရယ်မောလိုက်ကြ



သည်။

ဒီအကြောင်း ဒီအကောင်တွေ ပြောနေတာ အပ်ကြောင်းထပ်နေပြီ။ အခုလည်း ဒါကိုပဲ အစကနေ ပြန်ပြောနေကြပြန်သည်။

သြော်…တစ်မြေထဲနေ၊ တစ်ရေတည်းသောက် သွေးချင်းညီအစ်ကို မောင်နှမတွေပဲလေ..။ သူ့ အပျော်ဟာလည်း ကိုယ့်အပျော်၊ သူ့ပီတိကလည်း ကိုယ့်ပီတိပဲ မဟုတ်လား။

ပြောစမ်းပါစေ..။ ဒိုင်ခံ နားထောင်ကြရုံပေါ့။

"နေ့လယ်လောက်ကျတော့ ကောင်းကင်တစ်ခုလုံး အုံ့ဆိုင်းနေတဲ့ မီးခိုးလုံးကြီးတွေ တဖြည်းဖြည်းပါးလာတယ်။ တို့မြို့သားတွေဆိုတာ အရမ်းကို အံ့သြသွားကြတာ။ ဘုရားမှာ ဝတ်ပြုဆုတောင်းကြတဲ့ ဝတ်အသင်းအဖွဲ့တွေဆိုတာလည်း ပြောမနေပါနဲ့တော့..။ သူတို့ ရွတ်ဖတ်ပေးလို့ မြို့ကြီးအန္တရာယ်ကြားကနေ လွတ်မြောက်ပြီဆိုပြီး ဝမ်းသာလွန်းလို့ ငိုတောင်ငိုကြတယ်"

"သြော်…"

ဆိုက်ချီပင် ဝမ်းသာလွန်း၍ ကျချင်နေသည့် မျက်ရည်ကို မနည်းထိန်းနေရသည်။

"အဲဒီတစ်ညလုံးတို့ မြို့ကကောင်တွေ စိတ်လှုပ်ရှားပြီး ဘယ်သူမှ မအိပ်နိုင်ကြဘူး။ နောက်တစ်နေ့ မနက်လည်းရောက်ရော မီးတောင်စောင့်ကြည့် အကဲဖြတ်ရေး အဖွဲ့က မီးတောင်ပေါက်ကွဲမှုဖြစ်စဉ် လုံးဝမရှိတော့ဘူးလို့လည်း ကြေငြာလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရောက္ခာ…အို…။ ပျော်လိုက်ကြတာ အရမ်းပဲ။ တစ်မြို့လုံးက လူတွေ အိမ်ထဲကနေ လမ်းပေါ်ထွက်ပြီး ကကြခုန်ကြတာ။ တို့မြို့မှာ ပျော်စရာ ကောင်းတဲ့ပွဲတော်တွေ အများကြီးရှိပါတယ်။ ဒါပေမယ့် အဲဒီနေ့က အပျော်ကို စံချိန်ချိုးနိုင်လောက်တဲ့ အပျော်မျိုး မရှိခဲ့ဖူးဘူး…"

"ဒါပေါ့…ဒါပေါ့…"

"နောက်ထပ်ဝမ်းသာစရာတစ်ခုက ပဋိပက္ခဖြစ်နေတဲ့နေရာကို သမ္မတအမိန့်နဲ့ ခေတ်ဌေ့တူးဖော်မှုလုပ်ငန်းတွေ နှစ်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ပြီတဲ့ကွ…"

"ဒါဆို မင်းတို့ မြေယာတွေ အသိမ်းမခံရတော့ဘူးပေါ့…"

"ဒါပေါ့…ကဲ…ကြည့်စမ်း…။ အဆိုးဆုံးကို ထားတွက်တာတောင် အကောင်းဘက် ရောက်လာတယ်။ ဘယ်လောက်အံ့ဩစရာကောင်းလိုက်သလဲ…။ ကံကြမ္မာဟာ အရမ်းထူးဆန်းလွန်းတယ်နော်…"

ကံကြမ္မာ…။

ဆိုက်ချီ မျက်လုံးထဲမှာတော့ ပြီးခဲ့တဲ့ စနေနေ့ နေ့လယ်က ထရောင်မြက်ခင်းပြင်ကို ရောက်ရှိလာလေတဲ့ ဂျစ်ပစီအဘွားအိုကို ပြေးမြင်ယောင်လိုက်မိလေတော့သည်။

ဘားနော့စကားကြောင့် မောလိုက မျက်ခုံးတစ်ချက်တွန့်လိုက်ပြီး…။

"ငါတော့ ကံကြမ္မာတစ်ခုတည်းလို့ မထင်ဘူးကွ…။



ဒီကိစ္စမှာ ငါတို့နှစ်ယောက် ဘုရားသွားနေတုန်း ဇိုင်းနဲ့ဆိုက်ချီ ဆီရောက်လာခဲ့တဲ့ ဂျစ်ပစီအဘွားအို ပေးခဲ့တဲ့ ပန်းကလေးနဲ့များ ပတ်သက်မနေနိုင်ဘူးလား…"

"အေး…ဇိုင်းရယ်၊ ဆိုက်ချီရယ် ထေလိုဒန်ကို ငါနဲ့မောလို အရမ်းကို ကျေးဇူးတင်တယ်ကွာ…။ သူများအပူ၊ ကိုယ့်အပူ၊ သူများဒုက္ခ ကိုယ့်ဒုက္ခလို ခံစားရင်း ဝိုင်းဝန်းဖြေရှင်းပေးသွားခဲ့ကြတာ…။ မီးတောင်က ပေါက်ကွဲလုဆဲဆဲမှာတင် ပြန်ငြိမ်ကျသွားတဲ့ ကိစ္စက အရမ်းတော့ ထူးဆန်းလွန်းတယ်ကွ…။ မှုလသဘာဝအရကြောင့်လား၊ လူ့ပယောဂကြောင့်လား၊ မင်းတို့ သုံးယောက် နောက်ကွယ်ကနေ ဂမ္ဘီရအစီအရင်တစ်ခု လုပ်ပေးလိုက်တဲ့ အတွက်ကြောင့်လား…တစ်ခုခုတော့ တစ်ခုခုပဲ"

ဘားနော့စကားကြောင့် ထေလိုဒန်မှာ ဟက်ဟက်ပက်ပက်ရယ်လိုက်ရင်း…။

"ငါတော့ အခုအချိန်အထိ ပဟေဠိတစ်ခုလို ဖြစ်နေတုန်းပဲ…။ ဒီ The Bulge ကို အခြေခံပြီး မီးတောင်အတုကြီး မပေါက်ကွဲမိစေဖို့ ငါတို့လို မလောက်လေး မလောက်စားလူငယ်လေးတွေ ဘယ်လောက်အထိများ စွန့်စားကာကွယ်ရမလဲဆိုတာ ခေါင်းတောက်အောင် စဉ်းစားနေတုန်း ဆိုက်ချီဆီက ဖုန်းဝင်လာတယ်။ ငါ့ အဖေရဲ့ အိပ်ခန်းထဲမှာ ပန်းတစ်ပွင့် အလှထိုးပေးပါတဲ့။ ဒီ ပန်းတစ်ပွင့်က ဒီမီးတောင်ကြီးကို မပေါက်ကွဲဖို့ တကယ် ဟန့်တားပေးနိုင်စွမ်းရှိမလား…။ ငါ စဉ်းစားရင်း ရယ်လည်းရယ်ချင်မိတာပေါ့…။

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ဆိုက်ချိ ကျေနပ်သွားအောင်သာ အဖေ့ခုတင်ဘေးက စားပွဲပုကလေးမှာ အဲဒီပန်းကလေး အလှအိုးထိုးပေးခဲ့တာ..။ ငါ့ရင်ထဲမှာ ဒီပန်းနဲ့ပတ်သက်ပြီး ဘာခံစားချက်မှ မရှိပါဘူး။ အဲ...မနက်မိုးလင်းတော့ အဖေ အရမ်းအလုပ်ရှုပ်နေတာကို တွေ့ရတယ်..''

''ဟုတ်လား..။ ဘယ်လိုတွေ အလုပ်ရှုပ်နေတာလဲ ပြောစမ်းပါဦး''

''ဘုရားခန်းထဲမှာ တော်တော်ကြာတယ်ကွ ဝတ်ပြုဆုတောင်းနေတာ။ ပြီးတော့ စစ်ရုံးတွေကို ဖုန်းဆက်တယ်။ ဗိုလ်ချုပ်ကြီးတွေဆီကိုလည်း ဖုန်းဆက်တယ်။ ငါလည်း အဝေးကနေပဲ မယောင်မလည်နဲ့ ခိုးနားထောင်နေရတာဆိုတော့ ဘာတွေပြောသလဲဆိုတာ သဲသဲကွဲကွဲမကြားရဘူး။ ဒါနဲ့ ထူးတော့ ထူးခြားနေပြီဆိုပြီး ဆိုက်ချိဆီ ဖုန်းဆက်မလို့ လုပ်တုန်း ငါ့အဖေက ပါမောက္ခကြီးဆီ လှမ်းဖုန်းဆက်တော့တာပဲ..။ ဒီမိတောင်ပေါက်ကွဲမှုဖြစ်စဉ်ကို လူသားချင်း စာနာထောက်ထားမှုရှိစွာနဲ့ လုံးဝနောက်ဆုတ်ပေးလိုက်ပါ...တဲ့...''

''wow !!!''

သူတို့ ငါးယောက် တကယ်ကို ပျော်နေကြသည်။ ကိုယ်နဲ့ မထိုက်တန်လှတဲ့၊ အလွန်တရာကြီးကျယ်လှတဲ့ လုပ်ငန်းကြီးတစ်ခုကို အောင်အောင်မြင်မြင် ဆောင်ရွက်ခဲ့နိုင်သူတွေလို ပျော်ရွှင်လျက် ရှိချေသည်။

ဘားနော့၊ မောလိုနဲ့ ထေလိုဒန်တို့က လက်သီးများဆုပ်ကာ တစ်ယောက်လက်သီးနဲ့တစ်ယောက် ထိပ်ခြင်း ထိတွေ့လိုက်ကြချိန်မှာပဲ....



''ဟာ..ဟာ..ဟေး..ဟေး...''

''လူရှေ့ သူရှေ့ကြီးနော်...''

''ဟိတ်ကောင်..မကဲနဲ့...ခုချက်ချင်း..ရပ်..''

ဘယ်ရပ်လိမ့်မလဲ...။

ချစ်သူကို နမ်းတာပဲ...။ ရပ်စရာလား...။

ခု(တ်)နတ်မင်းကြီး ဆင်းတားတောင် ရပ်စရာလား...။

♻ ♻ ♻

www.burmeseclassic.com

www.burmeseclassic.com

## အချစ်ရို ( ၁ )

တကယ်တော့ ပြီးခဲ့တဲ့ စနေနေ့ နေ့လယ်က ထရောင် မြက်ခင်းပြင်ကို ရောက်လာတဲ့ ဂျစ်ပစီအသွားအိုဆိုသည် နိုင်းရဲ့ လုပ်ကြံဇာတ်လမ်းတစ်ခုသာ ဖြစ်လေသည်။

ဒီအကြောင်းကို ပြောရမှာ အနည်းငယ်တော့ ရှည်လျား သည်။

အဲဒီနေ့ (စနေနေ့) မတိုင်ခင် ကျောင်းဖွင့်ရက်တစ်ရက် က ဆိုက်ချီပြောပြ၍ လာမယ့်တနင်္ဂနွေနေ့ ဘားနော့တို့ ဇာတိ မှာ သိပ္ပံမီးတောင်တု ပေါက်ကွဲတော့မည်ဖြစ်ကြောင်း သတင်း နဲ့ ပတ်သက်ပြီး ထိုကိစ္စကို ကာကွယ်ဖို့ သူ မျိုးစုံအကြံထုတ် သေးသည်။

သို့သော်...လိုက်မမီခဲ့...ဉာဏ်မမီခဲ့...။

ထိုနေ့က ကန့်တင်းကအပြန် အချက်လေးရှက်ဆိုင် ယာလန့်နိုင်ငံတော်ပန်းကလေး အမှတ်မထင် တွေ့ရှိရင်း အ သတ်မှာ မိမိတို့ ကံကောင်းရလိမ့်မယ်ဟု မျှော်လင့်



နတ်သမီးလေး 'ကီ'ကို သူ ဖျတ်ကနဲ သတိရသွားလိုက်သေး သည်။

စိတ်ချင်း ဆက်သွယ်တယ်လို့ပဲ ဆိုရမလား...။

ရက်အနည်းငယ်ကြာတော့ ပန်းကလေးတစ်ပွင့်ကို ဝင်ပူးပြီး သူ့အနား ကီရောက်လာတာမို့ သူ စိတ်ညစ်နေတဲ့အ ကြောင်းတွေ ကီ ကို ရင်ဖွင့်မိပြန်သည်။

"ရှင်တို့တွေက အပြစ်သားတွေပဲ..။ ကမ္ဘာဦးကတည်း က အပြစ်တွေ တန်းစီပြီး လုပ်လာကြတာ။ မထူးဆန်းတော့ပါ ဘူး။ ခံကြပေါ့..."

လူသားတွေကို အနည်းငယ် မုန်းတီးရွံ့ရှာနေသူ An-gel လေးဆီမှ ထိုသို့သော စကားမျိုးကလွဲပြီး ဘာမှ မကြားခဲ့ ရ။

ကြာတော့ သူ ဝမ်းနည်းလာမိသည်။

အံတင်းတင်းကြိတ်ထားစဉ် မျက်ရည်တချို့ မျက်လုံး အိမ်ထဲ ဝေ့ဝဲမှုန်သီလာခဲ့ရသည်။

သူ့ရှေ့က တုန်ယင်နေတဲ့ ပန်းပွင့်ကလေး အနည်းငယ် ငြိမ်သက်သွားပြီး၊ သက်ပြင်းရှိုက်သံနဲ့အတူ...။

"ခိုင်းရယ်..ကိုယ်နဲ့ အလှမ်းကွာတဲ့ တစ်နေရာမှာ ဖြစ်ပျက်နေတဲ့ ကိစ္စအတွက် ရှင်တကယ်ပဲ ဒီလောက်တောင် ခံစားရသလား..."

"မင်းပြောသလို ယုတ်မာကောက်ကျစ်တတ်ကြတာ လည်း လူတွေပါပဲ...။ ချစ်ခြင်းတရားကို အပြည့်အဝ ယုံ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး နူးညံ့သိမ်မွေ့တတ်ကြတာလဲ လူတွေပါပဲ ကိုရယ်..”

“ကျွန်မ... ...”

“... ... ...”

“ကျွန်မ ရှင့်ကို အရမ်းကို လေးစားသွားရပြီ ခိုင်းရေ..။ ရှင် မငိုနဲ့တော့နော်..။ ရှင့်ကို ကျွန်မ ဟိုး..အရင်က ပြောခဲ့ဖူးတဲ့ နတ်ဝှက်ပန်းကလေးကို ရှင်မှတ်မိသေးတယ် မဟုတ်လား...။ ရှင့်အတွက် အဲဒီပန်းကလေး ကျွန်မ ယူလာပေးမယ်။ ဒီပန်းကလေးဟာ သိပ်ကို အစွမ်းထက်တယ် ခိုင်း...။ အသုံးပြုပုံက...”

♻ ♻ ♻

# အချစ်စို ( ၂ )

သောကြာနေ့မနက် သူ့အိပ်ယာကနိုးတော့ နှာဝသို့ တိုးဝင်လာတဲ့ သင်းပျံ့ပျံ့မွှေးရနံ့နဲ့အတူ သူ့ခုတင်ဘေးကို ရောက်ရှိလာတဲ့ ပန်းနုရောင် ပန်းကလေး...။

သူ အိပ်မောကျနေတုန်း ‘ကို’ရောက်လာပြီး နတ်ဝှက်ပန်းကလေး ထားပေးသွားခဲ့ဟန်တူတယ်။

ပန်းတစ်ပွင့်အပေါ် ထိုရှုထိုမျှအထိ အယုံအကြည်မရှိသော်လည်း ကောက်ရိုးတစ်မျှင်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ကို အကြံပေးတဲ့အတိုင်း လုပ်ဖို့ကလွဲပြီး တခြားမရှိတော့ချေ။

‘ကို’ကို ကျေးဇူးတင်ကြောင်း ပြောဖို့ အရင်လိုစိတ်ချင်း ဆက်သွယ်ပြီးခေါ်ကြည့်သော်လည်း ‘ကို’ရောက်မလာတော့...။

ထိုအချိန်က မီးတောင်ကိစ္စ ခေါင်းပူနေသဖြင့် ‘ကို’ကို နောက်နေ့ကျမှ ပြန်ဆက်သွယ်ကြည့်တော့မယ်လို့ ဆုံးဖြတ်ရင်း ဒီပန်းကလေး ဗိုလ်ချုပ်ဟိုက်ဒင်အိပ်မယ့် အိပ်ယာနံဘေး

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုရောက်အောင် ပို့ရမလဲ အကြံထုတ်ရပြန်သည်။

ဆိုက်ချိတို့ ထေလိုဒန်တို့ကို ဒီအတိုင်း ဓာတ်စုံခင်းပြီး ပန်းကလေးပေးလိုက်လျှင်၊ Angel လေးကိစ္စ မဖြစ်မနေ ထည့်ပြောရတော့မည်။

'ကိ' ဆိုတဲ့ Angel လေးက ကိုယ့်ကို ခင်ချင်လွန်း၍ မိတ်ဆွေလာဖွဲ့ခဲ့သူ မဟုတ်··။

ထိုအချိန်က လူမိုက်ထေလိုဒန် ဆောင့်တွန်းခဲ့၍ ဟမ်းဖုန်းထဲက ကင်မရာခလုတ်ကို နှိပ်မိသွားကာ ဓာတ်ပုံတစ်ပုံရဲ့ ပုံ ရိုပ်ကတစ်ဆင့် လူနဲ့ Angel လေး လာရောက် ရင်းနှီးသွားကြခြင်း ဖြစ်လေသည်။

ခင်မင်မှုရဲ့ အစမှာကတည်းက ကိသည် သူ့အကြောင်း မည်သူ့ကိုမျှ မပြောမိစေဖို့ ကြပ်ကြပ်သတိပေးခဲ့ပြန်သည်။

ဒါ့ကြောင့် ရပ်ကွက်ထဲမှာ ညနေရောက်ပြီဆိုလျှင် စက်ဘီးတစ်စီးနှင့် ပေါင်မုန့်လိုက်လံရောင်းချရသူ ဆင်းရဲသည့် အဒေါ်ကြီးနှင့် ဓာတ်လမ်းတစ်ခုကို လက်ဝါးချင်းရိုက် ဓာတ်တိုက်ခဲ့ရင်း ပန်းပွင့်ကလေး မိုလ်ချုပ်ဟိုက်ဒင်ဆီရောက်အောင် အဆင့်ဆင့် ပို့ဆောင်ခဲ့ရခြင်း ဖြစ်လေသည်။

✿ ✿ ✿

## အချစ်ဝိုင် ( ၃ )

"ဒီပန်းကလေးကို အသက်ကယ်ဆေးတစ်မျိုးအဖြစ် လောက်ပဲ အားကိုးပါ ဗိုင်း။ သူ့ရဲ့ရန့်က လူတစ်ယောက်အပေါ် ရက်ပေါင်း တစ်ထောင်အထိပဲ အကျိုးသက်ရောက်နိုင်တယ်။ ရက်ပေါင်း တစ်ထောင်ကျော်သွားတာနဲ့ ရန့်ရဲ့အစွမ်း ပျက်သွားပြီး ရန့်ရှူရှိုက်ခဲ့သူဟာလည်း သူ့မူလဗီဇစိတ်ရင်းအတိုင်း ပြန်ဖြစ်သွားမှာပါပဲ··။ အင်းလေ···ဘာပဲဖြစ်ဖြစ် သုံးနှစ်လောက်အထိတော့ ရှင်တို့ အသက်ရှူချောင်ကြမှာပါ··"

'ကိ' နောက်ဆုံး ပြောခဲ့လေတဲ့ စကား···။

နတ်ဝှက်ပန်းကလေး အစွမ်းကြောင့် မိုလ်ချုပ်ဟိုက်ဒင် စိတ်ပြောင်းလဲခဲ့ရသည်လားဆိုတာတော့ သူ ဒီနေ့အထိ အတပ်မပြောနိုင်···။

အတပ်ပြောနိုင်တာဆိုလို့ လူသားတွေအတွက်၊ သူ့အသက်ကို စတေးသွားခဲ့တဲ့ နတ်သမီးလေးရဲ့ ကြေကွဲဖွယ်ရာဓာတ်လမ်းကလေးကို ရက်အနည်းငယ်အကြာမှာတင် သူသိခဲ့ရခြင်း အကြောင်းပင်···

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ပျောက်ချင်းမလှ ပျောက်နေသည့် 'ကိ'ကို ဒီနေ့တော့ ရအောင်ခေါ်မည်ဟု ဆုံးဖြတ်ကာ ကြိမ်ဖန်များစွာ ရေရွတ်မှုအပြီးမှာတင် သူ့ရှေ့က ပန်းပွင့်ကလေးအနည်းငယ် တုန်ယင်လာသဖြင့် သူ ပျော်မိခဲ့သည်။

သို့သော် ပန်းပွင့်ကလေးဆီက စကားသံ ထွက်လာတော့ ကိ အသံမဟုတ်။

''ဝမ်းနည်းပါတယ်။ ကျွန်မ နည်းနည်းအလုပ်တွေ ရှုပ်နေလို့ ရှင်ခေါ်တိုင်း ချက်ချင်း ရောက်မလာနိုင်ခဲ့ဘူး‥။ ကျွန်မက 'ကိ'ရဲ့ မိတ်ဆွေ'ဝေမီ'ပါ။ ရှင့်ကို အကျိုးအကြောင်းရှင်းပြဖို့ ကိက ကျွန်မကို သံတမန်အဖြစ် ထားခဲ့တယ်။

''နေပါဦး…သူက ဘယ်ရောက်နေတာလဲ…''

''ကိဟာ ရှင့်ကို သိပ်ကိုခင်မင်ပါတယ်။ ကျွန်မတို့ Angel လေးတွေဟာ လူသားတွေနဲ့ မိတ်ဖွဲ့မိရင်ကို ဘေးဒုက္ခရောက်ရမယ်ဆိုတာလည်း ကျွန်မတို့ ကျမ်းစာမှာ ဖော်ပြပြီးသားပါ။ ရှင်တို့ လူသားတွေကို နတ်ဝှက်ပန်းကလေး လက်ဆောင်ပေးမိတာနဲ့ ကောင်းကင်တော်က ဒဏ်ခတ်မယ်ဆိုတာ ရှင်သိသိကြီးနဲ့ 'ကိ'ကို နတ်ဝှက်ပန်းကလေး ရှာခိုင်းလိုက်သလို ဖိအားတွေ ပေးခဲ့တယ်။ ရှင်တို့ လူသားတမျိုးနွယ်လုံး တဒင်္ဂလေး ငြိမ်းချမ်းရာရဖို့ 'ကိ'ဟာ သူ့အသက်ကို စတေးသွားရှာတယ်။ 'ကိ' နတ်သက်ကြွေသွားပါပြီရှင်‥''

''ဘာ…''

♻ ♻ ♻

# အချစ်ရို ( ၄ )

မီးတောင်ကိစ္စပြီးဆုံးသွားသည်နှင့် အကျပ်အတည်းအောက်မှ လွတ်မြောက်သွားပြီအထင်နှင့် သူငယ်ချင်းများအားလုံး ပျော်နေကြသည်။

ထိုကိစ္စအတွက် မည်သူ၏ အသက်ကိုစတေးခဲ့ရသည် သူတို့မသိ။

'ကိ'ရဲ့ ဝမ်းနည်းဖွယ်ရာ စွန့်လွှတ်အနစ်နာခံ ကြီးမြတ်မှုကတော့ သူ့ရင်ကို ဖွဲမီးလို တငွေ့ငွေ့ လှိုက်စားလျက်ရှိချေသည်။

အခုဆို တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးလာခဲ့ပြီဖြစ်ရာ ဗိုလ်ချုပ်ဟိုက်ဒင်သော်လည်းကောင်း၊ ပါမောက္ခကြီး အန်နီဒီလန်သော်လည်းကောင်း၊ အငြိမ်းစားများ ယူခဲ့ကြပြီ…

နောက်တက်မယ့် အာဏာရှင်၊ နောက်တက်မယ့် ပညာရှင်တွေ ခေတ်မှာရော နောက်ထပ် ဘာကိစ္စတွေ ထပ်ဖြစ်ကြဦးမှာလဲ‥?

www.burmeseclassic.com

www.burmeseclassic.com



သတင်းတွေကတော့ မျိုးစုံ ပြန့်ကြားနေရပြန်ပြီ…။

နှစ်အတော်ကြာ ငြိမ်ချက်သားကောင်းနေတဲ့ သိပ္ပံသုတေသနဌာနချုပ်ကြီးကို အသစ်တစ်ဖန် ပြန်လည်ဖွဲ့စည်းဖို့ ကော်မတီတွေ ဖွဲ့နေပြီတဲ့။

ဒီတစ်ခါ အုပ်ချုပ်မှုကို ကိုင်တွယ်မယ့် ကာကွယ်ရေးက ဗိုလ်ချုပ်က နိုင်ငံခြားတက္ကသိုလ်တစ်ခုကနေ ပရော်ဖက်ဆာဘွဲ့ကို ရထားပြီး၊ ဗိုလ်ချုပ်ဟိုက်ဒင်ထက် ပိုခေါင်းထက်သတဲ့…။

ဩော်…ချစ်သော ကမ္ဘာမြေရယ်…။

♻ ♻ ♻

# အချမ်းပိုဒ် ( ၅ )

၂၀၁၂၊ ဒီဇင်ဘာ (၂၁)ရက်နေ့သည် ကမ္ဘာမပျက်၍ လူသားများ အသက်ရှူချောင်ခဲ့ရတာတော့ သေချာပါသည်။

ကမ္ဘာပျက်ဟောကိန်းထဲမှ ကျွန်ုပ်တို့ သီသီကလေး လွတ်မြောက်ခဲ့ရသည်။

သို့သော် …ယခုအခါ တချို့အင်တာနက် စာမျက်နှာ၊ တချို့ ကမ္ဘာကျော်ဟောကိန်းများကလည်း ယခုလို ဆိုလာပြန်ကြသည်။

ကမ္ဘာပျက်ကိန်းသည် လုံးဝ ပျောက်ပျက်သွားသည်တော့ မဟုတ်။ ရွှေ့လျားသွားခြင်းသာ ဖြစ်သည်…တဲ့…။

တချို့က ၂၀၁၅…တချို့က ၂၀၃၀…တချို့က ၂၀၆၀… အမျိုးမျိုး ညွှန်းဆိုနေကြပြန်သည်။

ဘာသိနမ်တက္ကသိုလ်ကြီးရဲ့ အနောက်ဘက်က တားမြစ်ဧရိယာ သိပ္ပံသုတေသန ဌာနချုပ်ကြီးရဲ့ ခေါင်းတိုင်တချို့မှာလည်း ကာဗွန်မီးခိုးငွေ့တွေ တအူအူထွက်ပေါ်စ ပြုနေပြန်ပါသည်။

♻ ♻ ♻

www.burmeseclassic.com

www.burmeseclassic.com

## အရူးအချစ်ဝို

သင်သည် ၂၁ရာစု လူသားတစ်ဦးဖြစ်လေသည်…။

သင်နှင့် အနီးတစ်ဝိုက်မှာရှိသော လေပြေလေညှင်းများ၊ တခါတရံ ကျရောက်လာတတ်သော မုန်တိုင်းများ၊ သက်တန့်များ၊ မြူနှင်းများ၊ မီးတောင်ပေါက်ကွဲမှုများ၊ ဆီးနှင်းကျဆင်းမှုများကို သဲသဲယနှင့် စောင့်ကြည့်တတ်ဖို့ လိုပါသည်။

တချို့လူသားများက ခေတ်ကို ရှေ့သို့ တွန်းပို့လိုကြပြီး တချို့လူသားများကတော့ ခေတ်ကို နောက်ပြန်ဆုတ်ချင်ကြဖြန်သည်။

အဲဒီအထဲမှာမှ လူတချို့ကတော့ မာရ်နတ်အပျင်းဖြေတီးခတ်နိုင်ရန် ကြိုးတွေပေါ်မှာ အန္တရာယ်ကို တင်ဆောင်ပြီး မိစ္ဆာစောင်းတစ်လက်ကို အကျအနဖန်တီးနေကြပါသည်။

အဲဒီစောင်းကို မာရ်နတ်လည်း မတီးခတ်မိပါစေနှင့်…။

သင်လည်း စပ်ဆော့ပြီး မတီးခတ် မိပါစေနှင့်…။

သင့် ပတ်ဝန်းကျင်မှ လူများလည်း မတီးခတ် မိပါစေနှင့်…။

ညေး

၁၃.၆.၁၃

www.facebook.com/Nyay Nyay

ညေး/Fan Page

coming soon

အိပ်မက်အသစ်မှထပ်မံတင်ဆက်မည့်
ကလောင်အသစ်

# အဖြင်းခိုက်

၏

လုံးချင်းဝတ္ထုသစ်များ

Run

Genius

စက်ရှုပ်

Three

www.burmeseclassic.com